စိတ်ကူးချိုချိုအနုပညာ



တတိယအကြိမ်

# THE CROSS OF IRON

BY WILLI HEINRICH

# သံမဏိကြက်ခြေ

မောင်ထွန်းသူ

# (၁)

ရုရှားတပ်များ ဆီမှ အဆက်မပြတ် ပစ်ခတ်လျက်ရှိသော အမြောက်ဆန်များ တရစပ်ကျရောက် ပေါက်ကွဲနေစဉ်အတွင်းမှာ ပင် နေသည် တောအုပ်နောက်ကွယ်သို့ လျှောကျငုပ်လျှိုးသွားခဲ့သည် ။ အခြေအနေကတော့ မနေ့ကအတိုင်းပင် ဖြစ်၏။ တမြန်မနေ့က အခြေအနေနှင့်လည်း လုံးဝကွာခြားခြင်းမရှိ။ မနက်ဖြန်ကျတော့လည်း သည် အတိုင်းပင် ရှိနေလိမ့်မည်ဖြစ်သည် ။ နောက်ရက် နောက်ရက်များ တွင် လည်း ထူးထူးခြားခြားပြောင်းလဲသွားစရာ အကြောင်းမရှိ။ တောက်လျှောက် ဤအခြေအနေဤပုံစံအတိုင်းပင် ဖြစ်နေပေတော့မည်။ လူအားလုံးသည် ဘန်ကာကတုတ်ကျင်းအတွင်း၌ ဝိုင်းထိုင်နေကြသည် ။ ရှာနာဘတ်သည် သူ့ဆေးတံအိုးထဲ၌ ဆေးချေးများ ရှိမရှိ စေ့စေ့စပ်စပ် ကြည့်နေသည် ။ တပ်ကြပ်စတိုင်းနားသည် သူ့အင်္ကျီအိတ်ကပ်ကို စမ်း၍ စီးကရက်ရှာလျက်ရှိသည် ။ စူးရှသော တယ်လီဖုန်းသံသည် ဘန်ကာအတွင်းရှိ တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုဖျက်ပစ်လိုက်သည် ။ စတိုင်းနားက တယ်လီဖုန်းကို ကောက်ယူလိုက်၏။ သူသည် တစ်ဖက်မှ စကားကို ခဏမျှသာနားထောင်ပြီး တစ်ခွန်းမျှ ပျစ်ပျစ်နှစ်နှစ်ဆဲကာ လက်ထဲမှ ဖုန်းကို ပုခက်ပေါ်သို့ ဆောင့်ချလိုက်သည် ။ အားလုံးက အလန့်တကြား မော့ကြည့်ကြသည် ။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးဗရပျစ်နှင့် ပိန်ကြုံခွက်ဝင်လျက်ရှိသော သူတို့ မျက်နှာများ သည် ။ စိုးရိမ်ပူပန်မှုကို ဖုံးကွယ်ထားနိုင်စွ

မ်း မရှိ။

"သူ ဘာပြောတာလဲ"

စားပွဲတွင် ထိုင်နေသော ကရူးဂါးက လှမ်းမေးသည် ။ စကိုင်းနားက အဖြေမပေး။ မျက်တွင်းဟောက်ပက်နှင့် ပါးချောင် နားချောင် ကျနေသော သူ့မျက်နှာသည် သာသာယာယာမရှိ။ နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားသဖြင့် ပါးစပ်ထောင့်တစ်ဖက်တစ်ချက်ဆီမှာ ထင်နေသော အရေးအကြောင်းများ သည် သူ့မျက်နှာအား ခက်ထန်မာကျောနေအောင် လုပ်ထားသလို ဖြစ်နေသည် ။

ဘန်ကာတစ်ခုလုံး ပြန်လည်ငြိမ်ဆိတ်သွားသည် ။ စားပွဲပေါ်မှ ဖယောင်းတိုင်နှစ်တိုင် အလင်းရောင်ကြောင့် လူရိပ်မည်းမည်းကြီးများ သည် သစ်သားနံရံများ ပေါ်တွင် ယိမ်းထိုးလှုပ်ရှားနေကြသည် ။ ကရူးဂါးက ချောင်းတစ်ချက်ဟန့်ပြီး ထပ်မေးသည် ။

"သူ ဘာပြောတာလဲ"

"သူက ပြောတယ်။ ဒီစစ်ကြီးဟာ အဓိပ္ပာယ်မရှိဘူးတဲ့ "

စတိုင်းနားက ခေါင်းညိတ်သည် ။

"ဘာကြောင့် မပြောရမှာ လဲ၊ တပ်ခွဲမှူးတစ်ယောက်မှာ လည်း စစ်နဲ့ ပတ်သက်ပြီး သူ့ရဲ့ ပုဂ္ဂိုလ်ရေးအမြင်ကို ပြောနိုင်တဲ့ အခွင့်အရေး ရှိနေတာပဲ"

"ဘာကြောင့်လဲဆိုတော့ ... အင်း"

သူတို့ အားလုံးက ပါမောက္ခကြီးဟု ခေါ်နေကြသော ဒွန်သည် ။ ပါးမြိုင်းမွေးများ ဖုံးနေသော သူ့ပါးတစ်ဖက်ကို ပိန်လှီသော လက်တစ်ဖက်ဖြင့် ပွတ်ရင်း ဝင်ပြောသည် ။

"ဒါပေမဲ့ ငါတွေးမိတာကတော့ ..."

"သိပ်မတွေးနဲ့ ကွာ"

စတိုင်းနားက ကြားဖြတ်ပြောသည် ။

"သူ့ဘာသာသူ တွေးတာတွေးစမ်းပါစေဗျာ"

ရှာနာဘတ်က သူ့ခြေထောက်နှစ်ချောင်းကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး ပြုံးဖြဲဖြဲလုပ်ကာ လှမ်းပြောသည် ။

"သူ့ကို မတွေးရဘူးလို့ ခင်ဗျား အမိန့်ပေးလို့ မရဘူးပါဘူး၊ သူ့ဦးနှောက်ထဲကို ရုရှားကျည်ဆန်တစ်တောင့်ဝင်သွားမှ သူ့အတွေးက ရပ်မှာ "

ကျန်လူစုက ဝိုင်းရယ်ကြသည် ။ သူတို့ အရိပ်များ သည် နံရံများ ပေါ် ဝယ် ယိမ်းထိုးလှုပ်ရှားသွားကြသည် ။

"တပ်တွေကတော့ ဆုတ်နေပြီ"

စတိုင်းနားက အမှုမဲ့ အမှတ်မဲ့ ပြောလိုက်သည် ။

ထိုစကားကို ကြားလျှင်ကြားချင်း စတင်လှုပ်ရှားသူမှာ ကရုးဂါး။

"ဒီစကားကို ဘာပြုလို့ ခင်ဗျား စောစောစီးစီး မပြောတာလဲ"

အော်ကြီးဟစ်ကျယ်နှင့်မေးပြီး ထိုင်နေရာမှ ခုန်၍ ထလာသည် ။ သူ့ခေါက်ခုတင်ဆီသို့ ကသောကမျော သွားကာ ခင်းထားသောစောင်ကို ယူ၍ ခေါက်သည် ။ တခြားလူများကလည်း ကရူးဂါး၏ အတုကိုယူ၍ သူတို့ ၏ အိပ်ရာပစ္စည်းများကို သိမ်းကြသည် ။ စောစောက ဘန်ကာထဲ၌ သူတို့ ၏ အိပ်ရာပစ္စည်းများကို သိမ်းကြသည် ။ စောစောက ဘန်ကာထဲ၌ စိတ်ပျက်လက်ပျက်ထိုင်ကာ ပျင်းရိပျင်းတွဲနှင့် လေးကန်ထိုင်းမှိုင်းလျက်ရှိသော လူစုသည် အခုချက်ချင်း ဤနေရာမှ ထွက်ခွာသွားရ

တော့မည့်အလား ယောက်ယက်ခတ် လှုပ်ရှားလာကြသည် ။

စတိုင်းနားကတော့ သူ့နေရာတွင် ထိုင်မြဲ။

သူ့စီးကရက်သည် သူ့ပါးစပ်ထောင့်တစ်ဖက်တွင် တွဲလောင်း။ ယခုအချိန်အထိ ဆေးတံကိုကိုက်၍ ခြေနှစ်ချောင်း စားပွဲပေါ်တင်၍ အခြားလူများ လုပ်သလို လိုက်မလုပ်ဘဲ မလှုပ်မယှက် ထိုင်နေသော ရှာနာဘတ်ကို စတိုင်းနားက တစ်လှည့်ကြည့်ပြီး ပြုံးသည် ။ တကယ်တော့ သူ့အထာကို နားလည်သူမှာ ရှာနာဘတ်တစ်ဦးသာ ရှိ၏။ ရှာနာဘတ်၏ နာမည်ရင်းမှာ ကားလ်ရေစင်နောအား။ သူ့မျက်နှာပေါ်မှ အမွေးအမှ င်များသည် ထူရုံမျှမက သန်လည်း အလွန်သန်သည် ။ အလွန့်အလွန် ထက်လုပါသည် ဆိုသော မုတ်ဆိတ်ရိတ်ဓားပင်လျှင် မတိုး။ ဤမျှလောက် သန်စွမ်းသော အမွေးအမှ င်များကို အကြောင်းပြု၍ သူ့အား အများက ပြောင်နောက်၍ ခေါ်ကြရာမှ "နှုတ်ခမ်းမွေး" သို့မဟုတ် "ရှာနာဘတ်" ဟူသောအမည်တွင် လာခဲ့ခြင်း ဖြစ်သည် ။

စတိုင်းနားသည် သူ့လူများအား တစေ့တစောင်း အကဲခတ်သည် ။ အားလုံး သူတို့ အလုပ်တွင် စိတ်ဝင်စားလျက်ရှိကြ၏။ ဖိုးနှင့်ဆံပင်နီကြောင်ကြောင် လူငယ်တစ်ဦးဖြစ်သော မက်တို့ တစ်ဦးနှင့်တစ်ဦး ဝင်တိုက်မိကြသည် ။ သာမန်အချိန်ဆိုလျှင် အပြန်အလှန်ဆဲကြမည်ဖြစ်သည် ။ ယခုတော့ ကိုယ့်ပစ္စည်းကိုယ် သိမ်းဆည်းဖို့ အာရုံစိုက်နေရသဖြင့် ဆဲဖို့ သတိမရကြ။ ဟိုလာဘားက ကန်း၏ ပစ္စည်းများကို ဝင်ရောက်ကူညီ သိမ်းဆည်းပေးနေသည် ။ ကန်းသည် လပေါ်သရေနိုင်သူ တစ်ဦးဖြစ်သည် ။ ဘာလုပ်လုပ် စနစ်မရှိ။ ဖြစ်ကတတ်ဆန်းသမား။ ထွေးလုံးရစ်ပတ် ထုပ်ပိုးထားသော သူ့အပ်ရာလိပ်မှာ အလုံးလိုက်။ ကြည့်မကောင်း ရှုမကောင်း။ ဒွန်ကတော့ ကြမ်းပေါ်တွင် ဒူးတစ်ဖက်

ထောက်ထိုင်ကာ သူ့စောင်တွင် စနစ်တကျ သေသေသပ်သပ် လိပ်နေသည် ။ ဒိုင်းယက်၊ ပတ်စတာနက်နှင့် အန်ဆဲလ်တို့ လူငယ်သုံးဦးကတော့ သူတို့ ပစ္စည်းများကို ကျောပိုးထားကြပြီ။

"ငပေါတွေ"

စတိုင်းနားက ရေရွတ်သည် ။

ရှာနာဘတ်က သူ့ဝသီအတိုင်း စပ်ဖြဲဖြဲ။

"ခင်ဗျားတို့ အထာကိုသာ မသိရင် ကျုပ်လည်း ပဲ သူတို့ လုပ်သလို လုပ်နေမိမှာ ပဲ"

"ဒီလူတွေကတော့ အားလုံး သောက်ရူးတွေချည်းပဲ"

စတိုင်းနားက စိတ်ကုန်သောလေသံဖြင့် ထပ်ပြောသည် ။

ကျန်လူစုသည် ယခုအချိန်ထိ မလှုပ်မယှက် အထိုင်မပျက် ဖြစ်နေကြသော ရှာနာဘတ်နှင့် စတိုင်းနားတို့ အခြေအနေကို သတိပြုမိလာကြသည် ။ အတွေးသမားဒွန်သည် ရှာနာဘတ်ကိုကြည့်လိုက် စတိုင်းနားကို ကြည့်လိုက်။ မျက်မှန်အောက်က သူ့မျက်လုံးများ သည် မဝေခွဲနိုင်သော အရိပ်အသွင် ဖော်ပြလျက်ရှိသည် ။

"ဒွန်ဆိုတဲ့ လူကတော့ တွေးနေပြန်ပြီ"

ရှာနာဘတ်က ပြောသည် ။ လူအားလုံးသည် ရှာနာဘတ်တို့ အပေါ် အာရုံစိုက်လာကြသည် ။ သူတို့ အားလုံး မကြည်မသာသော မျက်နှာများဖြင့် စတိုင်းနားအား ကြည့်နေကြသည် ။ ဘန်ကာအတွင်းဝယ် ငြိမ်ဆိတ်သွားပြန်သည် ။ အပြင်ဘက် တစ်နေရာရာမှ အမြောက်ဆန်ပေါက်ကွဲသံ တစ်ချက် ထွက်လာသည် ။ ပြီးတော့ ပြတ်တောင်းပြတ်တောင်း ပေါ်ထွက်လာနေသော စက်သေနတ်သံ။

နောက်ဆုံးတွင် ရှူးရှူးရှားရှား ဖြစ်လာသူမှာ ကရူးဂါး။ သူသည် စတိုင်းနားအနီးသို့ တိုးကပ်သွားပြီး အံကြိတ်၍ မေးသည်။

"ဒါက ဘာသဘောနဲ့ လုပ်တဲ့ ပွဲလဲ ကိုယ့်လူ"

ကရူးဂါး ဒေါသကြီးလေ စတိုင်းနားကတော့ ရယ်ချင်လေ။ ကရူးဂါး၏ အဖြစ်သည် စတိုင်းနားအတွက် ဟာဒယရွှင်ဆေးတစ်ခွက် ဖြစ်နေသည်။

"ဒါက မင့်ဟာမင်း လုပ်တဲ့ ပွဲပဲကွ၊ ငါနဲ့ ဘာဆိုင်လဲ။ ငါက မင်းကို ပစ္စည်းတွေ သိမ်းတော့လို့ ပြောခဲ့တာမှ မဟုတ်တာ"

စတိုင်းနားက ဆိုသည်။

"ခင်ဗျားပဲ ပြောခဲ့တယ်မဟုတ်လား၊ တပ်တွေကတော့ ဆုတ်နေပြီလို့"

ဒွန်က အပြစ်တင်လိုသော လေသံဖြင့် ပြောသည်။

"ဟ ... ငါမပြောခဲ့မိပါဘူး"

စတိုင်းနားက ငြင်းသည်။

"ခင်ဗျား ပြောတယ်"

ကရူးဂါးက ဒေါသတကြီး ကြုံးအော်သည်။

"ကျုပ်တို့ မှာ နားရှိတယ်ဗျ၊ သိလား ..."

"မင်းတို့ နားတွေက ဝက်နားတွေပဲကွ၊ ငါ ပြောတာက တခြားတပ်ခွဲတွေ ဆုတ်ကုန်ကြပြီလို့ ပြောတာ"

"သောက်ပေါ်စကားတွေ"

ကရှူးဂါးက စိတ်ဆိုးမာန်ဆိုးဖြင့် ရေရွတ်သည် ။ ရုတ်တရက် သူ့ကျောပိုးအိတ်ကို ဆွဲဖြုတ်ပြီး မြေကြီးပေါ်သို့ ပစ်ပေါက်လိုက်ကာ ဘန်ကာ၏ မြေနံရံဘေးမှာ ကပ်၍ ဒေါသတကြီး လျှောက်သွားသည် ။ တစ်ဖက်ထောင့်ရောက်သော် ခြေပစ်လက်ပစ် လှဲအိပ်လိုက်ပြီး လက်နှစ်ဖက်ကို ဆက်၍ သူ့ခေါင်းအောက်မှာ ခုထားလိုက်၏။ စတိုင်းနားက ကရှူးဂါးကို ကြည့်ကာ ဟက်ဟက်ပက်ပက် ပြုံးသည် ။ ပြီးတော့ ကျန်လူများ ဘက်သို့ လှည့်လိုက်သည် ။

"တပ်ရင်းကတော့ မိနစ်နှစ်ဆယ်အတွင်းမှာ အပြီးဆုတ်လိမ့်မယ်၊ ငါတို့ က ငါတို့ ဆိုတာက ငါတို့ တပ်စုကို ပြောတာ၊ ငါတို့ တပ်စုက ဒီမှာ ပဲ နေခဲ့ရမယ်၊ နောက်တန်းခံစစ်အဖြစ်နဲ့ နေခဲ့ရမှာ "

မျက်နှာအားလုံး သွေးဆုတ်ကုန်ကြသည် ။ ကန်းတစ်ယောက်ကတော့ သူ့အနီးက ကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။ နှုတ်မှ လည်း "အတော့်ကို ဆိုးတာပဲ" ဟု မပွင့်တပွင့် ညည်းသည် ။

"ဒီငပေါတွေကတော့ တကယ့်အရူးတွေချည်းပါပဲလားကွာ"

ဒိုင်းယက်က ရေရွတ်သည် ။ သူ့အသံမှာ သိသိသာသာ တုန်နေသည် ။

"လူပေါမှန်သမျှ သောက်ရူးချည်းပဲကွ"

စတိုင်းနားက ထောက်ခံသည် ။ သူသည် ထိုင်ရာမှ ထကာ အင်္ကျီအိတ်ထဲမှ မြေပုံကို ထုတ်ယူ၍ စားပွဲပေါ် ဖြန့်ခင်းသည် ။ ကျန်လူအားလုံးသည် သူ့ကို ဝိုင်း၍ ရပ်လိုက်ကြသည် ။ စတိုင်းနားက လက်ညှိုးဖြင့် အနောက်ဘက်သို့ သွားရာလမ်းကြောင်းကို ထောက်ပြသည် ။ ကရင်စကားရား၏ တစ်ဖက် မလှမ်းမကမ်းတွင် ကရိုင်းမီးယား တည်ရှိသည် ။ မြောက်ဘက်ခပ်ကျကျတွင် မူ ပင်လယ်နက်ဘက်သို့

ထွက်ရာလမ်းကြောင်းများ ။

"လက်ရှိ အခြေအနေကတော့ ဒီလိုရှိနေတယ်"

စတိုင်းနားက ရှင်းပြသည် ။

"ကနေ့ည တပ်မဟာတစ်ခုလုံး ကရင်စကားရားမြို့ အရှေ့ဘက် နေရာသစ်တွေကို ရွှေ့ပြီးတပ်စွဲလိမ့်မယ်။ မနက်ဖြန်ညကျတော့ မြို့အနောက်ဘက်ခြမ်းကို ရွှေ့ပြီး အခိုင်အမာတပ်စွဲဖို့ စီစဉ်ထားတယ်။ တပ်ရင်းတိုင်းက သူတို့ နောက်တန်းမှာ ခံစစ်အဖြစ်နဲ့ တပ်စိတ်တစ်စိတ်စီ ချန်ထားခဲ့ရတယ်။ ပေးထားတဲ့ အစီအစဉ်အရဆိုရင် ငါတို့ တပ်စိတ်က မနက်ဖြန်မနက် ငါးနာရီထိုးအထိ ဒီနေရာမှာ နေရမယ်။ အခုဆိုရင် ရုရှားတွေဟာ ကြွက်နံ့ရနေတဲ့ ကြောင်လိုပဲ ငါတို့ တပ်တွေ ဆုတ်မယ့်ဘက်ကို ငါတို့ အရင် ရောက်အောင်တက်နေကြပြီ။ ဒီအချက်ကိုလည်း သူတို့ သိနေကြတာပဲ"

"ခင်ဗျားအယူအဆက ကရင်စကားရားကို ရုရှားတွေက ကျုပ်တို့ အရင် ရောက်လိမ့်မယ်လို့ ဆိုချင်တာလား"

ကရူးဂါးက မေးသည် ။

စတိုင်းနားက သူ့ပခုံးများကို တွန့်လိုက်၏။

"သိပ်ကို ဖြစ်နိုင်တဲ့ အခြေအနေပါပဲ။ ဒါပေမဲ့ ဘာမှ မတတ်နိုင်ဘူး။ အမိန့်ဟာ အမိန့်ပဲ"

"မနက်ဖြန်ခါမနက် မိုးလင်းတဲ့ အချိန်အထိတော့ ဒီမှာ မနေရဘူးထင်ပါရဲ့ ... ဟုတ်လား"

ဒွန်က ထိတ်လန့်တုန်လှုပ်သောအသံဖြင့် ဝင်မေးသည် ။

"မိုးလင်းတဲ့ အထိတော့ မနေရပါဘူး။ ဒါပေမဲ့ ငါတို့ အနေနဲ့ ဒီနေရာကို ရန်သူ့လက်ထဲ ရောက်မသွားအောင် နှစ်နာရီကြာလောက် ထိန်းထားပေးရမယ်။ မသကာ ကြာလှရင် သုံးနာရီပေ့ါ။ အဆင်ပြေသွားရင်တော့ တပ်ရင်းမရောက်ခင် ကရင်စကားရားကို ငါတို့ လူဟု အရင်ရောက်သွားနိုင်တယ်"

အားလုံး၏ မျက်နှာများ သည် ဖြူဖပ်ဖြူရော်ဖြစ်ကုန်ကြသည် ။ မက်က မရယ်ချင့်ရယ်ချင်နှင့် တစ်ချက်ရယ်လိုက်သည် ။

"အဆင်ပြေမယ်လို့ ကော ထင်သလား"

သူ့မျက်နှာသည် ရှုံ့မဲ့လျက်ရှိ၏။

ဖိုးက စားပွဲကို လက်သီးနှင့် တအားထုလိုက်သည် ။

"ဒီစိတ်ကူးဟာ အရူးတွေရဲ့ စိတ်ကူးပဲ၊ကျုပ်တော့ ဘယ်နည်းနဲ့ မှ မလုပ်နိုင်ဘူး။ အခုချက်ချင်း ဒီနေရာက သွားမယ်။ အခုလုပ်ပုံက လုံးဝအဓိပ္ပာယ်မရှိတဲ့ အလုပ်ပဲ။ လုံးဝ အကြောင်းမခိုင်လုံတဲ့ အတွက် ..."

သူသည် စကားကို အဆုံးမသတ်နိုင်။ စတိုင်းနား၏ အေးစက်ခက်ထန်သော အကြည့်ကြောင့် ရပ်သွားသည် ။ သူ့လည်ပင်း၌ ချည်ထားသော အဝါရောင်ပိုးလည်စည်းကို အဓိပ္ပာယ်မရှိ ဆောင့်ဆွဲလျက်ရှိသည် ။

"မင်း ဘာကောင်လဲဆိုတာ ဘယ်သူမှ စိတ်မဝင်စားဘူး"

စတိုင်းနား၏ အသံမှာ အေးစက်စက်။

"မင်းဆီက အကြံဉာဏ်လိုချင်ရင် ငါတောင်းမယ်။ ငါမတောင်းဘဲ မပေးနဲ့ ။ အခုအချိန်ကစပြီး မင်းသိထားသင့်တဲ့ အချက်တစ်ချက်က စစ်သားတစ်ယောက်ပါးစပ်က အကြောင်းမခိုင်လုံဘူးလို့ ပြောတာဟာ ဂျူးတစ်ယောက်က ဟေး ... ဟစ်တလာလို့ အော်တာနဲ့ အတူတူပဲ"

စတိုင်းနား၏ စကားကို ထောက်ခံသည့်အနေဖြင့် ကရူးဂါးက သူ့ပေါင်ကို တစ်ချက်ပုတ်လိုက်သည် ။ ကျန်လူများက ရယ်ကြသည် ။ တကယ်တော့ ဖိုးကို မည်သူကမျှ သဘောမကျ။ သူတို့ တပ်စိတ်တွင် ဖိုး သည် အမြဲတစေ ပြဿနာလုပ်တတ်သည့် ရဲဘော်တစ်ဦး မဟုတ်ပါ လား။

စတိုင်းနားသည် လက်သီးတဆုပ်ဆုပ်နှင့် မကျေမနပ်ဖြစ်နေသော ဖိုးကို မျက်ခြည်မပြတ် ကြည့်နေသည် ။ ကြည့်နေရင်းကပင် စက်ဆုပ်ရွံ ရှာသော စိတ်၊ မုန်းတီးသောစိတ်များ ရင်ထဲတွင် ပြည့်လာသည် ။ သူသ ည် ခါးပတ်ကို တစ်ချက်မျှ ဆွဲတင်လိုက်ပြီး ရှာနာဘတ်အား လှမ်းပြော သည် ။

"အဆင်သင့်ဖြစ်တဲ့ အချိန်အထိ အားလုံး တစ်ရေးလောက်အိပ်ထားကြရင် ကောင်းမယ်။ နောက်ပိုင်းကျရင် အိပ် ဖို့ တောင် အချိန်ရချင်မှ ရမှာ ။ ဘယ်သူမှ သိနိုင်တဲ့ ကိစ္စ မဟုတ်ဘူး ။ အပြင်ကင်းတော့ ချထား။ မက်၊ ဒိုင်းယက်နဲ့ ပါမောက္ခတို့ သုံးယောက် ကင်းတာဝန်ယူ။ မကြာခင် ဒီနေရာကခွာဖို့ အချိန်ရောက်လာမှာ ပါ"

စတိုင်းနားသည် သူ့ဦးထုပ်ကို ကောက်၍ ဆောင်းသည် ။ တော်မီဂန်းကို ပခုံးတွင် လွယ်လိုက်ပြီး ဘန်ကာတံခါးဆီ လျှောက်သွား သည် ။ အားလုံးက သူလုပ်ကိုင်နေသမျှကို ဝိုင်းကြည့်နေကြသည် ။ ရှာ နာဘတ်က စတိုင်းနားနောက်မှ တစ်လှမ်းနှစ်လှမ်းမျှ လိုက်သွားပြီး မေး သည် ။

"ခင်ဗျားက ဘယ်သွားမှာ လဲ"

"ကင်းထောက်"

စတိုင်းနားက ပြန်ဖြေသည် ။ သူ့နောက်တွင် တံခါးဆောင့်ပိတ်သံကျ

န်ခဲ့၏။

***

တပ်စုတွင် လူပေါင်းဆယ့်တစ်ယောက်မျှသာ ရှိသည် ။ အရေအတွက်အားဖြင့် အဆမတန်နည်းပါးသည် ။ ယခုလို သစ်တောများ အလွန်ထူထပ်ပြီး ဝက်ပါကဲ့သို့ လမ်းကွေ့လမ်းကောက်များ ပြားသော နယ်မြေမျိုးကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သည့် အင်အားမဟုတ်။ မနက်ဖြန်နံနက်ဆိုလျှင် ရုရှားတပ်များ သည် အင်အားနည်းသော ဤနယ်မြေထဲသို့ ထိုးဖောက်ဝင်ရောက်လာနိုင်စရာ ရှိသည် ။ ရုရှားတပ်များ ဝင်ရောက်လာလျှင် ဖြစ်ပေါ်လာမည့် အခြေအနေကို အန်ဆဲလ် မတွေးဘဲမနေနိုင်။ သူတို့ ဆောင်ရွက်ရမည့်တာဝန်သည် ကိုယ့်သေတွင်းကိုယ်တူး၍ ဆင်းရမည့်တာဝန်တစ်ရပ် ဖြစ်နေသည် ဟု အန်ဆဲလ်နှုတ်မှ ရေရွတ်မိသည် ။

ရဲဘော်တစ်ဦး သူ့ဘေးတွင် လာထိုင်သည် ။ သူက မော့ကြည့်သည် ။ ရဲဘော် ကန်း။

"တို့ အဖြစ်ကို မင်း ဘယ်လိုပြောမလဲ"

သူက ထင်မြင်ချက်တောင်းသည် ။ ကန်းက ပခုံးတွန့်သည် ။

"ဘာပြောစရာ ရှိမှာ လဲ၊ ပြောနေလို့ ကော ထူးလာမှာ လား။ ဘယ်တုန်းကမှ မကြားဘူးတဲ့ အလုပ်မျိုးပဲ။ ဒီအမျိုးယုတ်တွေဟာ ငါတို့ သေသွားတဲ့ အထိ ကျေနပ်ကြမှာ မဟုတ်ပါဘူးကွာ"

အန်ဆဲလ်သည် နှာခေါင်းပြားပြား၊ နဖူးနိမ့်နိမ့်၊ အမွေးအမှ င်

ထူထူကြမ်းကြမ်းနှင့် အရုပ်ဆိုး အကျည်းတန်လှသော ကန်း၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေမိသည် ။ "သူ့မျက်နှာနဲ့ မတူတာ ငါ ဝမ်းသာဖို့ကောင်းတယ်" ဟု သူတွေးသည် ။ အမှတ်တမဲ့ သူ့လက်တစ်ဖက်သည် နုပျိုဆဲဖြစ်သော သူ့မျက်နှာပေါ် ရောက်သွားသည် ။

သူ့အနေဖြင့် ကန်းအကြောင်းကို သိပ်မသိ။ သူတို့ တပ်စိတ်သို့ ကန်းရောက်လာသည် မှာ မကြာသေး။ လွန်ခဲ့သော နှစ်ပတ်ကမှ ပြောင်းလာခြင်းဖြစ်သည် ။ ပထမက ကန်းသည် ပေါင်မုန့်ဖုတ်တပ်ဆွယ်တွင် တာဝန်ကျနေသူတစ်ဦး။ ဘာကြောင့် ပြောင်းလာရသည် ကို မည်သူမျှမသိ။ မည်သူကမှ လည်း စိတ်ဝင်စားခြင်းမရှိ။ အပြစ်ပေးသည့်သဘောဖြင့် ပြောင်းရွှေ့ပေးလိုက်ခြင်း ဖြစ်ကောင်းဖြစ်မည်။ သူနှင့် ပတ်သက်၍ သူတို့ အားလုံး တိတိကျကျ သိထားသော အချက်မှာ သူ့မြို့တွင် သူပိုင် ထမင်းဆိုင်တစ်ဆိုင် ရှိသည် ။ သူသည် စကားစပ်မိတိုင်း ထမင်းဆိုင်အကြောင်းကို ပြောပြလေ့ရှိသည် ။ သူ့ထမင်းဆိုင် မြေအောက်ခန်းထဲ၌ ဂုက်ထားလေ့ရှိသော ဝိုင်အရက်ပုလင်းများ အကြောင်းပြောလျှင် ရဲဘော်အားလုံးက သွားရည်တများများ နှင့် စိတ်ဝင်တစား နားထောင်နေတတ်ကြသည် ။ သူ့ထမင်းဆိုင်သည် အထိုက်အလျောက် ဝင်ငွေကောင်းကြောင်းလည်း ပြောပြလေ့ရှိသည် ။ ဤထမင်းဆိုင်အကြောင်းတွေးမိသည့်အခါတွင် အန်ဆဲလ်သည် ကန်း၏ အပေါ်၌ မနာလိုစိတ်ဖြစ်ပေါ်သည် ။ အန်ဆဲလ်သည် မလိပ်တတ်လိပ်တတ်ဖြင့် စီးကရက်တစ်လိပ်ဖြစ်အောင် လိပ်နေသောကန်းအား ငြူစူသောစိတ်ဖြင့် ကြည့်နေမိ၏။ ဆေးမှုန့်တစ်ဝက်ခန့်သည် ကြမ်းပေါ်သို့ ဖိတ်ကျကုန်သည် ။ တုန်ချည့်တုန်ချည့်နှင့် လုပ်ကိုင်နေသော ကန်း၏ အမူအရာကို ကြည့်ကာ စက်ဆုပ်ရွံရှာစိတ် ထပ်ဆင့်ပေါ်လာပြန်သည် ။

ကျန်ရဲဘော်များ သည် စားပွဲတွင် ဝိုင်းထိုင်နေကြသည် ။ ကရှူးဂါးသ

ည် သူ့အိတ်ကပ်ထဲမှ ဖဲထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်ပြီး ...

"အခုလိုအချိန်မျိုးမှာ အိပ်ဖို့ ဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး။ ဘယ်လို လုပ်ပြီး အိပ်နိုင်မှာ လဲ" ဟု ရေရွတ်သည် ။

သူ့လက်ဖြင့် နှာခေါင်းကို ပွတ်လိုက်သည် ။ မျက်မှောင်လည်း ကုတ်ထားသည် ။ သူ့မျက်နှာသည် ကြည်ကြည်လင်လင် ရှိမနေ။ သုန်သုန်မှုန်မှုန်နှင့် ဒေါသပြေသေးဟန်မတူ။ သူ့အကဲကို စောင့်ကြည့်နေသော အန်ဆဲလ်သည် ကရူးဂါးနှင့်ပတ်သက်သည့် အချက်တစ်ချက်ကို သတိရလာသည် ။ ကရူးဂါးသည် အရှေ့ပရပ်ရှားနယ်သားတစ်ဦး ဖြစ်သည် ။ သူ့ဇာတိမြို့သည် ကိုးနစ်ဘတ်။ သူ့အဖေသည် ရုရှားတစ်ယောက်ဖြစ်သည် ဟု တချို့က ဆိုသည် ။ သူကိုယ်တိုင်ကလည်း ရုရှားဘာသာကားကို ကောင်းစွာပြောတတ်သည် ။ ကရူးဂါးကတော့ သူ့အကြောင်းကို စကားစပ်၍ မှ မပြော။

ပါမောက္ခဒွန်သည် ကရူးဂါး၏ ဘေးတွင် ထိုင်လျက်။ ဒွန်သည် မည်သူနှင့်မဆို အဆင်ပြေသူတစ်ဦးဖြစ်သည် ။ စကားပြောလျှင် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ပြောတတ်သည် ။ အန်ဆဲလ်က ဒွန်စကားပြောပုံကို သဘောကျသည် ။ ဒွန်တစ်ယောက် ဘာကြောင့် အရာရှိမဖြစ်ပါလိမ့်ဟူသော အတွေးသည် အန်ဆဲလ်၏ ခေါင်းထဲသို့ မကြာခဏ ဝင်ရောက်လာတတ်သည် ။ ကရူးဂါးကတော့ ပါမောက္ခကိုယ်တိုင်က အရာရှိ မလုပ်ချင်၍ မဖြစ်တာဟု ပြောဖူးသည် ။ အန်ဆဲလ် နားလည်ထားသလောက်ဆိုလျှင် ကရူးဂါး၏ စကားသည် အဓိပ္ပာယ်မရှိ။

စားပွဲတွင် ထိုင်နေကြသည့်အထဲမှာ နောက်ဆုံးလူမှာ ရဲဘော်ဒိုင်းယက်။ သူသည် ဆူဒီတင်ဂျာမန်တစ်ယောက်ဖြစ်သည် ။ သူတို့ တပ်စိတ်တွင် အသက်အငယ်ဆုံးရဲဘော်တစ်ဦး။ စတိုင်းနားကတော့ သူ့ကို "ချာတိ

တ်" ဟု အမည်ပေးထားသည် ။ ကရူးဂါးကတော့ ဒိုင်းယက်ကို စိတ်ကူးယဉ်သမားတစ်ယောက်ဟု ပြောသည် ။ ဘာပဲဖြစ်ဖြစ် သူတို့ တစ်ဦးချင်းစီ၏ အကြောင်းကို တွေးမိသောအခါ အန်ဆဲလ် အားတက်ရ၏။

ဤမြေအောက်ကတုတ်ကျင်းမှ အပြီးအပိုင် ထွက်ခွာသွားရတော့မည်ဟူသော အတွေးဝင်လာသည့်အခါ သူ စိတ်မကောင်းဖြစ်မိပြန်သည် ။

သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး ...

"သိပ်ဆိုးတာပဲ"ဟု နှုတ်မှ ရေရွတ်လိုက်မိသည် ။

"ဘာသိပ်ဆိုးတာလဲကွ"

ကရူးဂါးက သူ့အား လှမ်းမေးသည် ။

"ကျွန်တော်တို့ ဒီနေရာက အပြီးအပိုင် သွားရတော့မယ်ဆိုလို့ ပါ"

"တစ်နေရာကနေ တစ်နေရာကို ရွှေ့ပြောင်းတာဟာ မင်းအတွက် ရိုးလောက်ပြီလို့ ငါကထင်ထားတာ"

"ကျွန်တော့်အဖို့ တော့ အခုအချိန်ထိ ရိုးမသွားသေးဘူးဗျ။ ကျွန်တော်တို့ ဒီနေရာမှာ ခိုလာတာ တစ်ပတ်တိတိရှိပြီ။ တပ်တွေလည်း တော်တော်ပြုတ်ကုန်ပြီ"

"အာမဘာန္တေပါဘုရား"

ကရူးဂါးက ပြောပြောဆိုဆို စားပွဲကို လက်သီးနှင့် တအားကြုံး၍ ထုလိုက်သည် ။ ထုလိုက်သည့်အရှိန်က ပြင်းလွန်းသဖြင့် စားပွဲပေါ်မှ ဖယောင်းတိုင်မီးသည် ငြိမ်းသွားလေ၏။

"သောက်ရမ်းလုပ်ရသလားကွ သောက်ရူးရ"

ကန်းက ဒေါသတကြီး ထဟောက်သည် ။

"မင်းသာ သောက်ရူး"

ကရူးဂါးက ပြန်ဟောက်သည် ။

တိုက်ကြက်နှစ်ကောင် စောင့်နေကြသည့်နှယ် နှစ်ယောက်သားတစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာစူးစူးရဲရဲ ကြည့်နေကြသည် ။ နောက်ဆုံးတွင် ကန်းက သူ့လက်ထဲမှ ဖဲချပ်များကို စားပွဲပေါ်သို့ ပေါက်ချလိုက်သည် ။

"ဒီလို အခြေအနေမျိုးကို ငါ သိပ်စက်ဆုပ်တယ်ကွ" ဟု ညည်းသည် ။

ကရူးဂါးမျက်နှာက စပ်ဖြဲဖြဲ။

"မင်း သိပ်ကြောက်နေလို့ လား ..."

ကန်းက လက်ပိုက်လိုက်ပြီ။ ကရူးဂါး၏ စော်ကားမှုကို သည်းခံရန် သင့်မသင့်ကို ချိန်ဆနေသည် ။ ပြီးတော့ စိတ်ကို လျှော့လိုက်တာ လှောင်ပြုံး ပြုံးသည် ။

"ကျုပ်ကို ကြောက်နေတယ်လို့ ခင်ဗျားထင်ရင် ခင်ဗျား ကျုပ်အကြောင်းကို မသိသေးလို့ ပဲ။ ကျုပ်ကတော့ ဒါပဲ ပြောချင်တယ်"

"မင်းအကြောင်းကို ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ။ မင်း တို့ ဆီရောက်တာ နှစ်ပတ်ပဲ ရှိသေးတာပဲ"

ကရူးဂါးက ကလိသည် ။

ကန်း၏ မျက်နှာ နီရဲလာသည် ။

"ခင်ဗျား ကြွားနေစရာ မလိုပါဘူး ...။ ရှေ့တန်းမှာ နှစ်ပတ်နေရရင် နှစ်နှစ်စာ အတွေ့အကြုံမျိုး ရတာပါပဲဗျ။ အရေးကြီးတာက အခြေအနေ

၊ စည်းကမ်းနဲ့ လုပ်နည်းကိုင်နည်းတွေကို အထာပေါက်ဖို့ ပါ ...။ ဒါတွေကို အထာပေါက်ရင် ဘာလိုသလဲ။ ကံတစ်ခုပဲ လိုတာပါ"

ကရူးဂါးက ကျန်လူစုဘက်သို့ လှည့်၍ ...

"ဒီကောင် ပြောတာ ကြားကြရဲ့ လား" ဟု မေးသည် ။

"ကျုပ်တို့ နားပင်းတွေ မဟုတ်ဘူး ။ ကြားတယ်"

အန်ဆဲလ်က ဝင်ဖြေသည် ။

"သူကတော့ ရှရှားတစ်ယောက်အကြောင်းကို အလွယ်တကူနဲ့ ဘယ်ပြောနိုင်မှာ လဲ။ သူ့စိတ်ထဲမှာ အလွန်အတွေ့အကြုံများ တဲ့ စစ်သားအိုကြီးတစ်ယောက်လို့ ထင်နေမှာ ပေ့ါ ..."

ဒိုင်းယက်က တံခါးဆီသို့ လှမ်းမျှော်ကြည့်သည် ။

"စတိုင်းနားတစ်ယောက် ဘယ်တွေများ လျှောက်သွားနေပါလိမ့်"

ရှာနာဘတ်က တစ်ချက်ပြင်းပြင်းထန်ထန် သမ်းလိုက်သည် ။ ထို့နောက် ကရူးဂါးဘက်သို့ လှည့်ပြီးပြောသည် ။

"မင်းအပြင်ထွက်ပြီး စတိုင်းနားအခြေအနေကို ကြည့်စမ်း၊ တပ်ခွဲတစ်ခုလုံး ဆုတ်သွားတာ ကြာလှရောပေ့ါ ..."

"ကျုပ်ကိုမှ ရွေးပြီး ဘာကြောင့် ခိုင်းရတာလဲ"

"ဒီလူစုထဲမှာ မင်းဟာ စိတ်အချရဆုံးလူမို့ပေ့ါကွ"

ကရူးဂါး ထိုင်ရာမှ ထရပ်ပြီး သူ့တော်မီဂန်းကို လှမ်းကိုင်သည် ။ သူ မကြိုက်သော အရိပ်လက္ခဏာတစ်ခု ရှာနာဘတ်၏ မျက်နှာတွင် ထင်ဟပ်နေသည် ကို သတိပြုမိသည် ။ သူသည် ကုလားထိုင်ပေါ်တွင် ပြန်ထိုင်လိုက်သည် ။

"ကျုပ် ကလေးထိန်း မဟုတ်ဘူး ။ စတိုင်းနားဟာ သူ့ကိုယ်သူကောင်းကောင်း ထိန်းနိုင်တယ် ..."

"ဒါတော့ ငါလည်း သိတာပေါ့ကွ"

ပြောပြောဆိုဆို ရှာနာဘတ်က ထိုင်ရာမှ ထရပ်သည် ။

"စတိုင်းနားအနေနဲ့ မင်းကိုသာ ယုံကြည်အားကိုးပြီး အလုပ်လုပ်ရမယ်ဆိုရင် ငါ သူ့အတွက် စိတ်မကောင်းဖြစ်မိမှာ အမှန်ပဲ"

ကရူးဂါး ဘာမှ ပြန်မပြောနိုင်မီ ရှာနာဘတ် ဘန်ကာအပြင်သို့ ထွက်သွားသည် ။

***

တံခါးရှေ့တွင် သူခဏမျှရပ်သည် ။ သူတို့ တပ်စွဲထားသော နေရာသည် အလွန်ထူထပ်သော တောအုပ်အလယ်တွင် ဖြစ်သည် ။ သို့သော်လည်း မှောင်လွန်းလှချေသည် ။ အနီးဆုံးသစ်ပင်ကိုမှ သဲသဲကွဲကွဲမမြင်နိုင် ။ ရှာနာဘတ်သည် ကတုတ်ကျင်းရှိရာသို့ စမ်း၍ မှန်း၍ သွားသည် ။ ကင်းအလဲတွင် တမျှော်မျှော် စောင့်နေသော မက်နှင့် တွေ့သည် ။

"ခဏနေရင် လူလဲဖို့ လာလိမ့်မယ်"

ရှာနာဘတ်က နှစ်သိမ့်လိုက်သည် ။

"စတိုင်းနား ဒီရောက်နေသလား"

"ရောက်နေတယ်။ အခုပဲ သူ ဟိုဘက်ထွက်သွားတယ်"

ရှာနာဘတ်က ဖျတ်ခနဲ လှမ်းကြည့်သည် ။ မှောင်လွန်းသဖြင့် မက်

၏ မျက်နှာကို ဝိုးတိုးဝါးတားမျှသာ မြင်ရသည် ။

"ဘယ်ဘက်သွားတာလဲကွ"

"ရှရှားတွေ ရှိတဲ့ ဘက်ပေါ့"

မက်ကဖြေသည် ။

"သူတို့ ဘာလုပ်နေကြသလဲဆိုတာ သွားကြည့်တာဖြစ်မယ်"

"တစ်ယောက်တည်း သွားတာလား"

"ထုံးစံအတိုင်းပေါ့။ သူလုပ်နေကျအတိုင်း တစ်ယောက်တည်း သွားတာပဲ။ ဘာပြုလို့ လဲ"

"ဒီသောက်ပေါကတော့ကွာ"

ရှာနာဘတ်က ရေရွတ်လိုက်သည် ။ စတိုင်းနားနောက်ကို စောစောကတည်းက သူလိုက်လာဖို့ သင့်သည် ။ အခုတော့ ...။

သစ်တောတစ်ခုလုံး အေးမြလျက်ရှိသည် ။ မြေပေါ်ကြွေကျထားသော သစ်ရွက်များ သည် အရည်ပျော်သွားသော နှင်းရည်များ နှင့်ရောကာ စွတ်စို ထိုင်းမှိုင်းလျက်ရှိသည် ။ သစ်ပင်များ ပေါ်မှ အဆက်မပြတ်အော်မြည်လျက်ရှိသော ပိုးမွှားများ အသံသည် ပတ်ဝန်းကျင်တွင် သောသောညံလျက် ရှိ၏။ ရှာနာဘတ်သည် သူ့ရှေ့တည့်တည့်မှောင်ထဲသို့ လှမ်းမျှော်ကြည့်သည် ။

"ဟိုမှာ သူ ဘယ်လောက်ကြာကြာနေမယ်လို့ ပြောသွားသလဲ" ဟု မက်အား လှမ်းမေးပြန်သည် ။

"သူ ဘယ်လောက်ကြာကြာနေမလဲ ဆိုတာတော့ ...။ ဒါကတော့ ရှရှားတွေအပေါ်မှာ တည်မှာ ပေါ့"

ရှာနာဘတ်က ခေါင်းညိတ်သည် ။ ဘယ်လိုလုပ်ရင် ကောင်းမလဲဟု သူတွေးသည် ။ အခိုက်အတန့်မျှ နှစ်ယောက်သား စကားမပြောဘဲ ငြိမ်ဆိတ်နေကြသည် ။ တောအုပ်၏ စွတ်စိုထိုင်းမှိုင်းခြင်းသည် သူတို့ ၏ အင်္ကျီများကို ဖောက်ထွင်းဝင်ရောက်လာသည် ။ တဖြည်းဖြည်းနှင့် မခံမရပ်နိုင်အောင် အေးလာသည် ။ ရှာနာဘတ်သည် ကတုတ်ကျင်းထဲသို့ ဆင်းသည် ။ စတိုင်းနားအတွက် ပူပန်သောစိတ်သည် တိုး၍ သာ လာနေသည် ။ သူသည် မက်ရှိရာ ပြန်လျှောက်လာသည် ။

"ဟေ့ မက်၊ မင်း ဘန်ကာကို ပြန်သွား၊ အားလုံးအသင့်ပြင်ထားလို့ပြော၊ ငါတို့ နောက်ထပ် ဆယ်မိနစ် စောင့်မယ်ကွာ။ ဆယ်မိနစ်ကြာလို့မှ စတိုင်းနား ပြန်ရောက်မလာရင် ငါတို့ သူ့ကို ထွက်ရှာကြမယ်"

ရှာနာဘတ် မရှင်းဂန်းစက်သေနတ်ကြီး နောက်ဘက်တွင် နေရာယူနေခိုက်မှာ ပင် မက်သည် ကတုတ်ကျင်းထဲမှ ထွက်ကာ ဘန်ကာဘက်သို့ ပြေးသွားသည် ။ ရှာနာဘတ်သည် ကတုတ်ကျင်းကို ငေးမောနေသည် ။ သူ့စိတ်သည် စတိုင်းနားထံသို့ ရောက်နေဆဲ။ သူ အခု စတိုင်းနားအတွက် သောကရောက်နေခြင်းသည် အကြောင်းမဲ့ စိုးရိမ်ပူပန်ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ စွန့်ပစ်သွားသော ရုရှားဘန်ကာ မြေကတုတ်တစ်ခုအတွင်း၌ ထိုင်၍ သူသွားလေရာ ယူသွားလေ့ရှိသော စာအုပ်တစ်အုပ်ကို ဖတ်နေသည့် စတိုင်းနား၏ ပုံသဏ္ဌာန်သည် သူ့မျက်စိထဲတွင် ထင်မြင်လာသည် ။ ထိုအခါကျတော့လည်း ရှာနာဘတ် မပြုံးဘဲ မနေနိုင်။ တစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေမိ၏။ တကယ်တော့ စတိုင်းနားသည် ယင်းကဲ့သို့သော အလုပ်မျိုးကို လုပ်တတ်သည့် လူစား။ ရှာနာဘတ် သူနှင့်သိကျွမ်းခင်မင်ခဲ့သည့်အချိန်မှ စ၍ စတိုင်းနားသည် ချီလာ၏ ကဗျာများ စာအုပ်ကို သွားလေရာယူသွားတတ်သော အကျင့်ရှိကြောင်း သူ သိခွင့်ရခဲ့သည် ။ အလွန့်အလွန် ဆိုးရွားသော

အခြေအနေမျိုးနှင့် ရင်ဆိုင်နေရချိန်ဆိုလျှင် စတိုင်းနားသည် ထိုကဗျာစာအုပ်ကို ထုတ်၍ တောင်လှန်မြောက်လှန် လုပ်နေတတ်သည် ။ တကယ်တော့ စာအုပ်ထဲမှ ကဗျာများကို စတိုင်းနားသည် အကြိမ်တစ်ရာထက်မနည်း ဖတ်ခဲ့ပြီး ဖြစ်ပေလိမ့်မည်။ စတိုင်းနား စာဖတ်နေသည် ကို မြင်ရခြင်းသည် ။ ရှာနာဘတ်မျက်စိထဲတွင် အမြင်မတော် ဆင်တော်နှင့် ခလောက် ဖြစ်နေသည် ။ စတိုင်းနား၏ အမူအကျင့်သည် စာဖတ် ဝါသနာပါမည့်ပုံမျိုး မဟုတ်။

တွေ့စတုန်းကတော့ ရှာနာဘတ်နှင့် စတိုင်းနားတို့ လုံးဝအဆင်မပြေ။ သူ့အပေါ် အနိုင့်အထက်ပြုလွန်းသော စတိုင်းနားကို သူ ခင်၍ မရ။ တစ်ဦးနှင့်တစ်ဦး တဖောင်းဖောင်းနှင့် မျက်ချေး။ တစ်နေ့တွင် ထုံးစံအတိုင်း အကြီးအကျယ် ပဋိပက္ခဖြစ်ကြရာမှ မမျှော်လင့်ဘဲနှင့် အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေဘဝသို့ ရောက်သွားခဲ့သည် ။ ဤအပြောင်းအလဲ ဖြစ်လာခဲ့သည် မှာ လွန်ခဲ့သော တစ်နှစ်ခွဲခန့်က ဖြစ်သည် ။ ထိုစဉ်က သူတို့ တပ်ရင်း ရုရှားရေခဲပြင်ကြီးပေါ်တွင် တည်ရှိနေသည့် ကရာမားတော့မြို့၏ တောင်ဘက်တွင် တပ်စွဲနေခိုက် ...။

***

ဆီးနှင်းများ အဆက်မပြတ်ကျနေသည် မှာ ရက်ပေါင်းများ စွာကြာခဲ့ပြီ။ အလွန်ပြင်းထန်သည့် ဆီးနှင်းမုန်တိုင်း။ သူတို့ အားလုံး ဘန်ကာထဲမှ မထွက်နိုင်ကြ။ စစ်သုံးသံမီးဖိုလေးဘေးတွင် စုဝိုင်းထိုင်ကာ မီးလှုံရင်း အချိန်ကုန်ကြရသည် ။ တစ်နေ့သော ညနေခင်း အတော်ကြီးညဉ့်နက်နေပြီ။ ကျန်လူစုသည် သူတို့ အိပ်စင်များ ပေါ်တွင် အိပ်ပျော်ကုန်ကြပြီ။ စတိုင်းနားကတော့ စာဖတ်နေသည် ။ ရှာနာဘတ်သည် မီးဖိုနားထိုင်

ကာ ပေါင်မုန့်များ တစ်ချပ်ပြီးတစ်ချပ် မီးကင်၍ ဝါးစားနေသည်။ ရတ်တရက် စတိုင်းနားသည် လက်ထဲမှ စာအုပ်ကို ဘေးသို့ချထားလိုက်ပြီး ရှာနာဘတ်ကို လှမ်းမေးသည်။

"မင်း စစ်တုရင် ကစားတတ်သလား"

"နည်းနည်းပါးပါးပေါ့"

ရှာနာဘတ်က ပြန်ပြောသည်။ စတိုင်းနားသည် ခရီးဆောင် စစ်တုရင်ခုံကို သူ့အိတ်တစ်လုံးထဲမှ ဆွဲထုတ်ကာ ခင်းသည်။ နှစ်ယောက်သား စကစားကြသည်။ သူရွှေ့ကိုယ်ရွှေ့ အနည်းငယ်မျှ ရွှေ့အပြီးတွင် စတိုင်းနားလက်က သူ့ထက် အဆပေါင်းများ စွာ သာလွန်နေကြောင်း ရှာနာဘတ် အကဲခတ်မိသည်။ နာရီဝက်ကျော်ကျော်ကလေးအတွင်း စစ်တုရင်တစ်ပွဲပြီးဆုံးသွားခဲ့၏။ ဒုတိယပွဲကျတော့လည်း သူ့ကံက မလိုက်။ သူလှမ်းလွန်း၍ ဘုရင်မကို အစားခံလိုက်ရသောအခါ ရှာနာဘတ်သည် ဒေါပွပွနှင့် စစ်တုရင်ခုံပေါ်မှ အရုပ်များကို လက်နှင့်ရိုက်ချလိုက်မိသည်။ စတိုင်းနားကတော့ ဂရုမစိုက်။ ဘာမှ မဖြစ်သည့်နှယ် စီးကရက်တစ်လိပ် လိပ်နေရာမှ ပြောလိုက်သည်။

"ဘုရင်မ အစားခံရတာ နာတာပေါ့"

နှစ်ယောက်သား ငြိမ်ဆိတ်စွာ ထိုင်နေကြသည်။ အပြင်ဘက်တွင် နှင်းမုန်တိုင်းထန်ဆဲ။ ဆီးနှင်းများ သည် ဘန်ကာတံခါး၏ အကွဲအပေါက်များမှ နေ၍ အတွင်းဘက်သို့ လွင့်စင်ဝင်ရောက်နေကြသည်။ ရှာနာဘတ်သည် သူ့ဆေးတံကိုထုတ်၍ ဆေးတစ်ဆုံကို ထည့်သည်။ ဆေးတံကို မီးညှိပြီး တစ်ချက်နှစ်ချက်မျှ အားရပါးရဖွာသည်။ ပြီးတော့ စတိုင်းနားအား မော့ကြည့်သည်။

"ကျွန်တော်ဟာ စပ်စပ်စုစု လုပ်တတ်တဲ့ လူ မဟုတ်ပါဘူး။ ဒါပေမဲ့

..."

သူသည် စကားကိုဖြတ်၍ ရပ်ထားသည် ။ သူသိလိုသောအဖြေရဖို့ အတွက် ဘယ်လိုမေးလျှင် အကောင်းဆုံးဖြစ်မလဲဟု စဉ်းစားချင့်ချိန်သည် ။ နောက်ဆုံး သူ့စိတ်သူတင်း၍ သူမေးလိုသော မေးခွန်းကို မေးလိုက်မိ၏။

"ဒါပေမဲ့ ခင်ဗျားမှာ ချစ်သူရှိမရှိ သိရရင်တော့ ကောင်းမှာ ပဲ"

စတိုင်းနား တစ်ကိုယ်လုံး တောင့်တင်းသွားသည် ကို သတိပြုမိသော ရှာနာဘတ်သည် ကသောကမျောပင် တောင်းပန်ဖို့ အားထုတ်သည် ။

"ကျွန်တော် ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာကိစ္စမှာ ဝင်ရှုပ်ချင်တဲ့ သဘောနဲ့ မေးတာ မဟုတ်ပါဘူး"

သူက ရှင်းပြသည် ။ မဆင်မခြင် မစဉ်းစားဘဲ မေးခဲ့မိသည့်အတွက် စိတ်မကောင်း ဖြစ်သွားသည် ။ ယခင့်ယခင်ကလည်း စတိုင်းနားသည် ဤကိစ္စနှင့် ပတ်သက်လာလျှင် မပြောချင်သည့်အမူအရာ ပြတတ်သည် ကို သတိရလာသည် ။ သို့သော်လည်း သူတို့ နှစ်ဦး တွဲလာခဲ့သည် မှာ ယခုဆိုလျှင် သုံးနှစ်ပင်ကျော်လာခဲ့ပြီ။ ဤမျှလောက် အတူတူနေလာခဲ့သူ အချင်းချင်း ဤမေးခွန်းမျိုး မေးမိခြင်းသည် ကြီးမားသော ပြဿနာတစ်ရပ်တော့ ဖြစ်နိုင်စရာမရှိ။ ရှာနာဘတ်သည် စိတ်ရှုပ်ရှုပ်ဖြင့် သူ့ဆေးတံထဲမှ ဆေးချေးများကို စားပွဲခြေထောက်နှင့် ခေါက်၍ ခါထုတ်ပြီး သူ့အိတ်ကပ်ထဲသို့ ပြန်ထည့်သည် ။ အကယ်၍ စတိုင်းနားက မပြောချင်လျှင် သူကလည်း ထပ်မေးစရာ အကြောင်းမရှိ။ အသာငြိမ်နေလိုက်လျှင် ကိစ္စပြီးပြီဟု သူ တွေးသည် ။ သူသည် တစ်ချက်မျှ အားရပါးရ သမ်းလိုက်သည် ။

"ကျွန်တော် အိပ်တော့မယ်။ အတော့်ကို ပင်ပန်းနေပြီ"

သူက ရေရွတ်သည် ။

အခုလိုဆိုပြန်တော့လည်း စတိုင်းနား စိတ်ပြေသွားပုံရသည် ။

"နေပါဦး" ဟု တားသည် ။ သူသည် အိပ်မောကျနေသော ရဲဘော်များ ဘက် တစ်ချက်လှည့်ကြည့်သည် ။ ထို့နောက် သူ့လက်နှစ်ဖက်ကို စားပွဲပေါ် တင်လိုက်ပြီး ရှာနာဘတ်ဘက်သို့ သူ့ကိုယ်ကို ယိမ်းလိုက်သည် ။

"ငါ့မှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အခု မရှိတော့ဘူး။ သေသွားပြီ" ဟု နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည် ။

နှစ်ဦးစလုံး ပြန်လည် ဆိတ်ငြိမ်သွားကြသည် ။ လေပြင်းတစ်ချက်သည် ဘန်ကာတံခါးကို ပြင်းထန်စွာ ဝင်ဆောင့်သည် ။ တံခါးကျွတ်ထွက်သွားလိမ့်မည်ဟု ပင် ထင်လိုက်ရ၏။ ရှာနာဘတ်သည် သူ့ထိုင်ခုံကို ကျောဖြင့် မှီလိုက်ပြီး စတိုင်းနားအား ကြည့်သည် ။

"သိပ်ပြီး စိတ်ထိခိုက်လိမ့်မယ်ဆိုတာ ကျွန်တော် တွေးလို့ ရပါတယ်" ဟု ပြောသည် ။

နှစ်ဦးစလုံး နှုတ်ဆိတ်သွားကြပြန်သည် ။ ဘန်ကာအနီးအနား တစ်နေရာတွင် မော်တာကျည်ဆန်တစ်ခု ကျရောက်ပေါက်ကွဲသံ ထွက်ပေါ်လာသည် ။ ဘန်ကာတစ်ခုလုံး တုန်ခါသွားသည် ။ အိပ်နေသူများ ထဲမှ တစ်ဦး၏ ကယောင်ကတမ်း ညည်းတွားသံနှင့် မပီမသ စကားပြောသံ။ ရှာနာဘတ်က တံခါးဆီသို့ လှည့်ကြည့်သည် ။ တံခါးအောက်ခြေတစ်လျှောက်တွင် နှင်းခဲများ အတန်းလိုက် စုပုံနေသည် ။

"ဒီပုံစံအတိုင်း တောက်လျှောက်ဖြစ်နေတော့မှာ ပဲ" ဟု ညည်းသည် ။ စတိုင်းနားက ဘာတစ်ခွန်းမှ မပြော။ နောက်ဆုံးတွင် ရှာနာဘတ်က

စတိုင်းနားဘက်သို့လှည့်၍ မျက်နှာချင်းဆိုင် ရပြန်သည် ။

"အမျိုးသမီးနာမည်က ဘယ်သူလဲ"

"အင်နီ"

ရှာနာဘတ်က ခေါင်းညိတ်သည် ။

"နာမည်လေးက ကောင်းသားပဲ" ဟု အမှတ်တမဲ့ ပြောမိသည် ။

"ဘယ်လိုဖြစ်ပြီး ဆုံးတာလဲ"

"မတော်တဆ သေရတာ"

စတိုင်းနား၏ မျက်လုံးများ သည် တံခါးဆီ ရောက်သွားသည် ။

"ရာသီဥတုက အခုပုံစံအတိုင်းပဲ။ ငါတို့ နှစ်ယောက် တောင်တက်ဝါသနာပါတယ်။ အဲဒီနေ့က တောင်ထိပ်ရောက်ခါနီးမှ မမျှော်လင့်ဘဲ နှင်းမုန်တိုင်းကျလာတယ်။ သူ ခြေချော်ပြီး ..."

သူ ဆိတ်ငြိမ်သွားပြန်သည် ။ သူ့မျက်လုံးများ သည် တဖျပ်ဖျပ်လှုပ်ခါနေသော ဖယောင်းတိုင်မီးဆီသို့ စူးစိုက်ငေးမောလျက်ရှိသည် ။ နှစ်ဦးသား စကားဆက်မပြောနိုင်သော။ အချိန်အကြာကြီးပင် တွေတွေငေးငေး ဖြစ်နေကြသည် ။

"ကြောက်စရာပဲ။ ဘယ်နှစ်က ဖြစ်ခဲ့တာလဲ"

ရှာနာဘတ်က စကားစသည် ။

"ထောင့်ကိုးရာ သုံးဆယ့်ရှစ်ခုနှစ်က။ စစ်ကြီးမဖြစ်ခင် အချိန်ကလေးမှာ ကပ်ပြီးဖြစ်ရတာ ..."

"ငါးနှစ်တောင် ရှိသွားပြီ။ ငါးနှစ်ဆိုတော့လည်း ကြာလှပြီပေါ့"

"မင်းအဖို့ တော့ ကြာလှပြီပေါ့"

စတိုင်းနားက မကျေနပ်သံဖြင့် ပြောသည် ။

"ငါ့အတွက်တော့ မနေ့ကမှ ဖြစ်ခဲ့တဲ့ အဖြစ်တစ်ခုပဲ။ မနေ့ကရော ... ကနေ့ရော ... မနက်ဖြန်ခါရော၊ အိုကွာ ... ငါမသေမချင်း အစဉ်သဖြင့် ဆိုပါတော့၊ ဒီအဖြစ်ကို မေ့လို့ မရနိုင်ဘူး"

နက်မှောင်သော ဆံစများ သည် သူ့နဖူးပြင်ထက်သို့ ကျလာသည် ။ သူ့လက်ဖြင့် ဆံပင်များကို ဒေါသတစ်ကြီး ဖယ်လိုက်သည် ။

"အပြစ်က ငါ့အပြစ်၊ အားလုံး ငါ့အပြစ်ချည်းပဲ။ ငါတစ်ယောက်တည်းမှာ ရှိတဲ့ အပြစ်၊ သိလား။ ငါလွှတ်လိုက်တာ။ မင်း အခုမြင်နေရတဲ့ ငါ့လက်တွေက သူ့ကို လွှတ်ပစ်လိုက်တာ။ မင်းကိုယ်တိုင် ကြုံခဲ့မယ်ဆိုရင် မင်းမေ့နိုင်မလား။ အခု ငါ ခံစားနေရတာထက် ဆိုးတော့မပေါ့"

စတိုင်းနား၏ မျက်နှာသည် ရုတ်တရက် ချက်ချင်းပင် အိုစာကျသွားသည် ။ "ငါ မမေးသင့်ဘူး" ဟု ရှာနာဘတ်က တွေးသည် ။ စတိုင်းနား၏ အဖြစ်ကိုကြည့်ကာ အနေရအထိုင်ရခက်လာသော ရှာနာဘတ်သည် သူ့ဆေးတံကို ပြန်ထုတ်ပြီး ဆေးတစ်ဆုံထပ်ထည့်သည် ။ သံမီးဖိုထဲမှ ထင်းခြောက်ပေါက်သံက တဖြောက်ဖြောက်။ စတိုင်းနားကတော့ တုတ်တုတ်မှ မလှုပ်။ အချိန်ကြာကြာ တိတ်ဆိတ်နေသောအခါ စိတ်ကျဉ်းကျပ်လာသည် ။ သူသည် စားပွဲပေါ်သို့ တံတောင်နှစ်ဖက်ဖြင့် လက်ထောက်လိုက်ပြီး စိတ်ထဲပေါ်လာသည့်အတိုင်း ပြောချလိုက်သည် ။

"ခင်ဗျား ပြောချင်တဲ့ အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားအဖို့ တော့ အရှင်လတ်လတ် ငရဲခံနေရသလို ဖြစ်နေမှာ ပါ။ ဒါပေမဲ့ တစ်သက်လုံး ဒီလိုခံစားနေဖို့ မသင့်ဘူး"

စတိုင်းနားသည် မျက်နှာပေါ်အုပ်ထားသည့် သူ့လက်များကို ခွာလိုက်ပြီး ရှာနာဘတ်အား လှမ်းကြည့်သည် ။

"တစ်သက်လုံး ... ဟုတ်လား"

သူသည် ခေါင်းကို ဆတ်ခနဲထောင်ပြီး နားစင့်နေသည် ။ တစ်စုံတစ်ရာကို ကြားသလိုလို ...။ ပြီးတော့ ရယ်သည် ။ သူ့ရယ်သံမှာ ခြောက်ကပ်ကပ်။ မရယ်ချင့်ရယ်ချင်နှင့် ရယ်လိုက်ရသည့်ပုံ။

"တစ်သက်လုံးတော့ ဒီအတိုင်း မသွားပါဘူး။ ဒီခံစားမှုကို ငါ တစ်သက်လုံးမခံစားရပါဘူး"

***

တွေးဖို့ အချိန်ရတိုင်း ရှာနာဘတ်သည် ဤအဖြစ်ကို သတိရသည် ။ ထိုစဉ်က ရှာနာဘတ်သည် စိတ်မချမ်းမြေ့မှုနှင့် စိတ်သာယာမှုကို တစ်ချိန်တည်း တစ်ပြိုင်တည်းခံစားခဲ့ရ၏။ အကယ်၍ သာ ထိုအချိန်က စကားတစ်ခွန်းမှားခဲ့ပါမူ သူနှင့်စတိုင်းနားတို့ ၏ ဆက်ဆံရေးသည် ပို၍ ဆိုးရွားလာဖို့ ရှိသည် ။ အခုတော့ အကြောင်းတိုက်ဆိုင်၍ လား မသိ။ အဆင်ပြေသွားသည် ။ စတိုင်းနားနှင့် အဆင်ပြေသွားသဖြင့် ဝမ်းသာရသော်လည်း ရင်နာစရာကောင်းသော စတိုင်းနား၏ အဖြစ်ကြောင့် စိတ်ထိခိုက်ခဲ့ရ၏။ မည်သို့ပင်ဖြစ်စေ ထိုနေ့မှ စ၍ သူတို့ နှစ်ဦး တရင်းတနှီး ဖြစ်လာကြသည် မှာ အမှန်ပင် ဖြစ်သည် ။ လူချင်းရင်းနှီးလာခဲ့ရသည် ဟုဆိုသော်လည်း သူမျှော်လင့်ထားသလောက်တော့ မဟုတ်။ သူ့ဘက်က ရင်းနှီးပွင့်လင်းသလောက် စတိုင်းနားဘက်က ပွင့်ပွင့်လင်းလင်း မရှိ။ သူတို့ တပ်စုတွင် စတိုင်းနား၏ ယုံကြည်စိတ်ချမှုကို ခံယူရပါသည် ဟုကြွားဝါနိုင်သူတစ်ဦးမျှ မရှိ။ အသေးအဖွဲကိစ္စလေးများမှာ ပင် မည်သူ့ကို

မှု ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ သူ့ဘာသာ သူတစ်ဦးတည်း ဖြေရှင်းလေ့ရှိသည် ။ တပ်စုဝင် ရဲဘော်အားလုံးအတွက် သူ့မှာ တာဝန်ရှိသည်ဟု ယူဆပုံလည်း မပေါ်။ အချိန်ရှိသမျှ သူ့အတွေးနှင့် သူ တစ်ဦးတည်း အချိန်ကုန်လေ့ရှိသည် ။ အခုဆိုကြည့် ... အလွန်အန္တရာယ်များ သော ကင်းထောက်အလုပ်ကို သူတစ်ယောက်တည်းလုပ်ဖို့ ထွက်သွားသည် ။ မည်သူ့ကိုမှ တိတိကျကျ ထုတ်ဖော်ပြောဆိုခြင်းမပြု။ အကယ်၍ ရန်သူနှင့်တွေ့၊ ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံခဲ့ပါမူ ...။

အတွေးသည် ရှာနာဘတ်အား ပစ္စုပ္ပန်လောကသို့ ပြန်တွန်းပို့သည် ။ သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး ကတုတ်ကျင်းပေါ် ကျော်၍ အပြင်သို့ မျှော်ကြည့်လိုက်၏။ အပြင်လောကတွင် ပိန်းပိတ်အောင် မှောင်နေသည် ။ ကြီးမားသော အမှောင်ထုအောက်ဝယ် သစ်ပင်များ သည် မည်းနက်နေကြသည် ။ သူသည် လက်မှ နာရီကို ကြည့်သည် ။ အတွေးရေလျဉ်ကြောတွင် မျောပါလိုက်သွားမိသဖြင့် မိနစ်နှစ်ဆယ်ကျော်မျှ အချိန်အလဟဿ ဖြစ်ခဲ့ရပြီ။ သူသည် စိုးရိမ်ပူပန်စိတ်ဖြင့် ကတုတ်ကျင်းထဲမှ ကပျာကသီ ထွက်လာသည် ။ ကျင်းဝရောက်တော့ အသံဗလံကို နားစွင့်သည် ။ ဘန်ကာဘက်သို့ လှည့်ကြည့်သည် ။

အမှောင်ထုအတွင်းမှ ထွက်လာသည့် အရိပ်မည်းမည်းတစ်ခု။ သူ့ဘက်သို့ လျင်မြန်စွာ လျှောက်လာသည် ။ သူ ချက်ချင်းသိလိုက်၏။ ဟိုလာဘား။

"မင်းက ဘာလုပ်ဖို့ ဒီရောက်နေရတာလဲ"

ဟိုလာဘားက မေးသည် ။

"ဘာမှ မလုပ်ဘူး။ စတိုင်းနား ဘယ်ရောက်နေလဲ။ မင်း မသိဘူးလား"

"မသိဘူး။ သူ ဘယ်ရောက်နေတယ်ဆိုတာ မာရ်နတ်ပဲ သိမယ်"

"တကယ် စိတ်ပျက်ဖို့ ကောင်းတာပဲ"

ရှာနာဘတ်က ညည်းသည် ။

"ဒီလူကြီး တူတူပုန်းတမ်း ကစားနေတဲ့ အလုပ်က လုပ်ဖန်များ လာတော့ စိတ်ကုန်လာတယ်။ သူနဲ့ အတူတူ တစ်ယောက်ယောက်တော့ ခေါ်သွားဖို့ ကောင်းတယ်ဗျာ"

ဟိုလာဘားက ပခုံးများကို တွန့်သည် ။

"သူ ဘယ်လိုလူစားဆိုတာ မင်း အသိသားနဲ့ "

ရှာနာဘတ်သည် အလွန်အရပ်ရှည်သူတစ်ဦး ဖြစ်သော်လည်း ဟိုလာဘားနှင့်ကျတော့ သူက မော့ကြည့်နေရသည် ။ ဟိုလာဘား၏ ခေါင်းတွင် ဦးထုပ်မပါ။ သူ၏ အရောင်ခပ်ဖျော့ဖျော့ ဆံဖြူများ သည် ညအမှောင်ထဲမှာ ပင် တလက်လက်။ သူနှင့် ကရူးဂါးတို့ သည် သူတို့ တပ်စုတွင် လူကြီးများ ဖြစ်ကြ၏။ တည်တည်ငြိမ်ငြိမ်နှင့် ခပ်ပျော်ပျော်နေတတ်သော ဟိုလာဘားသည် စာတိုက်မှ စာများ လာတိုင်း သူ့အမျိုးသမီးထံမှ စာတစ်စောင်အမြဲမပြတ်ပါလာတတ်သဖြင့် လူသိများ သူတစ်ဦး ဖြစ်၏။

သို့သော်လည်း လွန်ခဲ့သောအပတ်က လာနေကျစာများ ရောက်မလာ။ ရန်သူတပ်များကို ဝိုင်းမိအောင် ထိုးစစ်ဆင်နေသည် ဟူသော သတင်းနှင့် ကော့ကေးဆပ်တပ်ရင်းတစ်ခုလုံး ပိတ်မိနေပြီဟူသော သတင်းများ သူကြားခဲ့ရသည် ။ ထိုသတင်းများမှာ ကောလာဟလသတင်းများ မို့ သူသိပ်ပြီး အလေးအနက်မထားခဲ့။ သို့သော်လည်း စိတ်နှလုံးမသာယာဖွယ်ကောင်းမည့် မမျှော်လင့်သော ဖြစ်ရပ်များ နှင့် ရင်ဆိုင်ရ

တော့မည့် အခြေအနေနှင့် အလားအလာများကိုတော့ သူရိပ်စားမိသည် ။ စတိုင်းနားနှင့်သာ စကားပြောရလျှင် ဤအခြေအနေကို ဝေဖန်ချိန်ဆနိုင်စရာ ရှိလိမ့်မည်ဟု သူတွေးနေမိ၏။

"စတိုင်းနားဟာ ခေါင်းမာတဲ့ နေရာမှာ တော့ လားတစ်ကောင်နဲ့ အတူတူပါပဲဗျာ ..."

ရှာနာဘတ်က ရေရွတ်သည် ။

"မင်း သိတဲ့ အတိုင်းပဲ။ ဒီလူခွင့်သွားပြီး ပြန်ရောက်လာတာမှ ပိုဆိုးလာတယ်လို့ ငါထင်တယ်။ ဟိုမှာ ဘာတွေဖြစ်လာသလဲဆိုတာ ငါသိပ်သိချင်တာပဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း သိချင်တယ်"

ရှာနာဘတ်သည် လွန်ခဲ့သောလများ အတွင်းက အချိန်ရတိုင်း ဤကိစ္စကို စဉ်းစားတွေးတောခဲ့ဖူးသည် ။ အဖြေမရခဲ့။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ တပ်ကြပ်ကြီးကနေ ရိုးရိုးတပ်သားအထိရာထူးအလျှော့ခံရတာရယ်၊ စည်းကမ်းထိန်းသိမ်းရေးတပ်မှာ လေးလတိတိအပြစ်ပေးခံရတာရယ်၊ ဒါတွေဟာ ပေါ့သေးသေးတော့ မဟုတ်ဘူး ။ သူဖြစ်လာခဲ့တဲ့ ပြဿနာဟာ သိပ်သေးပုံတော့ မရဘူး။

ရှာနာဘတ်သည် သူ့ဗိုက်ကိုကုတ်ရင်း စဉ်းစားလျက်ရှိသည် ။ သူကတော့ ဤကိစ္စကို မသိသိအောင် လုပ်လိုသော ဆန္ဒမရှိ။ တပ်စုထဲတွင် တစ်ယောက်တစ်မျိုး ပြောနေကြသည် ကိုတော့ သူကြားသည် ။ သို့သော်လည်း စတိုင်းနားဘာကြောင့် ရာထူးလျှော့ခံရသည် ကို မည်သူမျှ တိတိကျကျ မသိ။

"ဖြစ်ခဲ့တဲ့ ပြဿနာက ခင်ဗျား ထင်သလောက်လည်း ဆိုးချင်မှ

ဆိုးမှာ ပါ" ဟု ပြန်ပြောသည် ။

စကားအဆက်ပြတ်သွားသည် ။ ရှာနာဘတ်သည် သူ့လက်ချောင်းများကို ချိုး၍ ရေတွက်ကြည့်သည် ။ စတိုင်းနား မိခင်တပ်ဖွဲ့သို့ ပြန်ရောက်လာသည် မှာ မကြာသေး။ နှစ်ဝက်သာ ရှိသေးသည် ။ အိုင်ဇီယမ်တိုက်ပွဲတွင် ဒဏ်ရာရခဲ့သော စတိုင်းနားသည် ဆေးခွင့်ဖြင့် အိမ်ပြန်သွားခဲ့သည် ။ ခွင့်ဖြင့်နေစဉ်အတွင်း ပြဿနာတစ်ခုခုနှင့် ရင်ဆိုင်ခဲ့ရပုံပေါ်၏။ ထိုပြဿနာအကြောင်းကို သိချင်၍ ဝိုင်းမေးကြသော်လည်း စတိုင်းနားက မဖြေ။ မည်သို့ပင်ဖြစ်စေ သူ့အား စည်းကမ်းထိန်းသိမ်းရေး တပ်ရင်းအမှတ် ၅၀၀ သို့ အပို့ခံခဲ့ရသည် မှာ အမှန်။ တပ်ကြပ်ကြီး ရာထူးမှ ရိုးရိုးတပ်သားအဆင့်ထိ ရာထူးလျှော့ချခံခဲ့ရသည် မှာ လည်း အမှန်။ တပ်ရင်းအမှတ် ၅၀၀တွင် အပြစ်ဒဏ်ခံခဲ့ရပြီးနောက်တွင် တပ်ကြပ်အဆင့် ပြန်တိုးပေးသည် ။ ထို့နောက် လွန်ခဲ့သော ခြောက်လခန့်က မိခင်တပ်ခွဲသို့ ပြန်ပို့သည် ။ ယခုတစ်ခေါက် ပြန်အရောက်တွင် စတိုင်းနားသည် ယခင်ကထက်ပို၍ စကားနည်းသွားသည် ။ ယခင်ကထက်တိုး၍ ခက်ထန်ကြမ်းကြုတ်လာသည် ။ ဤအကြောင်းကို သိနိုင်ဖို့ အတွက် ရှာနာဘတ်ကိုယ်တိုင် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ဖူးသည် ။ စတိုင်းနားက ပခုံးသာတွန့်သည် ။ အဖြေမပေး။ လွန်ခဲ့သော အပတ်ကလည်း တပ်စုတစ်စုလုံး မအားလပ်အောင် အလုပ်များ နေခဲ့သည် ။ သူတို့ တပ်စုသည် တွာပဆီမှ ဆုတ်ခွာလာခဲ့ပြီး ဤနေရာသစ်တွင် တပ်စွဲခဲ့ရသည် ။ အခြေအနေအရဆိုလျှင် ဤနေရာသည် နောက်ဆုံးခရီး၏ အစပင်ဖြစ်လေမလား။ ရှာနာဘတ်သည် အမှျင်မပြတ် တွေးနေရင်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည် ။

"ကျွန်တော်တို့ သူ့ကို လိုက်ရှာကြရင် မကောင်းဘူးလား"

"ငါလည်း အဲဒါစဉ်းစားနေတာပဲ။ ဒါပေမဲ့ ဒီလောက် မှောင်ကြီးမည်းကြီးထဲမှာ ဘယ်သွားပြီး ဘယ်လိုရှာကြမှာ လဲ။ ငါတို့ အားလုံးသိထားတာက ဟိုဘက်မှာ ရုရှားတွေ ရှိနေတယ်"

ရှာနာဘတ် မငြင်းသာ။ ရှာဖို့ ဆိုသည် မှာ လွယ်သောကိစ္စမဟုတ်။ သူသည် ခါးမှ လျောကျနေသော ကျည်ဆန်ခါးပတ်ကို အပေါ်သို့ ပင့်တင်လိုက်သည် ။

"နွေးနွေးထွေးထွေးရှိမယ့် နေရာတစ်နေရာမှာ ခင်ဗျား သွားနေပါလား။ ကျွန်တော် ဒီမှာ စောင့်ပေးမယ်။ အရေးအကြောင်းဆိုရင် ကျွန်တော် ဘယ်မှာ ရှိနေမယ်ဆိုတာ ခင်ဗျား သိနေတာပဲ"

ဟိုလာဘားက ခေါင်းတစ်ချက်ညိတ်ပြီး ပင်ပန်းနွမ်းနယ်သော ခြေလှမ်းများ ဖြင့် ဘန်ကာဘက်သို့ ပြန်လျှောက်သွားသည် ။

***

အခုတော့လည်း လူအားလုံးလိုလိုပင် မှိန်းနေကြပြီ။ ဒွန်တစ်ယောက်ကတော့ စားပွဲတွင် ထိုင်နေဆဲ။ ကင်းတာဝန်ကျသည့် ဒိုင်းယက်နှင့် လူချင်းလဲဖို့ အချိန်က သိပ်နီးကပ်နေပြီ။ မှေးမှိတ်နေဖို့ အချိန်က မရှိတော့။ ပြီးတော့ ... သူဗိုက်နာနေသည် မှာ ရက်အတန်ကြာခဲ့ပြီ။ ချို့ချို့ငဲ့ငဲ့ ချွေချွေတာတာနှင့် စားသောက်နေရသော ရိက္ခာကြောင့် ဖြစ်မည်ထင်၏။

သူ့မျက်လုံးများ နှင့် ဘန်ကာအပြင်အဆင်အမွမ်းအမံများကို လျှောက်ကြည့်နေမိသည် ။ သူတို့ တပ်စုသည် နှစ်ပတ်တိတိမျှ ခွေးတွေလို အလုပ်လုပ်ခဲ့ရ၏။ ဘန်ကာအတွက် လိုအပ်သောပစ္စည်းများကို အနီးအနားရွာများမှ ရှာဖွေသယ်ယူခဲ့ကြရသည် ။ တွင်းတူးသူကတူး၊ လက်သမားလုပ်သူက လုပ်။ ဘန်ကာပြတင်းပေါက်ပေါင်များ ခွေသူကခွေ၊ တပ်

သူက တပ်၊ ကြမ်းခင်းလုပ်ဖို့ ကောက်ရိုးများ ရက်သူကရက်နှင့် ဘန်ကာထဲတွင် သက်သောင့်သက်သာ နေနိုင်ဖို့ အတွက် အလုပ်နှင့်လက် မပြတ်အောင်လုပ်ခဲ့ကြရသည် ။ အခုတော့ လုပ်ခဲ့သမျှ၊ ပင်ပန်းခဲ့သမျှ သံယောဇဉ်များ အလဟဿဖြစ်ရဦးတော့မည်။ ဤနေရာကို ရဲဘော်များအားလုံး သံယောဇဉ်ငြိတွယ်နေကြသည် မှာ အမှန်။ မိမိတို့ ခွန်အားဖြင့် ဖန်တီးလုပ်ကိုင်ထားသော သာယာချမ်းမြေ့မှုလေးတစ်ခုဟု ဆိုနိုင်သည် ။ သာမန်အားဖြင့် ကြည့်လျှင် မြေကြီးထဲ တူးထားသည့် တွင်းကြီးတစ်ခုမျှသာ ဖြစ်၏။ သို့သော်လည်း သူတို့လို ခြေသလုံးအိမ်တိုင်လုပ်ပြီး တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းသွားလာနေရသော စစ်သားများ အဖို့ တော့ သာမန်မြေတွင်းမဟုတ်။ ပို၍ အဓိပ္ပာယ်ရှိသော ကွန်းခိုရာ စခန်းသာတစ်ခု ဖြစ်သည် ။ သို့တစေလည်း မည်မျှပင် သံယောဇဉ်အမျှင်တန်းတန်း ဤနေရာမှ ခွာကြရတော့မည်။ စတိုင်းနား ပြောသွားပုံကတော့ အားတက်စရာမရှိ။

သူသည် သက်ပြင်းရှူလိုက်ပြီး လက်မှ နာရီကို ကြည့်သည် ။ ကင်းလဲဖို့ အချိန်ကျပြီ။ သံခမောက်ကို ကောက်ဆောင်းပြီး ရိုင်ဖယ်သေနတ်ကို ယူကာ ဘန်ကာအပြင်ဘက်သို့ ထွက်ခဲ့သည် ။ မိုးစက်များ သည် သူ့မျက်နှာကို ဆီး၍ ရိုက်ခတ်သည် ။ မိုးငွေ့ကြောင့် မျက်မှန်မှုန်ဝါးဝါးဖြစ်သွားသည် ။ သူသည် ချောနေသော ဘန်ကာလှေကားထစ်များကို သတိထား၍ တက်သည် ။ မျက်မှန်ကိုချွတ်လိုက်ပြီး မျက်စိများကို အမှောင်ထုဖြင့် ကျင့်သားရအောင် ကြိုးစားသည် ။ ဘန်ကာတံခါးနှင့် ခြေလှမ်းအနည်းငယ်မျှအကွာတွင် သစ်ပင်တစ်ပင်ကို မှီရပ်နေသော ဒိုင်းယက်နှင့် ဆုံမိသည် ။

"မင်းရောက် လာပြီလား"

ဒိုင်းယက် ဆီးမေးသည် ။

"အချိန်စေ့သွားပြီ"

ဒွန်က ဖြေသည် ။

ဒိုင်းယက် သူ့အနီးသို့ လျှောက်လာသည် ။ အေးချမ်းသဖြင့် မေးချင်း ရိုက်သံ ထွက်လာနေသည် ။

"အတော့်ကို စုတ်ပဲ့တဲ့ ရာသီဥတုပါပဲကွာ ..."

ဒိုင်းယက်သည် သူ့ပခုံးထက်မှ ရိုင်ဖယ်သေနတ်ကို သက်သောင့်သက်သာဖြစ်သွားအောင် ပြင်၍ လွယ်လိုက်သည် ။

"ကနေ့ည ငါတို့ လူစု အင်မတန်သာယာတဲ့ အချိန်နဲ့ ကြုံရတော့မှာပဲ။ စစ်အခမ်းအနားနဲ့ သင့်ဂြိုဟ်တဲ့ ပွဲမှာ လမ်းလျှောက်ရသလိုနေတော့မှာ သေချာတယ်။ မင်း စဉ်းစားကြည့်စမ်း ။ အခုလို ရာသီဥတုနဲ့ ရွံ့ဗွက်တွေထူတဲ့ သစ်တောကြီးကို မိုင်နှစ်ဆယ် လောက် ဖြတ်လျှောက်ရမယ့် ကိစ္စတွေ။ လွယ်မယ်မှတ်လား"

"ဟုတ်ပ့ါကွာ။ အတော့်ကို ဒုက္ခရောက်မယ့်ဟာပဲ"

ဒွန်က ထောက်ခံသည် ။

"အခုလောက်ကတည်းက မိုးတိတ်သွားရင်တော့ တော်လိမ့်ဦးမယ်"

ဒိုင်းယက်က ထင်ကြေးပေးသည် ။ မိုးကတော့ တဖြောက်ဖြောက်ရွာဆဲ။ ဒွန်က သူ့သံခမောက်ကို အပေါ်သို့ အနည်းငယ်လှန်တင်လိုက်ပြီး သစ်ပင်ကို မှီရပ်သည် ။

"သတိတော့ မလစ်စေနဲ့ ဟေ့။ ကဲ ငါသွားမယ်"

ဒိုင်းယက် ဒွန်၏ ပခုံးကို တစ်ချက်လှမ်းပုတ်ပြီး ဘန်ကာထဲသို့

ဝင်သွားသည် ။

မိနစ်တွေ ကုန်မှန်းမသိကုန်လာသည် ။ အမှောင်ထုကလည်း တဖြည်းဖြည်း တိုး၍ နက်ရှိုင်းလာသည် ။ တစ်နေရာဆီမှ ဖီးကွက်မြည်သံ။ လေအရှိန်ဖြင့် မှောင်မည်းမည်းထဲတွင် သစ်ပင်များ ယိမ်းကနေကြသည် ။ ဒွန်သည် သူ့နဖူးထက်မှ သံခမောက်ကို ပြန်ဆွဲချလိုက်ပြီး အမှောင်ထုကို ငေးစိုက်ကြည့်သည် ။ အခုအချိန်ထိ မျက်မှန်ကို သူ့အိတ်ကပ်ထဲမှ မထုတ်နိုင်သေး။ အခုလို ရာသီတွင် မျက်မှန်သည် အသုံးမကျ။

စတိုင်းနား ဘာကြောင့် အခုလောက်ကြာနေရသနည်း။ ဘာများ ဖြစ်နေသနည်း။ သူ့ဗိုက်ထဲက နာလာသည် ။ သူ့ဗိုက်သည် ယခင်ကထက်ပိုဆိုးလာသည် ဟု သူထင်သည် ။ လက်သီးဆုပ်ဖြင့် သူ့ဗိုက်ကို နှိပ်၍ ထောက်ထားသည် ။ ခဏတော့ ဗိုက်နာပျောက်သွားသည် ။ လက်သီးဆုပ်ကို လွှတ်လိုက်သည် နှင့် တစ်ပြိုင်နက် ဗိုက်က မခံမရပ်နိုင်လောက်အောင် ပြန်နာလာသည် ။ သူသည် ခါးကို ကုန်းထားကြည့်သည် ။ စောစောကနှင့်မတူ ဗိုက်နာသက်သာသလို ရှိသည် ။ လက်တစ်ဖက်ဖြင့် သူ့ပါးများကို ယောင်ယမ်းစမ်းမိသည် ။ မျက်နှာတစ်ခုလုံးတွင် ကြမ်းတမ်းသော ပါးမြိုင်းမွေးများ ။ သူ့တစ်ကိုယ်လုံးလည်း စွတ်စိုစေးထန်းနေသည် ။ တစ်ကိုယ်လုံးကြေးညှော်အထပ်ထပ်နှင့် ညစ်ပတ်နံစော်လျက်ရှိသည် ဟု သူတွေးမိသည် ။ ခဏနေတော့ သူ့လက်နှစ်ဖက်ကို ပေါင်ပေါ်ထောက်ကာ ခါးကို ကုန်းနိုင်သမျှ ကုန်းထားသည် ။ သူ့ရိုင်ဖယ်သေနတ်ကို ခြေနှစ်ချောင်းကြားတွင် ညှပ်ထောက်ထားလိုက်၏။ မကြာမကြာ သူ့နားထဲသို့ ထူးဆန်းသောအသံများ ဝင်ရောက်လာတတ်သည် ။ သို့သော်လည်း သူ အာရုံမစိုက်နိုင်။

သူ့ခေါင်းသည် ရှေ့သို့ ဖြည်းဖြည်းချင်း ငိုက်၍ ငိုက်၍ ကျလာသည် ။

သူ့ပါးစပ်သည် ဟလာသည် ။ အခု ငါဖြစ်နေတဲ့ ပုံကို မာရီယာသာ မြင်ရလျှင် ...။ သူ့အတွေးသည် ။ သူ့မိန်းမ မာရီယာထံ ရောက်သွားသည် ။ သူသည် ခေါင်းကို ပြန်မော့လိုက်သည် ။ မာရီယာ၊ ဘက်တီ၊ ဂျာဂင်း။ သည်နှစ်ဆိုလျှင် ဂျာဂင်း ကျောင်းနေတော့မည်။ နံနက်တိုင်း သူ့သားငယ်ဂျာဂင်းကို ကျောင်းလိုက်ပို့နေသည့် သူ့မိန်းမ မာရီယာ၏ ပုံကို စိတ်ကူးဖြင့် ပုံဖော်ကြည့်နေမိ၏။ တဒင်္ဂချမ်းမြေ့သာယာမှုသည် ဖျတ်ခနဲ ပေါ်လာသည် ။ သူပြုံးမိ၏။ ပြီးတော့ ... ဘက်တီ။ ဂျာဂင်းထက် နှစ်နှစ်ငယ်သည် ။ အေးသည် ။ သူ့အမေလို စိတ်ခပ်ထက်ထက်။ သို့သော် ချူချာသည် ။ သူနှင့်ရွယ်တူ မိန်းကလေးများ နှင့် မတူ။ ဆရာဝန်ကတော့ တောပိုင်းတစ်နေရာမှာ ရိပ်သာတစ်ခုသို့ပို၍ လအနည်းငယ်မျှ ထားသင့်သည် ဟု အကြံပြုခဲ့သည် ။ အကယ်၍ စစ်ကြီးသာ မဖြစ်ဘူးဆိုပါမူ အဆင်ပြေစရာရှိ၏။ အခုတော့ သည် စစ်ကြီးသည် ကြာတော့ ကြာလိမ့်မည်မထင်။ သို့သော် ဘယ်ပုံ အဆုံးသတ်မည်နည်း။

လက်တစ်ဖက် သူ့လက်မောင်းကို ခပ်ကြမ်းကြမ်းကိုင်ဆုပ်ပြီး သူ့တစ်ကိုယ်လုံးကို မတ်တတ်ဖြစ်သွားအောင် ဆွဲယူထူမခြင်းခံရသည့် အချိန်ထိ သူ့အတွေးက မပြတ်သေး။ ထိတ်လန့်ကြောက်ရွံ့ခြင်းပြင်းစွာနှင့် မော့ကြည့်သည် ။ စတိုင်းနား၏ မျက်နှာ။

"ကင်းကျတုန်း အိပ်ရင်တော့ မင်းအသက်တိုလိမ့်မယ်။ မင်း သေနတ်ကို ကောက်လိုက်"

စတိုင်းနားက ဒွန်၏ လက်မောင်းကို လွှတ်ပေးလိုက်သည် ။ မြေကြီးပေါ်လဲကျနေသော သေနတ်ကို ဒွန်ကုန်းကောက်သည် ။ စတိုင်းနားသည် တောအုပ်ဘက်မှ ထွက်ပေါ်လာနေသော အသံများ ဆီသို့ နားစွင့်လျက်ရှိသည် ။

ခဏနေမှ ဒွန်ဘက်သို့ သူမျက်နှာ လှည့်လာသည် ။

"မင်း ကင်းကျတဲ့ အခါ ထိုင်စောင့်ချင် စောင့်နိုင်သည် ။ ဒါပေမဲ့ လုံးဝ မအိပ်နဲ့ "

ပြောပြောဆိုဆိုပင် စတိုင်းနားသည် ဘန်ကာထဲသို့ ဆင်းသွားသည် ။ မကြာခင် စောင်နှင့် အိပ်ရာခင်းများကို ကိုင်ပွေ့ကာ ပြန်ရောက်လာသည် ။ သူသည် စောင်တစ်ထည်ကို မြေကြီးပေါ် ဖြန့်ခင်းလိုက်သည် ။ အိပ်ရာခင်းများကို ပခုံးနှစ်ဖက်လုံအောင် လွှမ်းခြုံလိုက်ပြီး သစ်ပင်တစ်ပင်ခြေရင်းတွင် မှီထိုင်သည် ။

"မင်း ငါ့ဘေးမှာ လာထိုင်လှည့်"

ဒွန်အား လှမ်းအမိန့်ပေးသည် ။

"ညဆိုရင် ထိုင်နေတဲ့ လူက ပိုမြင်ရတယ်ကွ"

ဒွန်က စတိုင်းနားဘေးတွင် ဝင်ထိုင်သည် ။ စောစောက သူပြုမိသော အပြစ်ကြောင့် မလုံမလဲဖြစ်နေဆဲ။ သူ ခံစားနေရသော ဗိုက်နာရောဂါအကြောင်းကို စတိုင်းနားအား ပြောပြလျှင် သင့်မလား။ အခုတော့ ဗိုက်နာပျောက်နေပြန်သည် ။ နှစ်ယောက်သား မိနစ်အနည်းငယ်ကြာမျှ စကားမပြောမိကြ။ ထို့နောက် ဒွန်က စမေးသည် ။

"ခင်ဗျား မော်တော်ကားလမ်းဘက် ရောက်ခဲ့သလား"

"အေး၊ ရောက်ခဲ့တယ်"

"လမ်းအခြေအနေက ဘယ်လိုလဲ"

"သိပ်လှ၊ သိပ်ချစ်စရာကောင်းတဲ့ လမ်းမကြီးပေါ့ကွာ"

ဒွန်က စတိုင်းနားမျက်နှာကို စိုးရိမ်ကြောင့်ကြစိတ်ဖြင့် လှမ်းကြည့်သည် ။

"ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ။ ခင်ဗျား ရုရှားတွေကို မြင်ခဲ့တယ်ပေါ့ ။ ဟုတ်လား"

"အင်း၊ ခြေလျင်တပ်တွေ၊ ထရပ်ကားတွေ၊ တင့်ကားတွေ အများကြီးပဲ။ ရုရှားတပ်ကြီးတစ်တပ်ပဲ"

"လမ်းမကြီးပေါ်မှာ လား"

"ဟိုး မိုးကောင်ကင်ထဲက လေထဲမှာ မဟုတ်တာတော့ သေချာတယ်ကွ။ ငါပြောတာ ယုံပါ"

ဒွန်သည် သက်ပြင်းတစ်ချက်ချလိုက်သည် ။ နှုတ်မှ လည်း "ဘုရား .... ဘုရား" ဟု ရေရွတ်သည် ။ သူ့ခြေထောက်နှစ်ဖက်စလုံး ချည့်နဲ့ သလို ဖြစ်လာသည် ။ သူ့ခါးမှ စွတ်စိုနေသော ယူနီဖောင်းဝတ်စုံသည် သံချပ်အင်္ကျီများ ဝတ်ဆင်ထားရသည့်နှယ် လေးလံလာသည် ။

"လမ်းပေါ်မှာ သူတို့ တပ်တွေ ရှင်းသွားတဲ့ အထိတော့ စောင့်ရမှာ ပဲ။ မနက်ဖြန် မိုးလင်းချိန် ဆိုရင်တော့ ရှင်းသွားကောင်းပါရဲ့ "

စတိုင်းနားသည် သူ့ဒူးနှစ်လုံးကို ရင်ဘတ်နှင့်ထိလိုက်ပြီး သူ့တော်မီဂန်းကို ရင်ခွင်ထက်သို့ ထည့်လိုက်ရင်းက ပြောသည် ။

"ဒါပေမဲ့ ... အဲဒါလည်း မျှော်လင့်ချက်တော့ ရှိမယ်မထင်ဘူး။ ကျွန်တော်တို့ လမ်းမကြီးကို ရှောင်ကွင်းသွားလို့ မရဘူးလား"

ဒွန်က မေးသည် ။

"မင်းပြောသလို ရှောင်ကွင်းသွားမယ်ဆိုရင် ခရီးအကွာအဝေးက နှစ်

ဆဖြစ်လာလိမ့်မယ်။ ငါတို့ မှာ အချိန်မရှိဘူး။ တကယ်လို့ ရုရှားတပ်တွေ ငါတို့ အရင် ကရင်စကားရားကို ရောက်သွားမယ်ဆိုပါတော့။ ငါတို့ အား လုံးနစ်ပြီ"

အရှိကိုအရှိအတိုင်း မကွယ်မထောင့် ပြောချလိုက်သော စတိုင်းနား၏ စကားကြောင့် ဒွန်သည် ထိတ်လန့်တုန်လှုပ်လာသည် ။ ရေစိုနေသော သူ့မျက်နှာကို လက်ခုံဖြင့် သုတ်လိုက်ရင်းက ကြောက်လန့်အားငယ်သံဖြင့် မေးသည် ။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

စတိုင်းနားက ဒေါသတကြီး ထဟောက်သည် ။

"မင်း ငါပြောတာကြားတယ် မဟုတ်လား။ ငါတို့ လမ်းမကြီးကို မဖြတ်လို့ မရဘူး။ ဖြတ်ရမယ်"

"ဆိုပါတော့။ ရုရှားတွေက ကျွန်တော်တို့ ကို တွေ့သွားရင်"

"အဲဒီကျတော့လည်း မဂ်လာနံနက်ပါခင်ဗျာလို့ နှုတ်ဆက်ပြီး သူတို့ ကို မုန့်စားကြွဖို့ ဖိတ်လိုက်တာပေ့ါ"

ဒွန်သည် ကြောက်လန့်သောစိတ်ဖြင့် သူ့မျက်စိနှစ်လုံးကို မှိတ်ထား လိုက်သည် ။ သူ့ဆီသို့ တော်မီဂန်းသေနတ်များ ဖြင့် ချိန်ရွယ်ပြီး လာနေသော ရုရှားတပ်များကို မြင်နေသည် ။ တဒင်္ဂမျှ ငြိမ်ဆိတ်နေသည် ။ ပြီးတော့ စတိုင်းနား၏ ရယ်သံ ...။

"မင်းဟာ ဒဿနိကဗေဒပညာရှင်တစ်ယောက် မဟုတ်လားကွ"

ဒွန်က တအံ့တသြ မော့ကြည့်သည် ။

"ဟုတ်တယ်လေ။ ဘာကြောင့် မေးတာလဲ"

"မင်းက ဒဿနိကဗေဒပညာရှင်တစ်ယောက်ဖြစ်ပါလျက်နဲ့ ငါတို့ ရဲ့ လက်ရှိအခြေအနေကို အကောင်းဘက်က လှည့်ပြီး မမြင်တတ်တာဟာ ငါ့အဖို့ အံ့သြစရာတစ်ခု ဖြစ်နေလို့ ပါ"

"ဒီကိစ္စက ဒဿနိကဗေဒပညာနဲ့ ဆိုင်လို့ လားဗျ ..."

စတိုင်းနားက ဟက်ဟက်ပက်ပက် ထပ်ရယ်သည် ။ သူသည် ရှေ့တည့်တည့်ရှိ အမှောင်ထုနှင့် တဖွဲဖွဲကျနေသော မိုးစက်မိုးပေါက်များကို ငေးကြည့်နေသည် ။

"မင်းဟာ ဒဿနိကဗေဒပညာရှင်တစ်ယောက်အနေနဲ့ အရာဝတ္ထုတွေရဲ့ ကြားမှာ ဖြစ်ပေါ်တည်ရှိနေတဲ့ ဆက်စပ်မှုတွေကို အမြဲတမ်း ရှာဖွေကြည့်တတ်တယ်။ ဒါပေမဲ့ မင်း မကြာမကြာ ပြောပြောနေတဲ့ အင်မတန်သိမ်မွေ့နက်ရှိုင်းလှပါတယ်ဆိုတဲ့ မင်းရဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာ ဗဟု သုတတွေက မင်းရဲ့ လက်တွေ့ဘဝမှာ ဘာတစ်ခုမှ အထောက်အကူပြုတာ မတွေ့ရဘူး။ ငါ့အဖို့ တော့ ဒီအချက်ဟာ စဉ်းစားစရာဖြစ်နေတယ်။ သာမန် ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ရပြီဆိုရင် မင်းတတ်ထားတဲ့ ဒဿနိကဗေဒပညာက ဘာမှ သုံးမရတော့ဘူး"

ဒွန်က စိတ်ပျက်သော အမူအရာဖြင့် ပခုံးတွန့်လိုက်သည် ။

"ဒါကတော့ ခင်ဗျား ထင်ချင်သလို ထင်ပါ။ ရပါတယ်"

***

ရာနာဘတ်ကို ခေါ်ဖို့ ဟိုလာဘား ဘန်ကာထဲမှ ထွက်လာခဲ့သော အချိန်က စတိုင်းနားအပါအဝင် ရဲဘော်အားလုံး စားပွဲတွင် ထိုင်နေကြသ

ည် ။ သူတို့ နှစ်ယောက် ဘန်ကာထဲ ပြန်ရောက်တော့လည်း အားလုံး ဤ ပုံစံအတိုင်း ဝိုင်းထိုင်နေကြဆဲ။ ရှာနာဘတ်သည် စတိုင်းနား၏ မျက်နှာကို မကြည့်ဘဲနှင့် စတိုင်းနား၏ လောလောဆယ် စိတ်အခြေအနေကို ရိပ်မိသည် ။ စတိုင်းနား သူ့အပေါ် ကျေနပ်ပုံမရ။ သူသည် အလိုက်သိစွာပင် ခုတင်တစ်လုံးပေါ် သွားထိုင်သည် ။

"မင်းက ငါ့အတွက် စိတ်ပူလွန်းလို့ မနေနိုင်မထိုင်နိုင် ဖြစ်နေတယ် ဆိုကွ။ ဟုတ်လား"

စတိုင်းနားက မေးသည် ။ သူ့အသံက လှောင်သလို ပြောင်သလို သရော်သလို ခနဲ့ တဲ့ တဲ့ ။ ရှာနာဘတ် မျက်နှာတစ်ခုလုံး နီရဲလာသည် ။

"အတော့်ကို သောက်သုံးမကျတဲ့ အကောင်ပါလား"ဟု ရှာနာဘတ်က တွေးသည် ။ ဒေါသကြောင့် သူ့တစ်ကိုယ်လုံးတုန်နေသည် ။ အသားလွတ် အစော်ကားခံရသည် ဟု စိတ်ကထင်လေ နာကြည်းလေ။ နောက် ဆိုရင်တော့ အကြောင်းသိရောပေ့ါကွာ ... ဟု စိတ်ထဲက ကျိတ်၍ ကြုံးဝါးသည် ။ သူသည် ဒေါပွပွဖြင့် ဆေးတံကို မရပ်မနားဖွာသည် ။ စတိုင်းနားက သူ့အဖြစ်ကို လှမ်းကြည့်ကာ သဘောကျနေပုံပေါ်၏။ သူသည် လက်ထဲက မြေပုံကို စားပွဲပေါ် ဖြန့်ခင်းလိုက်ပြီး ရဲဘော်အားလုံးကို ခေါ်သည် ။

"ကရင်စကားရားက ဘယ်လောက်ဝေးသလဲ"

မက်က မြေပုံကိုငုံ့ကြည့်ပြီး မေးသည် ။

"မိုင်နှစ်ဆယ်လောက်၊ တကယ်လို့ မော်တော်ကားလမ်းမကြီးအတိုင်း သွားမယ် ဆိုရင်တော့ မိုင်လေးဆယ် နီးပါးရှိမယ်"

"ဒါဆိုရင် ကျွန်တော်တို့ ကားလမ်းမကြီးအတိုင်း သွားလို့ မဖြစ်ဘူး"

ကရူးဂါးက ဝင်ပြောသည် ။

စတိုင်းနားက မြေပုံကို သေသေချာချာ ထပ်ကြည့်သည် ။

"ဒီနယ်မြေတစ်ခုလုံး သစ်တောချည်းပဲ။ မြေပုံပေါ်မှာ တွေ့ရသလောက်ဆိုရင် မြေက တောရိုင်းမြေပဲ။ လမ်းကောင်းကောင်း ရှိမယ့်ပုံမပေါ်ဘူး။ ချောင်းတစ်ခုလည်း ဖြတ်စီးနေတယ်။ တစ်နယ်လုံး စိမ့်ထူတဲ့ နယ်မြေဖြစ်နေတယ်။ အရေးကြီးတဲ့ ပြဿနာက တခြား မဟုတ်ဘူး ။ ဒီနယ်မြေထဲက ဘေးမသီရန်မခဘဲ ထွက်နိုင်ပါ့မလားဆိုတာပဲ"

"ဒီလို ဆိုရင်တော့ ကားလမ်းမအတိုင်း သွားကြတာပေါ့"

ကရူးဂါးက ဝင်ထောက်ပြန်သည် ။

"ဟုတ်တယ်"

ကန်းက ခေါင်းတစ်ချက်ညိတ်၍ ပြောသည် ။

"ကားလမ်းအတိုင်း လျှောက်ရတာ အကောင်းဆုံးဖြစ်မယ်။ မနက်ဖြန်ညဆိုရင် လေးဆယ့်ငါးမိုင်ခရီးတော့ ကျော်နိုင်ပြီ။ တပ်ရင်းကလည်း ကားလမ်းအတိုင်း သွားမှာ ပါ"

စတိုင်းနားက ရှင်းပြသည် ။

"ပထမအချက်က တပ်ရင်းက လမ်းမလျှောက်ဘူး။ ထရပ်ကားတွေနဲ့ သွားတာ။ ဒုတိယအချက်က ငါတို့ လူစု အနှောင့်အယှက်မရှိဘဲ ကားလမ်းအတိုင်း လျှောက်သွားနိုင်လိမ့်မယ်လို့ ငါမထင်ဘူး"

ကန်းက မြေပုံကို ငုံ့ကြည့်ပြီး "ဘာပြုလို့ လဲ" ဟု မေးသည် ။

စတိုင်းနားသည် စိုးရိမ်ပူပန်နေသော သူ့ရဲဘော်များ ၏ မျက်နှာများ

ကို အတန်ကြာမျှ အကဲခတ်သည့်နှယ် ကြည့်နေသည် ။ ထို့နောက် ထိုင်ရာမှ ထရပ်သည် ။

"ရုရှားတပ်တွေ ကားလမ်းပေါ် ရောက်နေကုန်ပြီ။ အခိပ္ပာယ်က ငါတို့ မှာ ရွေးစရာလမ်းမရှိဘူး။ သစ်တောတွေပဲ ဖြတ်ထွက်ရမယ်ဆိုတဲ့ အခိပ္ပာယ်ပဲ။ သူတို့ နဲ့ ထိပ်တိုက် မတွေ့အောင် ရှောင်ပြီး တစ်နေရာရာမှာ လမ်းမကြီးကို ဖြတ်မယ်။ ဒါပဲ"

သူက တော်မီဂန်းကို ကောက်၍ ပခုံးတွင် လွယ်လိုက်ပြီး တံခါးဆီ လျှောက်သွားကာ တံခါးကို ဖွင့်သည် ။

"အားလုံး စုစုစည်းစည်းနဲ့ ရှေ့နောက်တန်းစီထွက်၊ တစ်ယောက်နဲ့ တစ်ယောက် ကပ်လိုက်။ မင်းတို့ လက်နက်ပစ္စည်းတွေကို အသံမထွက်စေနဲ့ "

ရဲဘော်အားလုံး သူ့ရှေ့မှ တစ်ယောက်ပြီးတစ်ယောက် ဖြတ်ထွက်သွားကြသည် ။ ဘန်ကာထဲမှ နောက်ဆုံးထွက်ရမည့်သူမှာ စတိုင်းနား။ သူသည် သံမီးဖိုကို ခြေထောက်နှင့် ကန်လှဲလိုက်သည် ။ မီးဖိုထဲမှ တရဲရဲတောက်နေသော မီးခဲများ သည် ကြမ်းပေါ်ပြန့်ကြဲသွားသည် ။ သူသည် ဘန်ကာထဲမှ အပြင်သို့ထွက်ကာ တံခါးကို ဆွဲပိတ်လိုက်၏။ ဘန်ကာနှင့် ကိုက်အနည်းငယ်အကွာတွင် သူ့အား ရပ်စောင့်နေကြသော သူ့ရဲဘော်များ နှင့် ဆုံမိသည် ။ သူ ရှေ့ဆုံးမှ နေရာယူပြီးသည် နှင့် တစ်ပြိုင်နက် တပ်စုသည် တောအုပ်အတွင်းသို့ တိုးဝင်သည် ။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ။ မဖြစ်သာလွန်းမှ သာ နှစ်ကိုယ်ကြား တီးတိုးလေသံဖြင့် ပြောသည် ။ မိနစ်နှစ်ဆယ်ခန့်ကြာသော် သစ်ပင်များကျဲလာသည် ။ နောက်ထပ် ငါးမိနစ်ခန့်လျှောက်မိသော် တောအုပ်အစွန်းသို့ ရောက်သွားသည် ။ တောအုပ်အတွင်းမှ ထွက်မိသည် ဆို

လျှင်ပင် သူတို့ ခြေထောက်များ သည် ထွန်ယက်ပြီးစ လယ်မြေများ ပေါ် နင်းမိကြသည် ။ မိုးစက်မိုးပေါက်များ သည် အေးမြသောလေနှင့်အတူ ပါ လာပြီး သူတို့ မျက်နှာများကို ရိုက်ခတ်သည် ။

ကိုက်အနည်းငယ်ခန့် သွားမိသော် သူတို့ ၏ ဖိနပ်များ တွင် အဆုပ် လိုက် အခဲလိုက် ကပ်ပါလာသော ရွှံ့စေးများက ခရီးမတွင် အောင် နှော င့်ယှက်စပြုလာသည် ။ ပခုံးပေါ်မှ စက်သေနတ်များ နှင့် ကျည်ဆန်သေ တ္တာများ သည် အဆမတန် လေးလာသည် ။ အသက်ကိုမှ ဖြောင့်ဖြောင့် မှန်မှန် မရှုနိုင်။ ထမ်းပိုးရသော ဝန်ကပိုလေ လမ်းလျှောက်ရခက်လေ။ ဟိုလာဘားနောက်မှ ကပ်လိုက်နေသူမှာ ကရူးဂါး။ ကရူးဂါးသည် အမ်ဂျီ မော်တာကို သူ့ညာဘက်ပခုံးပေါ်တွင် တူရွင်းပြားတစ်ချောင်းထမ်းသလို ထမ်းလာသည် ။ နဂိုက အလွန်လေးသော မော်တာသည် ကြာလေ လေး လေ။ တစ်ကြိမ်တွင် သူသည် ထယ်ကြောင်းထဲသို့ ခြေချော်ပြီး လဲကျသ ည် ။ ချက်ချင်း လူးလဲထပြီး လက်နှစ်ဖက်တွင် ကပ်နေသည့် ရွှံ့စေးများ ကို ခါထုတ်သည် ။

"သောက်သုံးမကျတဲ့ စစ်" ဟု ရွံ့ရှာစက်ဆုပ်သောစိတ်ဖြင့် ကျိတ်၍ တွေးလိုက်မိကာမှ သူ့ရှေ့က ဟိုလာဘားအား ဝင်တိုက်မိသည် ။

"လမ်းသွားရင်း အိပ်တဲ့ ကောင်ဟာ အဲသလို ဟိုတိုး သည် တိုက်ဖြစ် တတ်တယ်ကွ သိလား ..."

ဟိုလာဘားက နှစ်ကိုယ်ကြားလေသံဖြင့် ပြောလိုက်ပြီး လွယ်ထား သည့် ရိုင်ဖယ်သေနတ်ကို ပခုံးပြောင်းလိုက်သည် ။

ကရူးဂါးက ဟိုလာဘား၏ ကျောကို လက်သီးနှင့် တစ်ချက်လှမ်းထိုး သည် ။

"မင်းပါးစပ်ပုတ်ကို ပိတ်ထားစမ်း။ ငါ အခုသိချင်နေတာက ငါတို့

နောက်ထပ်ဘယ်လောက် ကြာကြာ လျှောက်နေရဦးမှာ လဲ ဆိုတာပဲ။ ဒီ လယ်ကွက်ကြီးကလည်း ဆုံးပဲမဆုံးနိုင်တော့ဘူး"

ရုတ်တရက် ရှေ့မှ သွားနေသော ဟိုလာဘားက ရပ်လိုက်သည် ။ က ရူးဂါးသည် ရှေ့ဆုံးမှာ လူစုဆီသို့ တိုးသွားပြီး "ဘာဖြစ်ကြတာလဲ" ဟု မေးသည် ။

မည်သူကမှ အဖြေမပေး။ သူတို့ ရှေ့တွင် အမှောင်ထုကိုဖောက်၍ ထွ က်ပေါ်လာနေသော ကားမီးရောင်များ ။ ပြီးတော့ ထရပ်ကားသံများ နှင့် ကြိုကြားကြိုကြား အော်ဟစ်သံများ ။ အသံများ သည် လေနှင့်ပါ လာပြီး သူတို့ ဆီ ရောက်လာသည် ။

"ရုရှားတွေကွ"

ဟိုလာဘားက တိုးတိုးကပ်ပြောသည် ။

"တပ်ကြီးတစ်တပ်လုံးပါလား"

ကန်းက ရေရွတ်သည် ။ သူ၏ တုန်ယင်နေသော လက်ချောင်းများ သည် အိတ်ကပ်ဆီသို့ ရောက်သွားပြီး စီးကရက်တစ်လိပ်ထုတ်ကာ ပါး စပ်တွင် ကိုက်လိုက်သည် ။ မီးခြစ်ကိုခြစ်၍ မီးညှိလိုက်သည့်အခိုက်မှာ ပ င် စတိုင်းနားက သူ့ရှေ့မှောက်တွင် ဘွားခနဲရောက်လာသည် ။ ပါးကို တစ်ချက်ပိတ်ရိုက်လိုက်သောအသံနှင့်အတူ စီးကရက်မီးပွားများ လွင့်စ င်ကျလာသည် ။ ကန်း၏ နှုတ်မှ ညည်းသံတစ်ချက် ထွက် လာပြီးနော က် လက်နှစ်ဖက်ဖြင့် သူ့ပါးစပ်ကိုအုပ်ထားလိုက်သည် ။

အဖြစ်က မြန်လွန်းသဖြင့် အချို့ရဲဘော်များ သည် ဘာဖြစ်လိုက်မှန်း ရေရေရာရာ မသိ။ စတိုင်းနားက နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး လ က်ထဲမှ တော်မီဂန်းနှင့် လှမ်းချိန်လိုက်မှ သတိထားမိကြသည် ။

"သောက်ရူး"

သူ့အသံမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ခက်ထန်လွန်းလှ၏။ ရဲဘော်အားလုံး စတိုင်းနားကို အလန့်တကြား မော့ကြည့်ကြသည် ။ သူတို့ အလယ်တွင် ရောက်နေသော ကန်းသည် သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားဆဲ။

"မင်းကို ပစ်သတ်လိုက်ဖို့ ပဲ ကောင်းတယ်"

စတိုင်းနား အံကြိတ်၍ ခပ်တိုးတိုးပြောသည် ။ သူသည် ချာခနဲ နောက်သို့လှည့်ပြီး ရှေ့ဘက်သို့ ပြန်ပြေးသည် ။ မည်သူမျှ စကားမပြော။ အားလုံး နှုတ်ဆိတ်ကာ သူ့နောက်မှ လိုက်ကြသည် ။

နောက်ထပ် ကိုက်တစ်ရာခန့် အရှိန်မပျက် လမ်းကြောင်းမပြောင်းဘဲ ဆက်သွားကြသည် ။ မြေသည် မသိမသာ မြင့်လာသည် ။ ခပ်ပြေပြေတက်ရသော ကုန်းမြေများ နှင့် တွေ့လာရသည် ။ သူတို့ ရှေ့မှ ထွက်လာနေသော အသံများ သည် စောစောကထက်ပို၍ ကျယ်လောင်ပြတ်သားလာသည် ။ လမ်းမပေါ်တွင် တဒေါက်ဒေါက် လျှောက်သွားနေသော စစ်ဖိနပ်သံများကိုပင် ကြားလာရသည် ။ သို့သော်လည်း အမှောင်ထုက လွှမ်းမိုးဆဲဖြစ်သဖြင့် သူတို့ ရှေ့ ခြေလှမ်းဆယ်လှမ်းကွာအောင်ကိုမှ သဲသဲကွဲကွဲ မမြင်နိုင်။ စတိုင်းနားက ခဏရပ်ဖို့ အမိန့်ပေးလိုက်ချိန်တွင် သူတို့လူစုသည် မော်တော်ကားလမ်းမကြီးနှင့် ကိုက်ငါးဆယ်ခန့်သာ ကွာတော့သည် ။ စတိုင်းနားက ဟိုလာဘားနှင့် ရှာနာဘတ်တို့ အား လှမ်းခေါ်သည် ။

"မင်းတို့ နှစ်ယောက် ငါနဲ့ လိုက်ခဲ့။ ကျန်တဲ့ လူတွေ ဒီကစောင့်"

သူတို့ သုံးယောက် အမှောင်ထုအတွင်း တိုးဝင်ပျောက်ကွယ်သွားသည် ။

ရဲဘော်အားလုံး စိုစွတ်နေသော မြေပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ လမ်းမကြီးဘက်မှ ထွက်လာနေသော အသံများကို နားစွင့်နေကြသည် ။ အခုတော့လည်း သူတို့ အားလုံး နိုးနိုးကြားကြား။ ကရူးဂါးသည် လက်မှ နာရီကိုကြည့်သည် ။ လေးနာရီ။ မိုးလည်း တိတ်သွားပြီ။ မိုးဆက်ရွာရင် ကောင်းမှာ ပဲဟု သူ တွေးသည် ။ သူ့ဘေး၌ ထိုင်နေသော ဒိုင်းယက်အား လှမ်းပြောသည် ။

"လမ်းကို ငါတို့ ဖြတ်လို့ ရနိုင်ပဲ့မလား မသိဘူး"

ဒိုင်းယက်က ပခုံးများကို တွန့်လိုက်၏။ သူသည် ယခုအချိန်ထိ မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်ထားဆဲဖြစ်သော ကန်းအား လှမ်းကြည့်သည် ။ ကန်းကို ကြည့်ရသည် မှာ စိတ်ပြေသေးသည့် လက္ခဏာမဟုတ်။

"ပါးပိတ်ရိုက်တာကတော့ မကောင်းပါဘူးကွာ။ မလုပ်သင့်တဲ့ အလုပ်ကို လုပ်သွားတာ။ တပ်ကြပ်တစ်ယောက်က ငါတို့ ရဲဘော်တွေရဲ့ ပါးကို ရိုက်နိုင်ခွင့်ရှိနေရင် ငါတို့ ဘယ်လိုလုပ်နေကြတော့မှာ လဲ"

ကရူးဂါးက ဆောင့်ကြီးအောင့်ကြီးဖြင့် တံတွေးတစ်ချက်ထွေးလိုက်ပြီး သူ့အင်္ကျီလက်ဖြင့် မျက်နှာပေါ်မှ မိုးရေများကို သုတ်သည် ။

"မင်းက ဘာပြုလို့ အတို့ အထောင် လုပ်ချင်နေရတာလဲကွ။ ကိစ္စက ပြီးသွားပြီပဲဟာ။ ဘာကြောင့် လျှာရှည်နေဦးမှာ လဲ။ အခုလို အချိန်မျိုးမှာ ဒီကိစ္စထက် အရေးကြီးတဲ့ ပြဿနာတွေကို တွေးရမှာ "

ဒိုင်းယက်ငြိမ်သက်သွားသည် ။ ညစ်ပတ်ပေရေနေသော သူ့လက်နှစ်ဖက်ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေသည် ။ စတိုင်းနားလုပ်ပုံသည်

မတရားဟု သူထင်ဆဲ။ တင်းကျပ်သော တားမြစ်ချက်တစ်ခုကို ဖောက်ဖျက်လျှင် အပြစ်ပေးရမည်ဟူသော မူသည် မှန်သောမူတစ်ရပ်။ သို့သော် အပြစ်ပေးပုံပေးနည်းကျတော့ စဉ်းစားဖို့ ရှိသည် ။ မီးရဲရဲတောက်နေသော စီးကရက်မီးနှင့် လူတစ်ယောက်မျက်နှာကို ထိုးမိလောက်အောင် ပါးပိတ်ရိုက်ခြင်းကတော့ လွန်လွန်းသည် ။ ကြာကြာတွေးလေ စိတ်ထဲက မကျေနပ်လေ။ စတိုင်းနားသည် သူနှင့်ဆက်ဆံရာ၌ ပြေပြစ်သည် ။ ချောင်သည် ။ သို့သော် ထိုဆက်ဆံမှုများ သည် တာဝန်ပိုင်းနှင့်ဆက်စပ်နေသော ဆက်ဆံမှုများ မဟုတ်။ တာဝန်ပိုင်းနှင့်ပတ်သက်လာလျှင် စတိုင်းနား၏ ဆက်ဆံပုံ ဆက်ဆံနည်းသည် ပြောင်းလဲလာစရာအကြောင်း ရှိ၏။ ယခု ဖြစ်ပေါ်ခဲ့သောကိစ္စသည် မူနှင့်ဆိုင်သည် ။ ယနေ့ ကန်းအား ပါးပိတ်ရိုက်လိုက်သော လုပ်ရပ်သည် မနက်ဖြန်ကျတော့ သူတို့ ထဲက တစ်ဦးဦးတွင် ထပ်ဖြစ်လာလိမ့်မည်မဟုတ်ဟု မည်သူမှ အာမမခံနိုင်။ ယနေ့ ကန်းလုပ်ခဲ့သည့် အမှားမျိုးကို သူကိုယ်တိုင် လုပ်မိလိမ့်မည်ဟု မထင်။ ဤမျှအထိတော့ မသိနားမလည်စရာ မရှိ။ မည်သို့ပင်ဖြစ်စေ သူသည် စစ်သားတစ်ယောက်။ ရှေ့တန်းမှ ရဲဘော်တစ်ယောက်။ ဤအသိ ဝင်လာပြန်တော့လည်း အခြေအနေကို အမှန်အတိုင်း နားလည်သဘောပေါက်လာသည် ။

"အောက်ခြေမှာ တစ်ခုခုမှားပြီဆိုရင် တောက်လျှောက်မှားကုန်တာပါပဲ။ အဲသလို တွေးလိုက်ရင် ဒီကိစ္စဟာ အလေးအနက်ထားရမယ့် ကိစ္စတစ်ခုဖြစ်လာတယ်။ ဘာပဲဖြစ်ဖြစ်ဗျာ။ အမိန့်နဲ့ စည်းကမ်းဆိုတာကတော့ အောက်ခြေကနေ အထက်ထိ ရှိရမယ်။ ပြီးတော့ အောက်ခြေကနေ အထက်ထိအောင်လည်း ရှိရမှာ ပဲ"

ကရူးဂါးက ရယ်သည် ။

"မင်းဟာ ဘာထူးလဲ။ အတူတူပဲဟာ"

"ဘာပြောတယ်ဗျ"

"မင်းပဲ ပြောတယ်လေ။ ငါတို့ မှာ အောက်ခြေကနေ အထက်ထိ အမိန့်နဲ့ စည်းကမ်း ရှိရမယ်တဲ့ ။ ပြီးတော့ ... အောက်ခြေကနေ အထက်ထိလည်း အမိန့်နဲ့ စည်းကမ်းဟာ ရှိရမယ်တဲ့ "

ဒိုင်းယက်ကြောင်နေသည် ။ ကရူးဂါး၏ စကားကို သူ ရုတ်တရက် နားမလည်။ အတန်ကြာမှ ... "ဒါက မတော်တဆ စကားပြောမှားတာပဲဗျ" ဟု ဒေါသတကြီး ပြန်ပြောသည် ။

"ကျွန်တော် ပြောချင်တဲ့ အဓိပ္ပာယ်ကို ခင်ဗျား နားလည်ပါတယ်။ အောက်ခြေကနေ အထက်၊ အထက်ကနေ အောက်အထိ ရှိရမယ်လို့ ပြောတာပဲ။ ခေါင်းဆောင်ကြီးရဲ့ ဌာနချုပ်မှာ ဆိုရင် ..."

"မင်း ကြိုးစကို အရှည်ကြီးဖြစ်အောင် ဆွဲမဆန့်နဲ့ တော့လေကွာ"

ကရူးဂါးက တားသည် ။

"မင်းခေါင်းဆောင်ကြီးရဲ့ ဌာနချုပ်မှာ သူတို့ ပါးစပ်တွေကို ရှန်ပိန်နဲ့ ပလုတ်ကျင်းနေမယ်။ ငါတို့ ကတော့ အလုပ်တာဝန်ပြီးဆုံးတဲ့ အခါ သေးနဲ့ ပလုတ်ကျင်းရမယ်။ ငါသိတာ ဒါပဲ။ အခုလောလောဆယ် ငါတို့ အတွက် အရေးအကြီးဆုံးဟာ ဘာလဲ သိလား ..."

ကရူးဂါးက သူ့မျက်နှာကို ဒိုင်းယက်၏ မျက်နှာနှင့် ထိလုနီးပါး တိုးကပ်သွားသည် ။

"ငါတို့ ဒီနေရာက ဘေးမသီရန်မခဘဲ လွတ်မြောက်ဖို့ ဟာ အရေးအကြီးဆုံးကွ။ ဘာကြောင့်လဲဆိုတာကော မင်းသိရဲ့ လား။ မသိရင် ငါပြောပြမယ် နားထောင်"

ကရှူးဂါးက သူ့လက်ညှိုးဖြင့် ဒိုင်းယက်၏ ရင်ဘတ်ကို ထိုးလိုက်သည် ။ ဒိုင်းယက်က အမှတ်တမဲ့ လန့်ဖျပ်ကာ နောက်သို့ ဆုတ် လိုက်လေ၏။

"ငါတို့ ဒီနေ့ ဘေးမသီရန်မခဘဲလွတ်မှ နောက်ထပ်တိုက်ပွဲတစ်ပွဲကို အချိန်မီ ဝင်နိုင်မယ်။ အဲဒီတိုက်ပွဲ ပြီးသွားတော့ နောက်တစ်ပွဲ၊ တိုက်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲတိုက်။ နောက်ဆုံး ငါတို့ အားလုံး သေကုန်မှ ပြီးမယ့်တိုက်ပွဲပေါ့ကွာ ..."

ကရှူးဂါးက သူ့စကားကို ဒေါသတကြီးနှင့် အဆုံးသတ်လိုက်သည် ။

ဒိုင်းယက်ကတော့ ကရှူးဂါး၏ မျက်နှာကို ကြောင်ကြည့်နေသည် ။ ကရှူးဂါးစကားဆုံးမှ အနားမှ စိတ်ဝင်တစား နားထောင်နေသော ဒွန်ဘက်လှည့်ပြီး မေးသည် ။

"သူ အခုပြောသွားတာတွေကို ဘယ်လိုသဘောရသလဲ ပါမောက္ခကြီး"

"ဒီပြဿနာက သိပ်မလွယ်ကူဘူး။ စာအုပ်တွေ ပြန်ဖတ်ကြည့်ရလိမ့်ဦးမယ်"

ဒွန်က အဖြေပေးသည် ။

ကျန်ရဲဘော်များက ကျိတ်၍ ရယ်ကြသည် ။ သူတို့ အာရုံသည် ချက်ချင်းပင် ကားလမ်းမဆီသို့ ပြောင်းသွားသည် ။ အလင်းရောင်ဖျော့ဖျော့သည် ထိုးဖောက်စပြုနေပြီ။ သူတို့ ရောက်နေသည့် နေရာတစ်ဝိုက်တွင် ဝိုးတိုးဝါးတား မြင်နိုင်လာသည် ။ သူတို့ ရှေ့တည့်တည့်တွင် တစ်ဖက်သို့ လျှောဆင်းသွားနေသော လယ်ကွင်းများ ။ ထိုလယ်ကွင်းများ တစ်ဖက်တွင် မိုးကောင်းကင်ကို ကျောပေးရပ်နေသော တောင်စွယ်များ ။

"ကားလမ်းက ဘယ်မှာ လဲ။ မမြင်ရသေးပါလား"

ဖိုးက တိုးတိုးကပ်မေးသည် ။

"အနိမ့်ပိုင်းထဲမှာ ဖြစ်မှာ ပေါ့။ ငါတို့ အလောင်းတွေ တစ်လောင်းပေါ်တစ်လောင်းထပ်ပြီး တက်ကြည့်ရင် မြင်ရမယ်ထင်တယ်"

ကရူးဂါးက မလိုတမာလေသံဖြင့် ပြောသည် ။

အားလုံးဦးခေါင်းများကို ထောင်၍ နားစွင့်မိကြသည် ။ လမ်းမကြီးပေါ်မှ လာနေသော အသံများ မကြားရတော့။ အားလုံးခုန်ထလိုက်ကြပြီး ဆင်ခြေလျှောအောက်ဘက်သို့ မျှော်ကြည့်သည် ။

"ဘယ်သူမှန်း မသိဘူး ... လာနေသည် "

ဒိုင်းယက်က ပြောသည် ။ မည်းမည်းသဏ္ဌာန်တစ်ခု။ သူတို့ ဘက်သို့ ပြေးလာနေသည် ။

"ဟိုလာဘားကွ"

ဖိုးက ရေရွတ်သည် ။ ထိုအခိုက်မှာ ပင် အပြေးအလွှားလာနေသော ဟိုလာဘားသည် ရပ်လိုက်ပြီး လက်တစ်ဖက် ဝှေ့ယမ်းပြသည် ။

"ကဲ သွားကြစို့"

ကရူးဂါးက ဆိုသည် ။

သူတို့ အားလုံး သေနတ်များကို ကောက်ယူပြီးဆင်ခြေလျှောအတိုင်း ပြေးဆင်းကြသည် ။ ဟိုလာဘားက အောက်မှ ရပ်စောင့်နေသည် ။ အောက်ခြေရောက်သော် မနားနိုင်ကြ။ ရှေ့သို့ ဆက်သွားနေသော ဟို

လာဘားနောက်မှ အမောတကောလိုက်ကြရသည် ။ စောစောက အပြေး အလွှားဆင်းခဲ့ရ၏။ အခု အပြေးအလွှားတက်နေရပြန်သည် ။ တောင်ကုန်းထပ်ရောက်ကာမှ ပင် နံနက်အရုဏ်တက် အလင်းရောင် မှိုင်းပျပျ အောက်ရှိ ကားလမ်းမကို မြင်ရသည် ။ လမ်းမပေါ်တွင် ဘာမှ မရှိ။ ပကတိ တိတ်ဆိတ်ငြိမ်သက်ခြင်း။ သူတို့ အားလုံး တောင်ကုန်းပေါ်မှ လျှော ဆင်းကြသည် ။ ပြီးတော့ ... တစ်ယောက်စီခွဲကာ လမ်းမကြီးကို အပြေးဖြတ်ကူးပြီး တစ်ဖက်တောင်တန်းနှင့် လမ်းမကို ခြားထားသည့် တောအုပ်အတွင်းသို့ ဝင်ကြသည် ။ ရှာနာဘတ်နှင့် စတိုင်းနားတို့ က သူတို့ အားလုံးကို ဆီးကြိုနေကြသည် ။ မိနစ်အနည်းငယ်ကြာသောအခါ သူတို့ အားလုံး တောအုပ်အတွင်းသို့ ကိုက်ပေါင်းများ စွာ ဝင်ရောက်မိခဲ့ကြလေပြီ။ စတိုင်းနားက ခဏတစ်ဖြုတ်နားရန် အချက်ပြသည် ။ ထိုအခါကျမှ ပင် အောင်မြင်မှုအတွက် ဝင်းလက်တောက်ပနေသော စတိုင်းနား၏ မျက်လုံးများကို အားလုံးသတိပြုမိကြသည် ။

ကရူးဂါးက လက်တစ်ဖက်မြှောက်လိုက်သည် ။ အားလုံးပြိုင်တူလမ်းမဘက်သို့ လှည့်၍ နားစွင့်ကြသည် ။ မော်တော်ကားသံများ ။ သူတို့ အဖို့ တော့ လမ်းမပေါ်မှ ဘာသံကြားကြား ဂရုမစိုက်တော့။ အခုဆိုလျှင် လမ်းမကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြပြီ မဟုတ်ပါလား။ စောစောကရှိနေသော ကြောက်ရွံ့ထိတ်လန့်မှုများ သည် ဘယ်ဆီ လွင့်စင်ကုန်သည် မသိ။ မည်သူမှ သတိမရကြတော့။ တစ်ယောက်ကျော တစ်ယောက်ပုတ်ကာ ပြောင်ကြ၊ နောက်ကြ၊ ပြုံးကြ။ ရယ်ကြသည် ။

"ဒီလောက်ဟာများ ငါတို့ က အပျော့ပေါ့ကွာ ..."

တစ်ဦးက ကြွားလုံးထုတ်သည် ။

"သိပ်ကို တိတိကျကျ လုပ်ရတဲ့ အလုပ်ပဲ ..."

ဟိုလာဘားက ဝေဖန်သည် ။ ရှာနာဘတ်သည် တောင်ထွတ်တောင်စွယ်များ ဆီ တစ်ချက်ကြည့်လိုက်ပြီး မေးလိုက်သည် ။

"ဒီတောင်တွေ နာမည်သိသလား ..."

"တောင်ကုန်းတွေပါကွာ" ဟု စတိုင်းနားက ဖြေသည် ။ "ငါတို့ ဒီတောင်ကုန်းတွေကို ကျော်ဖြတ်ရလိမ့်မယ် ...။ တောင်ကုန်းတွေရဲ့ တစ်ဖက်ရောက်ရင် စိမ့်မြေတွေနဲ့ တွေ့ရလိမ့်မယ်"

ပြောပြောဆိုဆိုပင် သူ့ကျောပိုးအိတ်ကို ကောက်လွယ်ပြီး သူ့လူများအား အမိန့်ပေးလိုက်သည် ။

"အားလုံး အသင့်ပြင် သွားကြမယ်"

ကန်းသည် ဆုတ်ကန် ဆုတ်ကန် လုပ်လျက်ရှိသည် ။ သူသည် သူ့မျက်နှာပေါ်မှ စီးကရက်မီးနှင့် ထိုးမိသောဒဏ်ရာကို မကြာခဏပွတ်ကြည့်ပြီး စတိုင်းနားအား လှမ်းလှမ်းကြည့်သည် ။ ရွံရှာမုန်းတီးသော အကြည့်။

"သိပ်ပြီး ကြီးကျယ်တဲ့ ကိစ္စလို့ သဘောမထားပါနဲ့ ကွာ၊ မေ့လိုက်စမ်းပါ"

ဒိုင်းယက်က ဖျောင်းဖျသည် ။ ကန်းကတော့ မတုန်မလှုပ်။

အကိုင်း၊ အခက်၊ အရွက်၊ အလက် ထူထပ်သောတော။ စွတ်စိုထိုင်းမှိုင်းပြီး ရေညှိတက်နေသော မြေအပြင်။ သွားရလာရသည် မှာ လွယ်ကူချောမွေ့ခြင်းမရှိ။ တောင်အတက်ကလည်း မတ်စောက်လွန်းသည် ။ ကြာတော့လည်း အသက်ကိုမှ မှန်မှန်မရှူနိုင်အောင် ပင်ပန်းလာကြသည် ။ တောင်တက်လမ်းသည် ဆုံးနိုင်အံ့မထင်။ တချို့နေရာများ တွင်

လေးဖက်တွား၍ တက်ရသည် ။ စောစောကရရှိခဲ့သော သာယာပျော်ရွှင်မှုများ သည် ဆိတ်သုဉ်းသွားပြန်သည် ။ သူတို့ ပါးစပ်ဖျားမှ ဆဲဆိုသံ၊ ကျိန်ဆဲသံများ မကြာခဏ ထွက်လာသည် ။

"ရှေ့ကသွားနေတဲ့ လူစုက နည်းနည်းပါးပါး နားဖို့ ကောင်းပါတယ် ဗျာ ..."

ဒိုင်းယက်က ရေရွတ်သည် ။ သူသည် ခဏမျှရပ်ကာ နဖူးမှ ချွေးများကို သုတ်နေသည် ။ သူ့နောက်မှ ကပ်လိုက်လာသော ကရူးဂါးကလည်း ရပ်လိုက်သည် ။

"ဘာဖြစ်ပြန်သလဲ၊ ကားလေးရေ ... ဓာတ်ဆီကုန်သွားပြန်ပြီလား"

"သူတို့ လူစုက ခဏတစ်ဖြုတ်တော့ နားဖို့ သင့်ပါတယ်ဗျာ"

ဒိုင်းယက်က ထပ်ပြောသည် ။ သူ့အသံမှာ ငိုသံပါနေသည် ။

"အခု နားလိုက်ရင် ရှေ့ဆက်သွားဖို့ မလွယ်ကြောဖြစ်သွားမယ်ကွ"

သူ့ညာဘက်ပခုံးမှ စက်သေနတ်ကြီးကို ဘယ်ဘက်ပခုံးထက်သို့ ပြောင်းလွယ်လိုက်သည် ။

"မင်း ကျည်ဆန်သေတ္တာတွေ ငါ့ပေး၊ ငါ သယ်ခဲ့မယ်"

ဒိုင်းယက်က ကျေးဇူးတင်သော မျက်လုံးများ ဖြင့် လှမ်းကြည့်ပြီး ပြောသည် ။

"ကျွန်တော့်ခါးမှာ ဒဏ်ရာဟောင်းက ချုပ်ရိုးတစ်ခုရှိလို့ ပါ"

"အေးပါကွာ ... သိပ်မဝေးတော့ပါဘူး။ ခဏနေရောက်တော့မှာ ပါ" ဟု ကရူးဂါးက လိမ်ပြောသည် ။ "ကဲ ... လာသွားကြစို့။ တော်တော်ကြာ ငါတို့ နှစ်ယောက်တည်းကွဲကျန်ခဲ့လိမ့်မယ်"

ရှေ့မှ လူစုသည် သူတို့ နှင့် အတော်အလှမ်းဝေးသွားပြီ။ သို့သော်လည်း ခဏတစ်ဖြုတ်နားဖို့ တစ်ယောက်တစ်ပေါက်စီ ဝိုင်းပြောနေကြသဖြင့် စတိုင်းနားက နားခွင့်ပေးသည် ။ အခုတော့ ပီပီပြင်ပြင် နေ့ဖြစ်နေပြီ။ တောအုပ်သည် ငှက်ပေါင်းစုံ အသံများ ဖြင့် အသက်ဝင်လျက်ရှိ၏။ ရဲဘော်များ သည် မြေပြင်ပေါ်လှဲကာ သူတို့ ဆက်တက်ရမည့် တောင်နံရံကို မျှော်ကြည့်နေကြသည် ။

"သောက်ကျိုးနည်း တက်ရခက်တာပဲ။ တောင်ထိပ်ကို မြန်မြန်ရောက်ရင် ကောင်းမယ်"

ဖိုးက ညည်းညည်းညူညူ ပြောသည် ။

"ရောက်မှာ ပေ့ါကွာ။ နောက်ထပ် ကိုက်နည်းနည်းပဲ လျှောက်ရတော့မှာ ပါ"

စတိုင်းနားက အားပေးသည် ။

မက်က တစ်ချက် အားရပါးရသမ်းလိုက်ပြီး သူ့ခြေထောက်များကို ဆန့်ထုတ်လိုက်၏။

"အရေးတကြီးသွားဖို့ မလိုဘူး မဟုတ်လား။ ကျွန်တော်တို့ သွားရမယ့်နေရာ ရောက်ရင်ပြီးတာပဲ"

"ဒါက ငါတို့ သွားရမယ့်နေရာပေါ်မှာ တည်နေတယ်ကွ"

စတိုင်းနားက ဝင်ဖြေသည် ။

မက်က စတိုင်းနား၏ စကားကို ဂရုမစိုက်။

"ဘယ်နေရာပဲဖြစ်ဖြစ် မထူးပါဘူး" ဟု ဆိုသည် ။

"ဘယ်ဟုတ်မလဲ၊ ငါတို့ မှာ အချိန်မရှိဘူး"

"ဆယ့်ရှစ်မိုင် ခရီးလောက်ကတော့ ကနေ့ည ရောက်ပါတယ်ဗျာ"

မက်က အလျှော့မပေး။ ယခုလိုထိုင်၍ နားနေရသည် ကို သူ သဘောကျလျက်ရှိ၏။ နောက်ထပ် အနည်းဆုံးဆယ်မိနစ်လောက်တော့ ဤနေရာမှ မထဘဲ နားနေလိုက်ဦးမည်ဟု ဆုံးဖြတ်ထားသည် ။

"မင်းပြောသလို ဆယ့်ရှစ်မိုင် ဆိုရင်တော့ အကြောင်း မဟုတ်ဘူး ။ တကယ်လို့ တပ်ရင်းက ငါတို့ နဲ့ မနက်ဖြန်ခါ ဆုံရမယ့်နေရာမှာ မျှော်လင့်ထားတဲ့ အတိုင်း တပ်စွဲမထားဘူးဆိုရင် နောက်ထပ် ဆယ့်ငါးမိုင် ဆက်လျှောက်ရဦးမှာ " ဟု စတိုင်းနားက ရှင်းပြသည် ။

"တကယ်လို့ သတ်မှတ်ထားတဲ့ နေရာမှာ တပ်မစွဲနိုင်ရင် ဘယ်နေရာကိုပြောင်း တပ်စွဲမှာ တဲ့ လဲ"

ကရူးဂါးက မေးသည် ။

"ငါ မနေ့က မင်းတို့ ကို ပြောခဲ့ပြီးပြီပဲ"

ရှာနာဘတ်သည် ပက်လက်လှဲနေရာမှ အလျားမှောက်လိုက်ပြီး

"ကရင်စကားရားရဲ့ အနောက်ဘက်ကို ရွှေ့ပြီး တပ်စွဲမယ်" ဟု ဝင်၍ ရှင်းပြသည် ။

"ဘယ်လိုအနေအထားနဲ့ တပ်စွဲမယ်ဆိုတာတော့ ခင်ဗျားသိတယ် နော်" ဟု စတိုင်းနားဘက်လှည့်၍ မေးသည် ။

"သိတယ်"

"ဒီလိုဆို အားလုံးအဆင်ပြေနေတာပဲ။ ပူစရာ ဘာလိုလဲ"

ကရူးဂါးက ကျေနပ်အားရသော လေသံဖြင့် ရေရွတ်လိုက်သည် ။

စတိုင်းနားက စိတ်မရှည်သည့် အမူအရာဖြင့် ကရူးဂါးကို လှမ်းကြ

ည့်သည် ။ သူတို့ ရင်ဆိုင်နေရသည့် အခြေအနေမှန်ကို တစ်ဦးတစ်ယောက်မျှ သိကြပုံမရ။ မသိဘဲနေခြင်းကပင်လျှင် အကောင်းဆုံးဖြစ်မည်ထင်၏။ သူ့စိတ်ကို များ စွာအနှောင့်အယှက်ပေးနေသည့် အရာမှာ မြေပုံပေါ်တွင် သူမြင်တွေ့ခဲ့ရသည့် မြစ်။ ထိုမြစ်သည် တောအုပ်ကိုဖြတ်၍ စီးဆင်းနေသည် ။ ဤကဲ့သို့ နေရာမျိုးရှိ မြစ်များ တွင် တံတားရှိဖို့ ဆိုသည် မှာ မဖြစ်နိုင်သော အချက်။ လူသူအသွားအလာ လုံးဝမရှိသော ဤနေရာမျိုးတွင် တံတားဆောက်လုပ်စရာအကြောင်းလည်း မရှိ။ အကယ်၍ သူတွေးထင်ထားသည့်အတိုင်း တံတားမရှိပါမူ သစ်ပင်များကို ခုတ်လှဲရပေတော့မည်။ သင့်တော်သည့် လက်နက်ကိရိယာ စုံစုံလင်လင်မရှိဘဲနှင့် လုပ်ရမည်ဆိုလျှင် အချိန်တွေ အများကြီးကုန်မည်။ လူတွေ အဆမတန် ပင်ပန်းမည်။ သို့ဖြစ်ရာ အကောင်းဆုံး လမ်းတစ်လမ်းသာ ရှိသည် ။ အခြားမဟုတ်။ သူတို့ လူစု မြစ်ရှိရာသို့ မြန်မြန်ရောက်လေကောင်းလေ ...။

"သွားကြမယ်ဟေ့ ..."

စတိုင်းနား၏ အမိန့်ပေးသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည် ။

အားလုံးက စတိုင်းနားအား အလန့်တကြား မော့ကြည့်ကြသည် ။

"ခဏလောက်တော့ နားပါဦးလားဗျာ" ဇိုးက ပြောသည် ။

စတိုင်းနား ထရပ်သည် ။ ဇိုး ထိုင်နေရာနေရာသို့ လျှောက်လာသည် ။

"မင်း ငါပြောတာကို နားထောင် ..."

သူ့အသံသည် ဒေါသဖြင့် တုန်ခါနေသည် ။

"မင်း ငါ့ကို စိတ်တိုအောင် မလုပ်နဲ့ "

စတိုင်းနား ရှေ့မှ ထွက်သွားသည် ။ အားလုံး ကသောကမျောထကြသည် ။ ယူနီဖောင်းများ တွင် ကပ်ငြိနေသော သစ်ရွက်များကို ခါချကြပြီး ပစ္စည်းများကို ကောက်ကာ စတိုင်းနားနောက်သို့ လိုက်ကြသည် ။ စတိုင်းနားသည် ညာဘက်သို့ ချိုးကွေ့ပြီး မြောက်မှ တောင်သို့ တန်းနေသော တောင်ကြောအတိုင်း လိုက်သည် ။ သူခြေလှမ်းပုံမှာ ကြဲလွန်းမြန်လွန်းလှချေသည် ။ အားလုံး အမီလိုက်နိုင်အောင် ကြိုးစားကြသည် ။

ဖိုးက တမင်နောက်ချန်နေခဲ့သည် ။ မသာယာသောမျက်နှာဖြင့် မလှမ်းချင်လှမ်းချင် လှမ်းလာနေသော ကန်းကို စောင့်ခေါ်သည် ။ ရှေ့နောက်တန်းစီ၍ သွားနေသော လူစုထဲတွင် သူတို့ နှစ်ယောက်သည် နောက်ဆုံးမှ ။ နှစ်ဦးသား ဘေးချင်းယှဉ်၍ လျှောက်ကြသည် ။ ကျောပေါ်တွင် ထမ်းလာသည့် ကျည်ဆန်သေတ္တာများ ၏ အလေးချိန်ကြောင့် နှစ်ယောက်စလုံး မတ်မတ်တောင့်တောင့် မရပ်နိုင်ကြ။ ညစ်ပတ်ပေရေလျက်ရှိနေသော သူတို့ မျက်နှာများ ပေါ်ဝယ် ချွေးသီးချွေးပေါက်ကြီးများ စီးဆင်းလျက်ရှိ၏။ ကန်း၏ ပါးစပ်တစ်ဝိုက်တွင် စီးကရက်မီးလောင်ထားသော ဒဏ်ရာများ ။ ကန်းသည် ဒဏ်ရာများ လေသလပ်၍ ခြောက်သွားတိုင်း သူ့လျှာဖြင့် တို့ တို့ ပေးသည် ။

"ကျုပ်သာဆိုရင် မခံဘူး" ဟု ဖိုးက ပြောသည် ။

"မင်းက အာလူးသမားဆိုတော့ ပြောနိုင်တာပေါ့ကွာ"

စတိုင်းနားအပေါ် အခဲမကျေဖြစ်နေသော စိတ်သည် တဖြည်းဖြည်းချင်း ပြေစပြုလာသည် ။ စီးကရက်ကို ညှိလိုက်ခြင်းသည် သူ၏ မိုက်မဲမှုတစ်ခုသာဖြစ်သည် ။ အလွန်အဆင်အခြင်၊ အစဉ်းစား ကင်းမဲ့သောလုပ်ရပ်။ လူသစ်စစ်သားတစ်ယောက်သာလျှင်

ကျူးလွန်တတ်သောအမှားမျိုး။ သူ့လို အတွေ့အကြုံများ သော စစ်သားကြီးတစ်ယောက် ပြုသင့်သောအမှားမဟုတ်။ ဤအတွေးသည် သူ့အဖို့ ပါးရိုက်ခံရသည် ထက် ပြင်းထန်သော ဒဏ်ရာတစ်ခု ဖြစ်လာသည် ။ သေသေချာချာ စဉ်းစားကြည့်လျှင် သူတို့ အားလုံး ကံကြီးသည် ဟု ဆိုရမည်။ သူခြစ်လိုက်သော မီးခြစ်ဆံမှ မီးတောက်ကို ရုရှားစစ်သားတစ်ယောက်သာ မြင်တွေ့သွားခဲ့ပါမူ ....။ တွေးဝံ့စရာမရှိ။ မည်မျှ ကြောက်စရာကောင်းပါသနည်း။ တကယ်တော့ သူ့အမှားသည် သေးငယ်သော အမှားမဟုတ်။ တပ်စုတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားနိုင်သော အမှား။ ဤအတွေးသည် သူ့ကို စိတ်သက်သာရာရစေသည် ။ စတိုင်းနားအပေါ်တွင် ထားနေမိသော အာဃာတစိတ်ကို လျော့နည်းစေသည် ။ သူ့ပါးစပ်တစ်ဝိုက်၌ ဒဏ်ရာများ သာ မရှိပါမူ ဤကိစ္စကို သူချက်ချင်း မေ့ပစ်လို့ ရနိုင်စရာရှိ၏။ သူသည် ဒဏ်ရာများကို လျှာနှင့်ထပ်တို့လိုက်ပြီး ဇိုးကို လှမ်းကြည့်သည် ။

သူသည် ဇိုးကို တခြားရဲဘော်များက ခင်သလောက်ပင် ခင်သည် ။ ဇိုး၏ ရုပ်လက္ခဏာသည် ခင်မင်စရာ သိပ်မကောင်း။ သူ့အပြုအမူကလည်း သိပ်ပြီး နှစ်သက်စဖွယ်မရှိ။ တည်တည်ငြိမ်ငြိမ်မရှိသော မျက်နှာနှင့် စွေစွေစောင်းစောင်း မျက်လုံးများ သည် မျက်မှန်နောက်တွင် အဆမတန် ပြူးထွက်နေသည် ။

နှစ်ယောက်သား ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာနေရာမှ ဇိုးက ...

"ကျွန်တော်တို့ ကို ဟိုခွေးသူတောင်းစားက ဘယ်ခေါ်သွားနေတာလဲ မပြောတတ်ဘူး" ဟု ရေရွတ်သည် ။ ကန်းက ရှေ့သို့လှမ်းမျှော်ကြည့်သည် ။ သူကြည့်နေခိုက်မှာ ပင် စတိုင်းနား သူ့မျက်စိအောက်မှ

ပျောက်သွားသည် ။

"ဟိုရှေ့က ဘာပါလိမ့် ..."

ကန်းက ပြောသည် ။

"ဘယ်ဟာလဲ ..."

"ဟိုမှာ လေကွာ ... သစ်ပင်တွေအပေါ်ကို ထိုးထွက်နေတဲ့ ဟာ ..."

ဖိုးက လည်ကိုဆန့်၍ လှမ်းကြည့်သည် ။

"ဘာကြီးမှန်း မသိဘူး"

"ဓာတ်အားပေးတိုင်ကြီး ထင်တယ်ကွ"

သူတို့ နှစ်ယောက် ရှေ့မှ လူများကို မီအောင် ခပ်သုတ်သုတ် လျှောက်ကြသည် ။ သူတို့ ရှေ့တွင် သစ်ပင်များကြားမှ ထိုးထွက်နေသော စင်ကြီးတစ်စင်နှင့် တောင်ပေါ်မှ တောအုပ်ကိုဖြတ်ဆင်းသော ကိုက်အနည်းငယ်မျှသာရှည်သည့် လမ်းတစ်လမ်း။ အားလုံး စတိုင်းနား၏ ဘေးမှ ရပ်ကာ သူ ကြည့်ရာသို့ လိုက်ကြည့်ကြသည် ။ တောင်ခြေတွင် မြေလွတ်များ ။ အနောက်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ တစ်ဖက်မှ မားမားမတ်မတ်ရပ်နေသော တောင်တန်းများ ဆီ ရောက်သည် အထိ အလွန်ကြီးမားကျယ်ပြန့်သော တောအုပ်။ တောအုပ်တစ်ခုလုံး စိုစိုစိမ်းစိမ်း၊ ထူထူထပ်ထပ်။ လူသူ အခြေစိုက်နေထိုင်သည့် အရိပ်အခြည် မမြင်ရ ။ မြင်နေရသော ရှုခင်းက လှပသာယာလွန်းသဖြင့် အားလုံး ငြိမ်ဆိတ်သွားကြသည် ။

"ပင်လယ်ကြီးနဲ့ မတူဘူးလား။ အစိမ်းရောင်ပြေးနေတဲ့ ပင်လယ်ကြီးအတိုင်းပါပဲကွာ"

ကန်းက မြည်တမ်းသည် ။

ရုတ်ရက် အန်ဆဲလ်က အလန့်တကြား အော်သည် ။

"ဟောဟိုမှာ မြို့တစ်မြို့ မြင်လား"

"အဲဒါ ကရင်စကားရားမြို့ပဲ။ ငါတို့ အဲဒီကို သွားရမှာ "

စတိုင်းနားက ဝင်ဖြေသည် ။ အတန်ကြာမျှ မှ င်တက်မိသလို ဖြစ်နေသော ကရူးဂါးသည် သက်ပြင်းတစ်ချက်ချသည် ။

"ငါတို့ အခု အဲဒီမြို့ထဲရောက်နေမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲကွာ"

စတိုင်းနားက ခေါင်းတစ်ချက် ဆတ်သည် ။

"ညပိုင်းဆိုရင် ငါတို့ ရောက်သွားကြမှာ ပါ"

သူသည် ပြောပြောဆိုဆို တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်ချသည် ။ ရှာနာဘတ်က သူ့အား ကြည့်ပြီး အံ့အားသင့်နေသည် ။

"ဆက်သွားမယ် မဟုတ်လား"ဟု လှမ်းမေးသည် ။

"ခဏနားလို့ ရသေးတယ်"

စတိုင်းနားက ဖြေသည် ။ တစ်လမ်းလုံး ဖြစ်ပေါ်လာခဲ့သော စိတ်မရှည်မှုသည် ချက်ချင်းပျောက်သွားသည် ။ စစ်ကြီးပြီးဆုံးသွားချိန်အထိ ဤနေရာ၌ နေလိုက်ရလျှင် မည်မျှကောင်းလေမည်နည်း။ လူသူလေးပါး အရောက်အပေါက်နည်းသော ဤနယ်မြေထဲအထိ လိုက်၍ သူတို့ အား ရှာဖွေမည့်သူတော့ ရှိနိုင်မည်မထင်။ သူသည် နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ထားသည် ။ သူ့မှာ ဤစိတ်ခံစားမှု ဝေဒနာက လွတ်သည် မရှိ။ တောင်ထိပ်ရောက်၍ တောင်ခြေကို မြင်ရသည့်အခါတိုင်း ဤစိတ်ဝေဒနာသ

ည် ပေါ်လာစမြဲ။ သူသည် ပင်ပန်းနွမ်းနယ်စွာဖြင့် စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိသည် ။ သူ့ဘေးပတ်ဝန်းကျင်တွင် ထိုင်၍ ဆေးလိပ်သောက်နေကြသော သူ့လူအများကို တစ်ချက်ဝေ့ကြည့်သည် ။

ရှာနာဘတ်၏ မှုန်မှိုင်းရီဝေလျက်ရှိသော မျက်လုံးအစုံသည် ပင်လယ်ပြင်သဖွယ် အပြောကျယ်လှသော သစ်တောစိမ်းစိမ်းဆီသို့ ငေးမောလျက်ရှိ၏။

"ငါတော့ ဒီနေရာမှာ ကြာကြာထိုင်နေရင် ပြန်ထဖို့ လွယ်မယ်မထင်တော့ဘူး"

ကရူးဂါးက ပြောသည် ။ သူသည် ပါးစပ်ကို ဟ၍ ထိုင်ကာ ကောင်းကင်သို့ မော့ကြည့်နေသော ဒိုင်းယက်ကို လှမ်းကြည့်ပြီး မေးလိုက်သည် ။

"မင်းက ဘာဖြစ်နေရပြန်တာလဲ။ နတ်သမီးလေးတွေ မြင်နေလို့လား"

ဒိုင်းယက်က လက်တစ်ဖက်ကို မြှောက်လိုက်၏။

"ရှူး" ဟု ဆိုကာ မျက်စိများကိုမှိတ်၍ ငြိမ်နေသည် ။

"နောက်ဆုံးကျတော့လည်း ဒီကောင် ရူးသွားတာပါပဲလား" ဟု ကရူးဂါး ပြောသည် ။

ဒိုင်းယက်က ခေါင်းကို တွင် တွင် ခါလိုက်သည် ။

"ငြိမ်ငြိမ်နေစမ်းပါဗျာ။ ခင်ဗျား မကြားဘူးလား"

ကရူးဂါးက သံသယမျက်လုံးကြီးဖြင့် ကြည့်သည် ။

"ဘာကြားရမှာ လဲကွ။ နတ်သမီးတွေ အသံလား"

"မရှုးစမ်းပါနဲ့ ဗျာ။ ခင်ဗျား မကြားဘူးလား။ ခေါင်းလောင်းသံတွေ"

ပြောပြောဆိုဆို တခြားရဲဘော်များအား လှည့်ကြည့်သည် ။

"ခင်ဗျားတို့ ကြားကြတယ် မဟုတ်လား။ ဟော ... ကြားရပြန်ပြီ။ တကယ် ပြတ်ပြတ်သားသားကြီးကို ကြားရတာ"

အားလုံးက သူ့အား ဝိုင်းကြည့်နေကြသည် ။

"မင်းက ဘာကြားတာလဲ ..."

ကန်းက မေးသည် ။

"ခေါင်းလောင်းသံ ဆိုပဲကွ။ ဒီလို တောကြီးမျက်မည်းအလယ်မှာ ခေါင်းလောင်းသံ ကြားရသတဲ့ ကွာ ..."

ရှာနာဘတ်က ဆိုသည် ။

"ခဏ ငြိမ်ငြိမ်နေကြစမ်း ..."

ကရှုးဂါးက သူ့နားကို လက်ဝါးနှင့်ကာ၍ နားစွင့်နေသည် ။ ခဏကြာတော့ သူ့ပခုံးနှစ်ဘက်ကို တွန့်လိုက်၏။

"ဘာသံမှ မကြားဘူး။ ဒီအကောင် ငါတို့ ကို လှန့်နေတာ"

"ငါလည်း ဘာသံမှ မကြားပါဘူးကွာ"

ကန်းက ဝင်ထောက်ခံသည် ။

"ကျွန်တော် တကယ်ကြားတာဗျ။ ကျွန်တော် ကျိန်ပြောရဲတယ်"

"မင်းကိုယ်မင်း အရူးလုပ်ရတာ လွယ်တာပေါ့ကွာ"

ကရှုးဂါးက ဒိုင်းယက်အတွက် စိတ်မကောင်းဖြစ်သည့် လေသံဖြင့် ပြော၏။

ဒိုင်းယက်က စတိုင်းနားအား လှမ်းကြည့်သည် ။

"ခင်ဗျားကော မကြားလိုက်ဘူးလား"

မျက်စိများကို မှေးမှိတ်ပြီး စီးကရက်ခဲနေသော စတိုင်းနားက ... " ခေါင်းလောင်းထိုးသံလား" ဟု ပြန်မေးကာ "ကြားသားပဲ" ဟု ဖြေသည် ။

"ကိုင်း ... ဘယ့်နှယ်လဲ"

ဒိုင်းယက်က ရေရွတ်လိုက်သည် ။ အားလုံးက စတိုင်းနားအား ဝိုင်းကြည့်ကြသည် ။

"အဆန်းပဲ ..."

ကရူးဂါးက ရှာနာဘတ်အား တိုးတိုးကပ်ပြောသည် ။

ဒိုင်းယက်ကတော့ သူ့ကိုယ်သူ ယုံကြည်စိတ်ချသေးဟန်မတူ။ တစ်ယောက်နှင့်အများ ဖြစ်နေသဖြင့် စတိုင်းနားကသာ ကြားသည် ဟု မပြောလျှင် သူ လွယ်လွယ်နှင့် အရှုံးပေးလိုက်မည် ဖြစ်၏။ ယခု စတိုင်းနားကပါ ကြားသည် ဆိုတော့။ သို့သော် စတိုင်းနားကိုယ်တိုင် နားကြားလွဲလျှင် မခက်ပေဘူးလား ...။

"ခင်ဗျားကြားတာ တကယ်နော်" ဟု ထပ်မေးသည် ။

စတိုင်းနားက မျက်မှောင်ကုပ်သည် ။

"တကယ်ပေါ့ကွာ။ ငါကြားတယ်လို့ မင်းကို ပြောပြီးပြီပဲ။ အထူးအဆန်း မဟုတ်ပါဘူးကွာ။ တနင်္ဂနွေနေ့ မနက်ခင်းမှာ ခေါင်းလောင်းထိုးတာ အဆန်းလား"

အားလုံး အံ့အားသင့်နေကြသည် ။ ကရူးဂါးက သူ့ပေါင်ကို အားရပါး

ရ ပုတ်လိုက်ပြီး "ဟုတ်တာပေါ့။ ကနေ့ တနင်္ဂနွေနေ့ပဲ။ တကယ်ပါကွာ။ ငါဖြင့် သတိတောင်မထားမိဘူး" ဟု ဝမ်းသာအယ်လဲ ပြောသည် ။ သူတို့ စိတ်ထားသည် ချက်ချင်းပင် ပြောင်းလဲသွားသည် ။ တစ်ယောက်ကို တစ်ယောက် ဝမ်းသာကြည်နူးသောစိတ်ဖြင့် ခေါင်းညိတ်ပြမိကြသည် ။

"တနင်္ဂနွေနေ့ပါလား ..." ဟု ရေရွှတ်ကာ မက်က သက်ပြင်းချသည် ။

"ဒီလိုအချိန်မျိုး အိမ်မှာ သာဆို သိပ်ပျော်စရာကောင်းမှာ ။ ကျွန်တော်ဆို အိပ်ရာထဲ ကွေးလို့ ကောင်းတုန်းနေမှာ " ဟု တမ်းတမ်းတတ ပြောသည် ။

"ဒါပေါ့ကွာ။ အိပ်ရာကနိုးတော့ ကော်ဖီသောက်၊ ကိတ်မုန့်စား"

ပက်စတာနက်က ထောက်ခံသည် ။

ကရူးဂါးက ထဆဲသည် ။

"တော်ကြစမ်းကွာ။ ရေငတ်နေတဲ့ လူရှေ့မှာ သောက်စရာရေမရှိဘဲနဲ့ ရေအကြောင်း လာပြောမနေကြစမ်းနဲ့ "

"လူတစ်ယောက်မှာ ကိတ်မုန့်အကြောင်း ပြောနိုင်တဲ့ အခွင့်အရေးတော့ ရှိပါတယ်ဗျ"

မခံချင်သောလေသံဖြင့် ပက်စတာနက်က ပြောသည် ။

"ကိတ်မုန့်အကြောင်းသာ မကဘူးဟေ့၊ မင်းပြောချင်ရင် ချေးအကြောင်းလည်း ပြောနိုင်တယ်"

ကရူးဂါးက စိတ်မရှည်တော့သည့် လေသံဖြင့် ပြန်ပြောသည် ။

ပက်စတာနက်က ခေါင်းခါသည် ။

"အချိန်ရှိသမျှ ခင်ဗျားပါးစပ်က ပုပ်ဟောင်နေတာပဲ"

"ပုပ်ဟောင်နေတယ် ဟုတ်လား"

"ဟုတ်တယ်၊ ပုပ်ဟောင် နံစော်နေတာပဲ"

"ငါတို့ အထဲက ဘယ်သူ အီးထုသလဲဟေ့။ ပြောကြစမ်း"

ကရူးဂါးက သူ့နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ကာ မေးသည် ။

"တော်စမ်းဗျာ။ ပေါက်တတ်ကရတွေ ပြောမနေစမ်းပါနဲ့ ။ ဒီကနေ့ တနင်္ဂနွေနေ့ဗျ"

ဒိုင်းယက်က တားသည် ။

"စစ်မြေပြင်မှာ စစ်ထွက်တိုက်နေရတဲ့ တို့လိုအကောင်တွေက တနင်္ဂနွေနေ့တွေ ဘာတွေ ရွေးပြီး သောက်ရူးထမနေပါနဲ့ ကွာ။ ဒီမှာ ကြည့်စမ်း ..."

ကရူးဂါးက မုတ်ဆိတ်မရိတ်ရသေးသော သူ့မျက်နှာကို ပြသည် ။

"ဒီပုံဟာ တနင်္ဂနွေနေ့နဲ့ လမိုင်းမကပ်ပါဘူးကွာ"

ပြီးတော့ ... သူအင်္ကျီရင်ဘတ်ကို ဆွဲဖြဲပြသည် ။

"ဘယ်လောက် ညစ်ပတ်နံစော်နေသလဲ။ ငါတို့ အားလုံး ရွှံ့လူးထားတဲ့ ဝက်တွေနဲ့ ဘာများ ခြားသေးလို့ လဲ။ စုတ်ပြတ်ပေရေနေတာပဲ"

ရှာနာဘတ်က ရယ်သည် ။ သူ ကရူးဂါးကို ခင်မိခြင်းမှာ ဤအမူအကျင့်ကြောင့် ဖြစ်၏။ ကရူးဂါးသည် စိတ်တိုလျှင် တိုသလို ဟောဟောဒိုင်းဒိုင်းပြောတတ်သည် ။ တကယ်တော့လည်း သူ့ပြောစကားမှာ မှန်သည် ။ ခါးဝတ်ခါးစားနှင့် နေလာခဲ့ရသည် မှာ တစ်လပင်ပြည့်ခဲ့ပြီ။ ရေမချိုးကြရသည် မှာ လည်း ရက်အတော်ကြာခဲ့ပြီ။ သန်းတွေ

ဗရပွတွယ်နေပြီ။

"ငါတို့ နောက်ထပ် ဆယ့်ခြောက်မိုင်လောက် လျှောက်ရလိမ့်ဦးမယ်"

စတိုင်းနားက ပြောသည် ။

"မြေပုံပေါ်မှာ ပြထားတဲ့ အတိုင်း ဆိုရင်တော့ သစ်တောက ရှုပ်နွှံထူထပ်တဲ့ တောပဲ။ နောက်ပြီးတော့ ... တောအုပ်အလယ်မှာ မြစ်တစ်ခုက ရှိနေသေးတယ်။ ငါတို့ ရင်ဆိုင်ရမယ့်အခြေအနေကို ဒီလောက်ပြောပြရင် မင်းတို့ နားလည်မယ်ထင်တယ်။ သွားရင်းနဲ့ အားပြတ်သွားလို့ မလိုက်နိုင်တော့ဘူးဆိုရင် ပစ်ထားခဲ့မှာ "

သူသည် တောင်အောက်သို့ စဆင်းသည် ။ အားလုံးပင် စတိုင်းနားထွက်သွားရာဘက်သို့ ကြောင်ကြည့်နေကြသည် ။ ပြီးမှ ကြောက်လန့်တကြားဖြင့် သေနတ်များကို လွယ်၍ ပစ္စည်းများကိုထမ်း၍ ကသောကမျော လိုက်ကြသည် ။

ဒွန်က နောက်ဆုံးမှ လိုက်သည် ။ လွန်ခဲ့သော ညကတည်းက သူ့ဗိုက်နာအတော်ကြီး သက်သာလာခဲ့သဖြင့် စိတ်ချမ်းသာခဲ့ရ၏။ သူသည် ယခုအချိန်အထိ ဒိုင်းယက်ကြားခဲ့ရသည် ဆိုသော ခေါင်းလောင်းသံများအကြောင်းကို တွေးနေမိဆဲ။ ဒိုင်းယက်၏ အကြားအာရုံသည် ထူးဆန်းလှချေသည် ။ မည်သို့ပင်ဖြစ်စေ ယနေ့လိုနေ့မျိုး၊ ယခုလိုအချိန်မျိုးတွင် ခေါင်းလောင်းများ ထိုးကြလိမ့်မည်မှာ သံသယဖြစ်ဖွယ်မရှိ။ သို့သော်လည်း ဤအနီးအနားတစ်ဝိုက်က လာသည့်အသံတော့ မဖြစ်နိုင်။ အနည်းဆုံး မိုင်တစ်ထောင်ခန့် ကွာလှမ်းသော နေရာတစ်နေရာမှ ဖြစ်မည်ဟု ခန့်မှန်းရ၏။ သူတို့ ကြားခဲ့ရသော ခေါင်းလောင်းသံများ သည် ဂျာမနီနိုင်ငံ၏ အပျက်အစီးများကြားမှ နေ၍ ရုရှားစစ်မြေပြင်၌ အရှုံးဖြင့်ရင်ဆိုင်၍ တိုက်ပွဲဝင်နေကြသော တပ်များအား တပ်လှန့်ရန်ရောက်လာသည့်အ

သံများ ဖြစ်လေသလော…။

သူတို့ လူစုသည် မကြာမတင်မှာ ပင် မြေပြင်သို့ ဆိုက်ရောက်သွားကြသည် ။ တောင်ပေါ်မှ ဆင်းသောလမ်းသည် ဤနေရာတွင် ဆုံးသည် ။ လမ်းအဆုံးမှ နေ၍ တစ်ဖက်သို့ ကူးလိုက်သောအခါ သူတို့ ခေါင်းများ အထက်မှ မိုးကောင်းကင်သည် ဖျတ်ခနဲ ကွယ်သွားသည် ။ သူတို့ အပေါ်၌ အုပ်မိုးနေသည့်အရာများမှာ စိမ်းစိုနေသော သစ်ရွက်သစ်ခက်များ ၊ အေးမြသောလေသည် ချွေးတစိုစိုဖြင့် ပူလောင်လျက်ရှိသော သူတို့ မျက်နှာများ ဆီသို့ ပြေးဝင်ရိုက်ခတ်သည် ။ သူတို့ အားလုံး တစ်ယောက်ပြီးတစ်ယောက် အစိမ်းရောင် အမှောင်ရိပ်အောက်တွင် ပျောက်သွားသည် ။

***

(၂)

ဂျာမန်စစ်တပ်မှ တပ်စွဲထားသော နေရာများ သည် ကရင်စကားရားမြို့ အနောက်ဘက်ရှိ တောင်ကုန်းထူထပ်သော နယ်မြေအတွင်း၌ ဖြစ်သည် ။ ဤဒေသတွင် စိုက်ပျိုးပင်ဟူ၍ လုံးဝမရှိ။ အားလုံး တောင်ကတုံးတွေချည်းဖြစ်သည် ။ ဤနယ်မြေ၏ အထင်ရှား ဆုံးသော အချက်အချာနေရာမှာ သစ်သားမျှော်စင်ကြီးတစ်ခုတည်ရှိရာ တောင်ကုန်းအမှတ် ၁၂၁ ဒသမ ၄။

တပ်ရင်း၁ သည် ထိုတောင်ကုန်း၏ တောင်ဘက် ဆင်ခြေလျှောတွင် တပ်စွဲထားသည် ။ ဤနေရာမှ ဆိုလျှင် လွန်ခဲ့သော နာရီပိုင်းအတွင်းက မှ ရန်သူ့လက်တွင်းသို့ ကျရောက်သွားခဲ့ရသော နယ်မြေတစ်ခုလုံးကို ကောင်းစွာမြင်နိုင်သည် ။ အထူးသဖြင့် အမြောက်တပ်သားများ သည် ကရင်စကားရားမြို့ခြေအထိ ကောင်းစွာမြင်နိုင်သည် ။ နေရာတိုင်းတွင် လှုပ်လှုပ်ရွရွနှင့် ပျားပန်းခပ်မျှ အသက်ဝင်လှုပ်ရှားလျက်ရှိ၏။ ဘန်ကာ ကတုတ်ကျင်းများ တူးသူက တူးနေကြသည် ။ တချို့အုပ်စုသည် စက်အမြောက်အောက်ခြေတိုင်များကို အထိုင်ကျအောင် ချလျက်ရှိကြသ ည် ။ တချို့ကတော့ သစ်ပင်များကို ခုတ်လှဲ၍ သယ်နေကြသည် ။

တပ်ရင်းအရာရှိအားလုံးကတော့ နောက်နာရီအနည်းငယ်အတွင်း ဖြစ်ပေါ်လာမည့် အရေးကြီးသော အခြေအနေကို ရိပ်မိနေကြသည် ။ န ယ်မြေတစ်ခုလုံးသည် အကာအကွယ်မရှိ။ ဟင်းလင်းပြင်ကြီးဖြစ်သဖြင့်

မိုးမချုပ်ခင် ရန်သူဘက်က ထိုးစစ်ဆင်နိုင်သော အခြေအနေမရှိ။ သို့သော်လည်း အကြွင်းမဲ့ ယုံကြည်စိတ်ချရသော အနေအထားတော့မဟုတ်။ ရန်သူရှုရှားများ သည် လာကြမည်သာ ဖြစ်၏။ မနက်ဖြန်မနက်မှ စ၍ ရုရှားလက်ဖြောင့်တပ်သားများ သည် အလုပ်ခွင်ဝင်ကြပေတော့မည်။ နေရာအနှံ့အပြားမှ ပုန်းကွယ်၍ ချောင်းမြောင်းပစ်ခတ်ကြပေတော့မည်။

တပ်သားအားလုံးသည် ကတုတ်ကျင်းများကို အားသွန်ခွန်စိုက် တူးလျက်ရှိကြသည် ။ တပ်ခွဲမှူးများက ဦးစီးဦးဆောင်၍ အတင်းအကျပ်ဆော်ဩတိုက်တွန်းစရာပင် မလို။ အခြေအနေကို သူတို့ ကိုယ်တိုင် နားလည်သဘောပေါက်နေကြသဖြင့် မခိုမကပ်လုပ်လျက် ရှိကြသည် ။ လွန်ခဲ့သော ညကဆိုလျှင် ရဲဘော်အားလုံး တစ်မေးမှ မမေးခဲ့ရ။ သို့သော်လည်း နားဖို့ အိပ်ဖို့ သတိမရ။ အလုပ်ပြီးပြတ်သွားအောင်သာ စိတ်စောလျက်ရှိကြသည် ။

တပ်ရင်းမှူးသည် တပ်ခွဲ ၂ ၏ ရှေ့ဆုံးကတုတ်ကျင်းများ ထဲမှ ကျင်းတစ်ကျင်းတွင် ဝင်ရပ်ကာ ကိုက်နှစ်ရာခန့်အကွာရှိ တောအုပ်ကို မှန်ပြောင်းတစ်လက်ဖြင့် စေ့စေ့စပ်စပ်ကြည့်နေသည် ။ ဤနေရာတစ်ဝိုက်တွင် ဤအပိုင်းသည် အားနည်းသော အပိုင်းတစ်ပိုင်းဟု သူ စဉ်းစားမိသည် ။ တောအုပ်၏ မြောက်ဘက် အဖျားတစ်လျှောက်တွင် ကရင်စကားရားမှ အန်နာပါသို့သွားရာ မော်တော်ကားလမ်းမကြီး တည်ရှိသည် ။ ဤနေရာပင် ဖြစ်ဖို့ များ သည် ။ ဤအချက်သည် အလွန်သေချာသော အချက်ဟု သူတွက်သည် ။ ဧရိယာတစ်မိုင်ပတ်လည်ခန့် ကျယ်ဝန်းသော ဤတောအုပ်သည် ရန်သူများ အတွက် အလွန်ကောင်းသော ခြေကုပ်စခန်းတစ်ခု ဖြစ်လာနိုင်စရာရှိ၏။

နယ်မြေအခြေအနေကို ကျကျနနလေ့လာမိလေလေ စိုးရိမ်ကြောင့်ကြမှု အရိပ်လက္ခဏာများ သည် သူ့မျက်နှာပေါ်တွင် များလာလေ။ နောက်ဆုံးတွင် သူသည် မှန်ပြောင်းမှ ခွာလိုက်ပြီး ဒေါသတကြီးဖြင့် ခါးကိုဆန့်လိုက်သည် ။ တပ်ခွဲ ၂၏ တပ်ခွဲမှူးသည် သူ့နောက်တည့်တည့်တွင် ရပ်လျက်။

"အခြေအနေကတော့ မယုံကြည်နိုင်လောက်အောင်ကို ဆိုးတာပဲ။ ပြုပြင်ပြောင်းလဲပစ်ဖို့ ကလည်း မလွယ်ဘူး" ဟု ရေရွတ်သည် ။ "ဟိုတောအုပ်ကို ခုတ်လှဲပြီး ရှင်းပစ်မလား။ ဒါမှ မဟုတ် မီးနဲ့ တိုက်ပစ်မလား။ တစ်ခုခုတော့ လုပ်ရမလို ဖြစ်နေပြီ"

ဗိုလ်မိုင်းယား၏ ကြည်လင်အေးဆေးသောမျက်နှာသည် မသိမသာ ညိုသွားသည် ။

"ကျွန်တော်တို့ တပ်တွေ ရောက်လာတာက မျှော်လင့်ထားတာထက် ပိုပြီး မြန်ဆန်လွန်းနေတယ်"

"ပိုပြီးမြန်ဆန်လွန်းနေတယ် ... ဟုတ်လား။ အဲဒီစကားက ဘာကိုဆိုလိုတာလဲ"

တပ်ရင်းမှူးက စိတ်မရှည်သော လေသံဖြင့် ပြန်မေးသည် ။

"တံတားထိပ်မှာ ခံတပ်ဆောက်ဖို့ အချိန်ကောင်းကောင်း ရတယ်။ မလုပ်ဘူး။ ဒီကိစ္စအတွက် ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာ သိချင်တယ်"

သူသည် ခါးကိုကုန်း၍ သုံးချောင်းထောက်မှန်ပြောင်းဖြင့် ထပ်ကြည့်နေပြန်သည် ။ မိုင်းယားက တပ်ရင်းမှူးအား အေးဆေးတည်ငြိမ်သော အကြည့်ဖြင့် ပြန်ကြည့်သည် ။ လွန်ခဲ့သောအပတ်ကမှ တပ်ရင်း ၁ ၏ တပ်ရင်းမှူးဖြစ်သော ဗိုလ်ကြီးထရန်စကီးသည် ဗိုလ်မိုင်းယားအဖို့ အ

ထူးတလည် စိတ်ဝင်စားစရာကောင်းသော စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်နေသ
ည် ။ မျက်နှာသွယ်သွယ်၊ နဖူးပြောင်ပြောင်၊ မျက်လုံးပြာပြာနှင့် သူ၏ မျ
က်နှာပေးသည် တစ်ဖက်သားအပေါ် တစ်ဖက်စောင်းနင်း အနိုင့်အထက်
ပြုလိုသော သဘောကို ဖော်ပြနေသည် ။ ပါးလျသောနှုတ်ခမ်းနှင့် မို့ဖော
င်းနေသောပါးများ သည် သူ၏ စိတ်နေသဘောထားကို ပို၍ သိသာအော
င် ထောက်ခံပေးလျက်ရှိသည် ။ နီရဲသောမျက်နှာသည် တစ်ဖက်သားအ
ပေါ် မကျောရလျှင် မနေတတ်သည့်ပုံစံမျိုး။ သူ့ကိုယ်တွင် ဆင်ထားသည့်
ယူနီဖောင်းဝတ်စုံကလည်း ပထမတန်းစား စက်သမား၏ လက်ရာ။ သိ
မ်သောခါးနှင့်ကျယ်သော ပခုံးများ ၏ အချိုးအစားကျန ပြေပြစ်မှုကို
ပေါ်လွင်စေသည် ။ တကယ်တော့ ဤပုဂ္ဂိုလ်သည် အခြားသော အရာရှိ
များ ထက် အဘက်ဘက်က သာလွန်ကြီးမြင့်အောင် ပြုမူနေထိုင်လျက်ရှိ
သော စံပြအရာရှိတစ်ဦး ဖြစ်သည် ။ မည်သို့ပင်ဖြစ်စေ မိုင်းယားက
တော့ ဤတစ်ချက်တည်းနှင့်ပင် ဗိုလ်ကြီးထရန်စကီးကို ကြည့်မရ။
သေးသွယ်ရှည်လျားသော လက်ချောင်းများ ဖြင့် မှန်ပြောင်းခလုတ်များ
ကို လှည့်နေသော ထရန်စကီးအား စက်ဆုပ်ရွံရှာစွာ ကြည့်နေမိသည် ။

ထရန်စကီး၏ ညာလက်တွင် ရွှေလက်စွပ်တစ်ကွင်း ဝတ်ထားသည်
။ လက်စွပ်ပေါ်တွင် ခတ်နှိပ်ထားသော အမှတ်အသားသည် သူဌေးသူကြွ
ယ်များ ဆွေစဉ်မျိုးဆက်ပြုလုပ်ထားလေ့ရှိသော အမှတ်အသား ဖြစ်၏။
ထရန်စကီးသည် အရှေ့ပရပ်ရှားပြည်နယ်ထဲမှ
မြေယာအမြောက်အမြား ပိုင်ဆိုင်ထားသော မြေပိုင်ရှင်တစ်ဦးဖြစ်သည်
ဟု တပ်မ၏ ဒုတပ်ရင်းမှူးက သူ့အား ပြောပြခဲ့ဖူးသည် ကို မိုင်းယား သ
တိရမိသည် ။ မိုင်းယားကတော့ မြေပိုင်ရှင်တစ်ဦးဖြစ်၍ လည်း အထင်မ
ကြီး။ စစ်မြေပြင်တွင် စစ်သားမှန်သမျှ အားလုံး အတူတူပင်ဖြစ်သည် ဟု
သူယူဆသည် ။ မိမိ ရရှိပိုင်ဆိုင်ထားသော အလင်းရောင်ကလေး ငြိမ်းမ

သွားအောင် ကြိုးပမ်းအားထုတ်နေရသော မြေအောက်ကတုတ်ကျင်းများမှ ဖယောင်းတိုင်သဖွယ် ကိုယ့်ဘဝတည်မြဲရေးအတွက် လှုပ်ရှားရုန်းကန်နေရသည့် လက်တစ်ဆုပ်စာ လူတစ်စုသာဖြစ်သည် ။ စက်ရုပ်လို လှုပ်ရှားအောင် လေ့ကျင့်ပေးထားသော်လည်း လူလိုခံစား၍ လူလိုတွေးတတ်သော ယူနီဖောင်းဝတ် လူတစ်စုမျှသာ ဖြစ်သည် ။

ထရန်စကီးသည် သူ့မျက်လုံးများကို မှန်ပြောင်းမှ ခွာလိုက်ပြန်သည် ။

"ဒီကိစ္စကိုတော့ တပ်မကို အမြန်ဆုံးအစီရင်ခံမှ ဖြစ်မယ်။ အခုမှတော့ ဘာမှ လုပ်လို့ မရတော့ဘူး။ သိပ်နောက်ကျသွားပြီ ..."

မိုင်းယားကလည်း သဘောတူသည် ။

"အခုလောက်ဆိုရင် တောအုပ်ထဲမှ ရုရှားတွေ ရောက်ချင်ရောက်နေရော့မယ်။ အခုလို နေ့ခင်းကြောင်တောင်ကြီးမှာ ကျွန်တော့်လူတွေကို လွှတ်ဖို့ ဆိုတာလည်း မစဉ်းစားသင့်ဘူးထင်လို့ ..."

မိုင်းယားသည် အကာအကွယ်လုံးဝမရှိသော မြေပြင်ကို စိတ်မသက်သာသော ဟန်ဖြင့် ငေးစိုက်ကြည့်နေသည် ။ မြေပြင်၏ အရောင်အဆင်းသည် မော်တော်ကားလမ်းမကြီး၏ ကတ္တရာစေးရောင်နှင့် သိပ်ပြီးခွဲခြား၍ မရ။

"အဲဒါကျတော့ ငါ သံသယဖြစ်နေတယ်" ဟု ထရန်စကီးက ဆိုသည် ။

"ငါတို့ ဒီရောက်တာ နေ့ခင်းပဲ။ ရုရှားတွေ ငါတို့ နောက်က တောက်လျှောက် လိုက်လာလိမ့်မယ်လို့ ငါတော့ မထင်ဘူး"

"ဒီကိစ္စကို ကျွန်တော်တို့ မနေ့ညက စဉ်းစားခဲ့ကြသေးတာပဲ။ ဒါပေမဲ့ အခုအချိန်အထိ ကျွန်တော်တို့ မူလကစီစဉ်ထားတဲ့ အတိုင်း ထိန်းသိမ်းထားနိုင်မယ့် ခံစစ်နေရာကောင်းမှ မရသေးတာ"

မိုင်းယားက စိတ်မချမ်းမြေ့သံဖြင့် ပြောသည် ။

"ဒီပြဿနာက တခြားပါ"

ထရန်စကီးက စိတ်အနှောင့်ယှက်ဖြစ်သွားဟန်ဖြင့် ပြန်ပြောသည် ။ အထက်စီးလေဖြင့် ပြောလိုက်သော်လည်း သူ့စိတ်ထဲကတော့ တပ်ခွဲမှူး ၏ စကားမှန်ကြောင်းသိနေ၏။

မူလအစီအစဉ်အရဆိုလျှင် သူတို့ တပ်ရင်းသည် ကရင်စကားရားမြို့ ၏ အရှေ့ဘက်နယ်မြေကို ယခုအချိန်အထိ ထိန်းသိမ်းထားရန်ဖြစ်သည် ။ ထိုအစီအစဉ်အရ သူတို့ လူစုသည် ထရပ်ကားနှင့် သက်သောင့်သက်သာ လာခဲ့ကြရသည် ။ သန်းခေါင်ယံအချိန်တွင် ကြိုဆိုလက်ခံရေးတပ်ဆွယ်သို့ ဆိုက်ရောက်ခဲ့ကြသည် ။ သူတို့ ဆိုက်ရောက်ပြီး တစ်နာရီခန့်ကြာသောအခါ တပ်မဟာဌာနချုပ်မှ နောက်ဆုံးဆုတ်ခွာသွားဖို့ သတ်မှတ်ထားသည့်နေရာအထိ အမြန်ဆုံးဆုတ်ခွာကြရမည်ဟူသော အမိန့် ရောက်လာခဲ့သည် ။

ရုတ်ရက် ထရန်စကီးသည် သူတို့ နောက်တွင် ခံစစ်အဖြစ် တာဝန်ပေးထားခဲ့သော တပ်ခွဲ ၂မှ တပ်စုကို သတိရလာသည် ။ သူသည် ထိုတပ်စုအကြောင်းကို တွေးရင်း စီးကရက်ဘူးကို ထုတ်သည် ။

"မင်းတပ်က တပ်စု ၂ ကို စာရင်းက ပယ်ဖျက်ရတော့မယ် မဟုတ်လား"

"မဖျက်သင့်သေးဘူးလို့ ထင်တယ် ဗိုလ်ကြီး။ ကျွန်တော်တို့ မှန်းထား

တဲ့ အချိန်ထက်စောပြီး တပ်တွေအားလုံး ဆုတ်သွားရင် နောက်ပိုင်းက နေ ဘာတွေ ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ ညွှန်ကြားချက်ကို တပ်စုခေါင်းဆောင် နားလည်အောင် ပေးထားခဲ့ပါတယ်။ ပြီးတော့လည်း တပ်စုမှူးလုပ်တဲ့ လူက စတိုင်းနားပါ"

"စတိုင်းနားဆိုတာ ဘယ်သူလဲ"

ထရန်စကီးက မျက်မှောင်ကုတ်၍ မေးသည် ။

မိုင်းယားက အံ့အားသင့်ကာ ထရန်စကီးအား စိုက်ကြည့်နေသည် ။ အတန်ကြာမှ သတိပြန်ဝင်လာသည် ။

"ဗိုလ်ကြီးက ကျွန်တော်တို့ တပ်ရင်းမှာ လူသစ်တစ်ယောက်ဖြစ်နေ တာကို ကျွန်တော် မေ့သွားတယ်။ တပ်ကြပ်စတိုင်းနားဟာ စစ်သား ကောင်းတစ်ယောက်ပါ။ သူ့အကြောင်းတော့ ဗိုလ်ကြီးကို ပြောပြထားရ ဦးမယ်။ တူအာအီမြို့မှာ တပ်ချထားတဲ့ ဒီတပ်ရင်းကို ကျွန်တော် ရောက် ခဲ့ပြီးတဲ့ နောက် ရက်သတ္တပတ် နည်းနည်းကြာတော့ ရုရှားတွေ လာတို က်တယ်။ သူတို့ က ကျွန်တော်တို့ တပ်ရဲ့ ဘယ်ဘက်ကနေ ဖိတိုက်တယ် ။ အဲဒီတုန်းဗြုန်းဆို ကျွန်တော့်တပ်ခွဲရုံးရှေ့မှာ ရုရှားတွေ ရောက်လာတ ယ်။ တကယ်လို့ သာ စတိုင်းနားနဲ့ သူ့တပ်စု အချိန်မီရောက်မလာရင် ကျွ န်တော်တို့ အားလုံး သေကြမှာ ။ စတိုင်းနားဟာ ကင်းထောက်တဲ့ နေရာ မှာ လည်း သိပ်ကိုတော်တဲ့ စစ်သားတစ်ယောက်ပါ ဗိုလ်ကြီး။ အလျင်က ကျွန်တော်တို့ တပ်မှာ တပ်ရင်းမှူး လုပ်သွားဖူးတဲ့ အခု ကျွန်တော်တို့ ရဲ့ တပ်မမှူးကဆိုရင် သူ့ကို သိပ်လေးစားတယ်"

"အဲဒီတော့ ..."

ထရန်စကီးက စိတ်မပါ့တပါဖြင့် ဝင်ထောက်သည် ။

"ဟုတ်ကဲ့" ဟု ရေရွတ်ကာ မိုင်းယားက ဆက်ပြောသည် ။

"ကျွန်တော်တို့ တပ်မတစ်ခုလုံး ပရိဘရမ်းမှာ တပ်စွဲထားတုန်းက သူက တပ်ခွဲမှူးဘဝပဲ ရှိသေးတယ်။ အဲဒီတုန်းက ရုရှားတွေနဲ့ အကြီးအကျယ်တိုက်ပွဲဖြစ်ခဲ့ဖူးတယ်။ ရုရှားတွေက အကြီးအကျယ် ထိုးစစ်ပြန်စချိန်ပေါ့။ အဲဒီတိုက်ပွဲမှာ စတိုင်းနားက သူ့အသက်ကို ကယ်ခဲ့ဖူးတယ်"

ထရန်စကီးသည် စီးကရက်ကို နှုတ်ခမ်းဖြင့် မထိတထိ ခဲထားရင်းက တောအုပ်ဘက်သို့ ထပ်ကြည့်ပြန်သည် ။ ဘယ်လိုပဲဖြစ်ဖြစ် တပ်ကြပ်တစ်ယောက်၏ သူရဲကောင်းပုံပြင်များကို နားထောင်နေရသည် မှာ သူ့အဖို့ တော့ ငြီးငွေ့စရာ။ အခု သူကြားနေရသည့်အတိုင်း ဆိုလျှင် စတိုင်းနားဆိုသော စစ်သားသည် အမေရိကန်နိုင်ငံ၏ အနောက်ဘက်ဒေသမှ တစ်ကိုယ်တော်လူစွမ်းကောင်း သေနတ်သမားတစ်ဦးနှင့် တူနေသည် ။ ဤအတန်းအစား လူငယ်များ သည် သေနတ်မောင်းခလုတ်ဆွဲရာ၌ လက်ရဲဇက်ရဲတတ်ကြသည် ။ မြန်လည်း မြန်တတ်ကြသည် ။ ကံကလည်း လိုက်တတ်ကြသည် ။ ဤလူစားမျိုးသည် အတွေးအခေါ်ကျတော့ ရှေးဆန်သည် ။ ပြီးတော့ အလွန်ဘဝင်ကိုင်တတ်သည် ။

"ပြောပုံအရ ဆိုရင်တော့ တကယ့်ကို ထူးခြားတဲ့ ပါရမီရှင် လူစွမ်းကောင်းတစ်ယောက်လို့ ဆိုရမယ်ထင်တယ်"

သူပြောလိုက်ပုံက ခနိုးခနဲ့ ။

"ဒါတော့ ကျွန်တော် မသိဘူး" ဟု မိုင်းယားက ပြောသည် ။ "ဘာပဲဖြစ်ဖြစ် သူဟာ စစ်သားကောင်းတစ်ယောက်ပါ"

"ငါကတော့ လူတွေရဲ့ အရည်အသွေးကို ခန့်မှန်းချင့်တွက်တဲ့ နေရာမှာ သိပ်ကို သတိထားတယ်"

ထရန်စကီး၏ အသံက အေးတိအေးစက်။

"လူတစ်ယောက်မှာ သူ့ရဲ့ တန်ဖိုးကို အဆုံးဖြတ်ပေးနိုင်တဲ့ ကိုယ်ပိုင် သီးခြား အမူအကျင့်လေးတွေ ရှိတတ်တယ်။ စစ်သားဆိုရင် စစ်သား ကောင်းဖြစ်နိုင်မယ့် ထူးခြားတဲ့ အရည်အသွေးတွေ ဆိုပါတော့ကွာ ...။ အခုကိစ္စမှာ ငါအံ့သြနေမိတာက တခြား မဟုတ်ဘူး ။ အဲ ဘယ်သူကွ။ မ င်းလူရဲ့ နာမည်"

"စတိုင်းနားကို ပြောတာလား"

"အေး ဟုတ်တယ်။ မင်းလူ စတိုင်းနားက အစွမ်းသတ္တိမှာ ရော၊ လုပ် ရည်ကိုင်ရည်မှာ ရော အလွန့်ကို ထက်မြက်ထူးခြားတယ်လို့ လည်း ပြောသေးရဲ့ ။ အဆင့်က တပ်ကြပ်ဆိုတော့ စဉ်းစားစရာ ဖြစ်မနေဘူး လား။ ဒီအချက်ကတော့ ငါ့အဖို့ အတော်အံ့သြစရာဖြစ်နေတာ အမှန်ပဲ"

မိုင်းယား အဖြေရှာမရ။ ထရန်စကီး၏ အကြောင်းပြချက်က ခိုင်လုံ နေသည် ။ သူကြားဖူးသလောက်ဆိုလျှင် စတိုင်းနားစစ်တပ်ထဲ ရောက် လာခဲ့သည် မှာ အနည်းဆုံးငါးနှစ်ခန့်တော့ ရှိပြီ။ ဘာ့ကြောင့် တပ်ကြပ် အဆင့်က မတက်ရသနည်း။ အကြောင်းတော့ ရှိရမည်။ ထိုအကြောင်း ကို တစ်နေ့နေ့တော့ သိအောင်လုပ်ရမည်။

ထရန်စကီး၏ အသံက သူ့အတွေးကို ဖြတ်ပစ်လိုက်သည် ။ တပ်ရင်း မှူးသည် သူ့လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် ယှက်၍ တင်လိုက်ပြီး ပြုံးသ ည် ။ သူ့အပြုံးက သရော်ပြုံး။

"ကဲ ... ဘယ်လိုလဲ၊ ဖြေစမ်းပါဦး" ဟု မေးသည် ။

မိုင်းယားက သူ့မျက်လုံးများကို ထရန်စကီး မျက်နှာပေါ်မှ လွှဲဖယ်လို က်သည် ။ "တော်တော် လူပါးဝတဲ့ မြည်းပဲ" သူ တွေးသည် ။

"ဒီပြဿနာကို ကျွန်တော် မလေ့လာခဲ့မိသေးဘူး။ကျွန်တော် သိသလောက်ကတော့ စတိုင်းနားက ဒဏ်ရာရလို့ လအတော်ကြာ ဆေးရုံတက်ခဲ့ရတယ်။ ဒီတပ်ခွဲကို လွန်ခဲ့တဲ့ ခြောက်လလောက်က ပြန်ရောက်လာတယ်။ ကျွန်တော် ဒီတပ်ရင်းကိုရောက်ပြီး မကြာခင် ဆိုပါတော့"

"ပြန်ရောက်ကတည်းက တပ်စု၂မှာ တာဝန်ကျခဲ့တာလား"

" မဟုတ်ဘူး ။ စောစောကတည်းကသာ တာဝန်ကျေခဲ့ရင် သူ့ကို ကျွန်တော် တပ်ကြပ်ကြီးအဆင့်ထိ တိုးပေးပြီးတာကြာပြီပေ့ါ။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်အထိ သူဟာ တပ်စိတ်ခေါင်းဆောင်ပါ။ တပ်ကြပ်ကြီးဂျီရပ် ဒဏ်ရာရသွားမှ သူ့ကို တပ်စုမှူးအဖြစ် တာဝန်ပေးခဲ့တာ။ နောက်ပိုင်းမှာ အလုပ်က သိပ်များ လွန်းတော့ နောက်ထပ်ရာထူးထပ်တိုးပေးဖို့ အခါအခွင့်ကို မသင့်တော့ဘူး"

ထရန်စကီးသည် စီးကရက်တိုကို ပစ်ချလိုက်ပြီး ဖိနပ်ဦးဖြင့် နင်းချေလိုက်သည် ။

"တကယ်လို့ မင်းလူ စတိုင်းနားဟာ တပ်စုကို ဒီပြန်အရောက် ခေါ်လာနိုင်တယ်ဆိုရင် ငါသူ့ကို တပ်ကြပ်ကြီးရာထူး တိုးပေးမယ်ကွာ"

"ဒီလိုဆိုရင် သူ ရာထူးတက်မှာ သေချာပြီလို့ ကျွန်တော် ပြောဝံ့တယ်
"

မိုင်းယားက အခိုင်အမာပြောသည် ။

"မင်းကတော့ မင်းဟာမင်း သေချာပေါက်ပေ့ါလေ"

ထရန်စကီးက သရော်သည် ။

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် စူးစူးရဲရဲ ကြည့်နေကြသည် ။ နှစ်ဦးစလုံး၏ မျက်နှာများ သည် တစ်ဦးကိုတစ်ဦး ရွံရှာစ

က်ဆုပ်ခြင်းနှင့် မုန်းတီးခြင်းကို အထင်အရှား ဖော်ပြလျက်ရှိ၏။

"ဒီအကောင် ငါ့အရေခြုံဖို့ ရောက်လာတာပဲ။ ဘာကြောင့် အခုလို ဖြစ်ရတာပါလိမ့်" ဟု မိုင်းယားက တွေးသည် ။ သူထိုင်နေရတဲ့ မြင်းကုန်းနှီးက မြင့်လွန်းနေတော့ သူ့မြင်းစားနေရတဲ့ မြက်ကိုတောင် ငုံ့ကြည့်ဖို က သတိမရတော့တဲ့ အကောင်ပါလား။ တပ်ကြပ်တစ်ယောက်ဟာ သူ့အတွက် ခက်ခက်ခဲခဲ အသက်ရှင်ရမယ့် အခြေအနေပဲ။ ဘာထူးလဲ။ ဗိုလ်တစ်ယောက်လည်း ဒီလိုပဲ နေမှာ ပါ။

ဤအတွေးသည် မိုင်းယား၏ ဒေါသကို ပို၍ ကြီးထွားစေသည် ။ သူ့ပါးစပ်မှ ထွက်သွားသောစကားသည် သူ ထင်ထားသည် ထက် တိုတောင်းမာကျောလွန်းနေ၏။

"စတိုင်းနားကို ကျုပ်သိတယ်။ သူ့အတွက်ဆိုရင် ကျုပ် အာမခံရဲတယ်"

ထရန်စကီးသည် မျက်ခုံးများကိုပင့်လိုက်သည် ။ သူ့ဒေါသသည် မြန်မြန်ထက်ထက် ပေါ်မလာ။ ဖြည်းဖြည်းချင်း။

"မင်းရဲ့ သဘောထားကို ငါမတောင်းဘူး မိုင်းယား။ နောက်တစ်ခု သိစေချင်တာက ငါ့လက်အောက်က လူတွေရဲ့ စကားပြောတဲ့ အခါ အသံအနေအထားကို ငါသိပ်သတိထားတတ်တယ်ဆိုတဲ့ အချက်ပဲ"

ဗိုလ်ကြီးထရန်စကီး၏ မျက်နှာ ဖြူရော်ရော်ဖြစ်သွားသည် ကို မိုင်းယား သတိပြုမိသည် ။ သူ့ဒေါသအတွက် စိတ်မကောင်းဖြစ်မိ၏။ ဆက်လက်ဖြစ်ပေးလာမည့် အခြေအနေကို သူစောင့်ကြည့်သည် ။ သို့သော်လည်း ထရန်စကီးသည် သူ့ဒေါသကို အချိန်မီ ထိန်းသိမ်းသွားနိုင်ပုံရသည် ။ သူသည် စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ချာခနဲလှည့်ကာ ကတုတ်ကျင်းတစ်ခုဆီ လျှောက်သွားသည် ။ စက်သေနတ်ကြီးတစ်လက် ချ

ထားရာနေရာသို့ ရောက်မှ ထရန်စကီးက ရပ်သည် ။ ကတုတ်ကျင်းမှာ ကျယ်ကျယ်ဝန်းဝန်း ရှိရုံမျှမက ပျဉ်ချပ်များ ဖုံးထားသဖြင့် သေသပ်ခိုင်ခံ့သည် ။ စက်သေနတ်ကြီးနောက်တွင် ရှိနေသော ရဲဘော်သည် သူတို့အား လှည့်ကြည့်သည် ။ မိုင်းယားက တရင်းတနှီးပင် ခေါင်းဆတ်၍ နှုတ်ဆက်သည် ။

"ဘာထူးသေးလဲ အော့တ်"

ရဲဘော်က သတိအနေအထားဆွဲ၍ ပြန်ဖြေသည် ။

"မထူးဘူး ဗိုလ်ကြီး"

ထရန်စကီးသည် ရဲဘော်အား စိတ်ဝင်တစား ကြည့်နေသည် ။ ရဲဘော်၏ ရင်ဘတ်တွင် သံကြက်ခြေတံဆိပ်အပြင် ကြည်းတပ်မှ ချီးမြှင့်သော တိုက်ပွဲသူရဲကောင်း ငွေတံဆိပ်ပါ တပ်ဆင်ထားသည် ။

"အရပ်သားဘဝတုန်းက မင်း ဘာလုပ်ခဲ့သလဲ" ဟု သူက မေးသည် ။

ရဲဘော်၏ မျက်နှာသည် ရဲခနဲ ဖြစ်သွားသည် ။ သူသည် ပါးစပ်ကို ဟလိုက်ပြီးကာမှ ကြံရာမရဖြစ်သွားသည့်ဟန်ဖြင့် မိုင်းယားအား လှမ်းကြည့်သည် ။

"ဘာဗေးရီးယန်းနယ် အဲ့လ်(ပ်)တောင်ကြားက ဘတ်ကဆောရွာဟာ သူ့ဇာတိပါ။ စစ်တပ်ထဲ မရောက်ခင်က တစ်ရွာလုံးကငှားထားတဲ့ ကျွဲနွားကျောင်း အလုပ်သမားတစ်ယောက်ပါ" ဟု မိုင်းယားက ဝင်ဖြေသည် ။

ထရန်စကီးသည် တမင်တကာ မြှင့်တင်ထားသော သူ၏ အရာရှိလေသံကို အနည်းငယ်ချလိုက်သည် ။

"န္တားကျောင်းသားအလုပ်ဆိုတော့ ပျင်းစရာကောင်းမှာ ပေါ့ ဟုတ်လား"

အော့တ်က မဝံ့မရဲ ပြုံးသည် ။ ရုတ်တရက် အဖြေမပေး။ စိတ်ကျဉ်းကျပ်နေသည့်နှယ် တံတွေးကိုသာ မကြာခဏ မျိုချနေသည် ။ အတန်ကြာမှ ... "မပျင်းဘူး" ဟု ဖြေသည် ။ သူ့မျက်လုံးများကို မိုင်းယားထံမှ မခွာ။ မိုင်းယားက အားပေးသည့်အနေဖြင့် မျက်စိမှိတ်ပြသည် ။

"ညည်းငွေ့စရာကော မကောင်းဘူးလားကွ" ဟု ထရန်စကီးက မေးပြန်သည် ။

"ဟင့်အင်း ...။ မကောင်းဘူး"

အော့တ်က ခေါင်းကို တွင် တွင် ခါပြသည် ။

ထရန်စကီးက ပြုံးသည် ။

"တောင်ပေါ်သားတွေကို အခုလိုနေရာပို့ထားတော့ ရေထဲက ငါးကို ကုန်းပေါ်ပစ်တင်ထားသလို ဖြစ်နေတာပေါ့" ဟု မိုင်းယားဘက်လှည့်ပြောသည် ။ ပြီးတော့မှ အော့တ်၏ ရင်ဘတ်မှ တံဆိပ်များကို ကြည့်ကာ ... "ဒါပေမဲ့ အခုအချိန်အထိ ဒီငါးက ကိုက်နေတုန်းပဲ" ဟု မှတ်ချက်ချသည် ။

ထရန်စကီးက ရှေ့ဆက်လျှောက်သည် ။ သူ့အပြုအမူသည် ချက်ချင်းပင် ပြန်တည်သွားသည် ။ ဣန္ဒြေတစ်ခွဲသားနှင့် ပြန်ဖြစ်သွားသည် ။ တွေ့သမျှ ရဲဘော်များက အလေးပြုသည် ကို ခေါင်းဆတ်သည် ဆိုရုံမျှ မသိမသာကလေး ဆတ်၍ အသိအမှတ်ပြုလာသည် ။ တစ်နေရာတွင် တပ်ခွဲ ၁မှ တပ်ခွဲမှူးဗိုလ်ဂေါ်ဆားနှင့် ဆုံမိကြသည် ။ သူ၏ နုပျိုသော မျက်

နှာသည် ဖြူရော်ရော် ဖျော့တော့တော့နှင့် အိပ်ချင်မူးတူး။ အပူဒဏ်ကို မခံနိုင်သဖြင့် ကျူးနစ်အင်္ကျီကို ချွတ်ထားသည် ။ သူ၏ အစိမ်းပုပ်ရောင် ရှပ်အင်္ကျီမှာ ချွေးများ ဖြင့် နစ်နေသည် ။ ထရန်စကီးက ဂေါ်ဆား၏ နေပုံထိုင်ပုံကို မနှစ်မြို့ဟန်ဖြင့် ကြည့်သည် ။

"ဘာတွေ လုပ်နေတာလဲ ဟာဂေါ်ဆား"

ဗိုလ်ဂေါ်ဆားက ပခုံးတွန့်သည် ။

"ကျွန်တော် ဘန်ကာနဲ့ အလုပ်ရှုပ်နေတာပါ ဗိုလ်ကြီး။ ဗိုလ်ကြီးမြင်တဲ့ အတိုင်းပဲ။ အခုလို လွင်ပြင်မှာ ဒီလောက်ပြင်ဆင်ထားတာကိုပဲ အကောင်းဆုံးအနေအထားလို့ ပြောနေရတာပဲ။ သူတို့ က တပ်ခွဲရုံးအတွက် သီးခြားဘန်ကာကလေးတစ်ခုတောင် လုပ်မပေးနိုင်ကြဘူး"

ထရန်စကီးအား ပြန်ဖြေရင်း မိုင်းယားကို လှမ်းကြည့်သည် ။

"ခင်ဗျား ဘက်မှာ ကော အခြေအနေကောင်းရဲ့ လား"

"ဒီဘက်လောက်တော့ မဆိုးဘူး။ တပ်ခွဲရုံးအတွက် သီးသန့်ဘန်ကာ တစ်ခုတော့ လုပ်ထားနိုင်တယ်"

"အများကြီး ဟန်ကျတာပေ့ါ။ ရှက်စရာတောင်ကောင်းတယ်။ သူတို့ မ ၂၁ အချိန်အများကြီး ရလျက်သားနဲ့ မလုပ်တာ။ အခုအခြေအနေအတိုင်းဆိုရင် ရန်သူကို ခုခံဖို့ အချိန်ရပ့ါမလား မပြောတတ်ဘူး။ အားလုံးနေရာကောင်းရှာရတာနဲ့ ၊ ကတုတ်ကျင်းတူးရတာနဲ့ အချိန်က မနည်းကုန်နေပြီ"

ထရန်စကီးသည် သေသပ်လှပစွာ လှီးဖြတ်ထားသော လက်သည်းများကို စေ့စေ့စပ်စပ် ကြည့်နေသည် ။

"ခုခံတိုက်ခိုက်ဖို့ နေရာကောင်းရထားရင် ကိုယ့်ဘက်က အထိအခို

က်အကျအဆုံး နည်းတာတော့ အမှန်ပဲ။ ဒါပေမဲ့ တစ်ဖက်က လာတိုက်တဲ့ ရန်သူကို ထိထိရောက်ရောက် တွန်းလှန်နိုင်တာက နေရာကောင်းရဖို့ အဓိက မဟုတ်ဘူး ။ ကိုယ့်တပ်သားတွေရဲ့ စိတ်ဓာတ်အင်အားအပေါ်မှာ အများကြီး တည်နေတယ်။ ဒီအချက်ကိုတော့ ဟာဂေါ်ဆားမျက်ခြည်မပြတ်ပါနဲ့ ။ ပြီးတော့ တပ်သားတွေကို အုပ်ချုပ်နေတဲ့ အရာရှိတွေရဲ့ စိတ်နေစိတ်ဓာတ်နဲ့ အပြုအမူဟာလည်း အရေးအကြီးဆုံးပဲ"

သူပြောနေသည့် လေသံက အပြစ်တင်လိုသော လေသံ။ ဆရာလုပ်လိုသော လေသံ။

ဂေါ်ဆားနှင့်မိုင်းယား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည် ။ အဓိပ္ပာယ်များ စွာပါသည့် အကြည့်များ ။ ဂေါ်ဆားက လေအေးဖြင့် ပြန်ဖြေသည် ။

"တပ်သားတွေရဲ့ စိတ်ဓာတ်အင်အားဟာ ပတ်ဝန်းကျင်ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ အထောက်အကူပြုမှုအပေါ်လည်း အများကြီး တည်နေတယ်လို့ ပြောရင် ဗိုလ်ကြီးလက်ခံနိုင်မယ်ထင်ပါတယ်။ ကျွန်တော်တို့ ရဲ့ အတွေ့အကြုံအရဆိုရင် ရန်သူ့ဘက်က အပြင်းအထန် မရပ်မနား ပစ်ခတ်နေတဲ့ အမြောက်ဒဏ်ကို ခေါင်းမဖော်နိုင်လောက်အောင် ခံနေရရင် တပ်သားတွေရဲ့ စိတ်ဓာတ်အင်အားဟာ အနည်းနဲ့ အများ တော့ ပျက်လာတတ်ပါတယ်"

ထရန်စကီးက မိုင်းယားအား ဖျတ်ခနဲ လှမ်းကြည့်သည် ။ မိုင်းယား၏ မျက်နှာထားက ခပ်တင်းတင်း။ သူ့မျက်နှာသည် ဂေါ်ဆားဘက် ပြန်လှည့်သွားသည် ။

"မင်း ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ဘာလဲ"

တစ်ဖက်နှင့်တစ်ဖက် အဆင်မပြေဖြစ်ရတော့မည့် အခြေအနေကို

ဂေါ်ဆားက ရိပ်မိသည် ။ ဆက်ပြောနေလည်း အကျိုးမထူးဟု သူတွေးသည် ။

"ဒီပြဿနာမျိုးဟာ အချိန်ကြာကြာဆွေးနွေးမှ ကောင်းမှာ ပါ။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော် ညက တစ်ညလုံး မအိပ်ခဲ့ရဘူး။ ဒီဘန်ကာနဲ့ အလုပ်ရှုပ်လာလိုက်တာ အခု မနက်အထိပဲ။ ပင်ပန်းလွန်းလို့ ဘာမှ အာရုံစိုက်လို့ မရဘူး။

ထရန်စကီးက သူ့အား စူးစူးရဲရဲ ကြည့်နေသည် ။ ထို့နောက် မိုင်းယားဘက် လှည့်လိုက်သည် ။

"မင်း ငါနဲ့ လိုက်ဖို့ မလိုတော့ဘူး။ မင်းတပ်ခွဲ မင်းပြန်နိုင်တယ်"

ပြီးတော့ နှစ်ယောက်စလုံးကို ခေါင်းဆတ်၍ နှုတ်ဆက်ကာ တစ်ဖက်သို့ လှည့်ထွက်သွားလေတော့သည် ။

နှစ်ယောက်သား ထရန်စကီး သွားရာဘက်သို့ လိုက်ကြည့်နေရာမှ မိုင်းယားက ချောင်းဟန့်လိုက်၏။

"စောစောက ကျွန်တော် ကြားလိုက်ရတဲ့ ခင်ဗျားရဲ့ လိမ္မာပါးနပ်တဲ့ အပြောအဆိုကလေးတွေကြောင့် ခင်ဗျားကို ကျွန်တော် သိပ်ကို သဘောကျသွားပြီ" ဟု ပြောသည် ။

"ဒီလို လူစားမျိုးနဲ့ စကားပြောရတာ သိပ်မလွယ်ဘူး"

ဂေါ်ဆားသည် သူ့ကျူးနစ်အင်္ကျီကြယ်သီးကို ပြန်ဖြုတ်သည် ။

"သိပ်ပူတာပဲဗျာ။ အခုမှ ဆယ်နာရီပဲ ထိုးသေးတယ်"

"အင်္ကျီကို ပြန်ချွတ်ထားလိုက်ပေါ့ဗျာ"

မိုင်းယားက အကြံပေးသည် ။

"ဟုတ်တယ်ဗျာ။ ပြန်ချွတ်ထားဦးမှ ဖြစ်မယ်။ ကျွန်တော် ဒီအင်္ကျီကို အဆမတန် ချွေးထွက်ခံပြီး ဝတ်ပြထားရုံနဲ့ တော့ ရဲဘော်တွေရဲ့ စိတ်ဓာတ်အင်အားဟာ သိပ်ပြီး တက်လာမယ် မထင်ပါဘူး"

မိုင်းယား၏ အတွေးအာရုံသည် သူ၏ တပ်စု ၂ဆီ ရောက်သွားသည် ။ တပ်စု ၂ ပြန်ရောက်လာရမည်ဟူသော စကားကို သူ စောစောက ထရန်စကီးအား ရဲရဲဝံ့ဝံ့ပြောခဲ့မိသော်လည်း တကယ်တမ်းကျတော့ စတိုင်းနားနှင့် သူ့လူများ ၏ အခြေအနေကို ခန့်မှန်းလို့ ပင်မရ။ ယနေ့နံနက် စောစောစီးစီး မြေပုံတစ်ချပ်ရှေ့ချကာ တစ်နာရီကျော်မျှ သူလေ့လာခဲ့ပြီးပြီ။ နယ်မြေအနေအထားကို သိရလေလေ တပ်စု ၂ ပြန်ရောက်လာဖို့ မျှော်လင့်ချက်က ကင်းမဲ့လေ။ ဤနယ်မြေ၏ အဓိကကြီးမားသော အဟန့်အတားမှာ သစ်တောများ ဖြစ်၏။ ဤသစ်တောများကို သူတို့ လူစုကျော်နိုင်ကြပါမည်လော။ အမှန်တော့ တပ်စုကို သူ့တပ်ခွဲနှင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့ဖို့ သင့်သည် ဟု သူတွေးသည် ။ အကယ်၍ များ ခေါ်လာခဲ့ပါကလည်း ဤမျှလောက် ရှုပ်ထွေးနေသော အချိန်မျိုးတွင် မည်သူမျှ သတိပြုမိကြမည် မထင်။

သူသည် ဂေါ်ဆားဘက်သို့ ဖျတ်ခနဲ လှည့်လိုက်သည် ။

"ကျွန်တော် ဖုန်းဆက်စရာတစ်ခု ရှိနေတယ်။ ခင်ဗျား လိုက်မလား"

"လိုက်တာပေါ့"

တပ်ခွဲ ၂ ၏ တပ်ခွဲရုံးဘန်ကာဆီသို့ လျှောက်လာခိုက်တွင် မိုင်းယားက သူ့တပ်စု ၂အတွက် သူ စိတ်ပူကြောင်း ပြောပြသည် ။

"ကျွန်တော် ကိုင်းဆဲလ်ဆီဖုန်းဆက်မလို့ ။ တပ်ရင်း ၂နဲ့ ၃ကလည်း တပ်စုတစ်စုစီ နောက်တန်းခံစစ်အဖြစ် ထားခဲ့တယ်လို့ ကျွန်တော် သိထားတယ်။ တပ်မအနေနဲ့ သူတို့ ဆီက သတင်းတွေ ဘာတွေများ ရထား

မလားလို့ "

စစ်မြေပြင်သုံး တယ်လီဖုန်းသည် ဘန်ကာအလယ်မှ စားပွဲပေါ်၌ ရှိသည် ။ မိုင်းယားခေါ်နေခိုက်တွင် ဂေါ်ဆားက စားပွဲတစ်ဖက်ထောင့်၌ တင်ပါးလွှဲ ဝင်ထိုင်သည် ။

တယ်လီဖုန်းဆက်သည် မှာ ဘာမှ မကြာလိုက်။ မိုင်းယားသည် ဝေခွဲမရသော မျက်နှာဖြင့် တယ်လီဖုန်းကို ပြန်ချလိုက်၏။

"ယုံနိုင်စရာတောင် မရှိပါဘူးဗျာ။ တခြားတပ်ရင်းတွေက သူတို့ တပ်စုတွေကို မထားခဲ့ဘူး ပြောတယ်"

"ဘယ်နှယ့်မဖြစ်နိုင်တဲ့ ဟာ ..."

ဂေါ်ဆားက မိုင်းယားကို ကြည့်၍ ရေရွတ်သည် ။

"တပ်စုတစ်စုစီ ထားခဲ့ရမယ်ဆိုတဲ့ အမိန့်ဟာ တပ်မဟာက လာတာပဲ။ တပ်ရင်း ၃ဆုတ်တော့ ရုရှားတွေက အားနဲ့ ဖိလိုက်လာတယ်တဲ့ ။ ခင်ဗျားလည်း သိမှာ ပေါ့။ ဗိုလ်မှူးဘိုဂဲလ်အကြောင်း။ သူက တပ်မဟာအမိန့်ကို လက်မခံဘူး။ သူ့တပ်ရင်းက တပ်စုကို မထားခဲ့ဘူး။ တပ်ရင်း ၂ ကလည်း ဒီအတိုင်းပဲ လုပ်တယ်။ ကိုင်းဆဲလ်က ဒီအတိုင်း လုပ်ကြတယ်လို့ တော့ ဝန်မခံဘူး။ ဒါပေမဲ့ သူပြောပုံက ဒီသဘောပဲ။ သူလည်း လောလောဆယ် ရှုပ်ထွေးနေတဲ့ အခြေအနေအတွက် စိတ်ပူနေပုံပဲ"

"သွားစမ်းပါ အလကား။ လောလောဆယ် ရှုပ်ထွေးနေတဲ့ အခြေအနေဆိုတာ ဘာလဲ။ တစ်စုနှစ်စု ပြုတ်မသွားဘူးဗျာ။ ရဲဘော်နှစ်ဒါဇင်လောက်က အလုံးအရင်းနဲ့ ထိုးစစ်ဆင်လာတဲ့ ရုရှားတွေကို ဟန့်တားထားနိုင်လိမ့်မယ်လို့ တပ်မဟာက ထင်နေသတဲ့ လား"

မိုင်းယားက ပြုံးသည် ။

"ကိုင်းဆဲလ်ကတော့ ဒီကိစ္စကို ဗိုလ်ချုပ်နဲ့ ဆွေးနွေးပြီး အတိအကျ သိရအောင် လုပ်မယ်လို့ ပြောတာပဲ"

"ဒုတိယဗိုလ်မှူးကြီးဘရန့်ကရော ဒီကိစ္စကို ဘယ်လိုပြောမယ် ထင်သလဲ" ဟု ဂေါ်ဆားက မေးသည်။

"ကျွန်တော်လည်း မပြောတတ်ဘူး။ ကျွန်တော် တွေးမိတာကတော့"

သူသည် ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

"ဘာဖြစ်လို့ လဲ" ဟု ဂေါ်ဆားက မေးသည်။

မိုင်းယားသည် သူ့နဖူးကို လက်ဝါးနှင့် ရိုက်လိုက်၏။

"ဘာကြောင့်များ ဒီဟာကို စောစောက မတွေးမိတာပါလိမ့်" ဟု ခပ်တိုးတိုး ရေရွတ်သည်။ သူတို့ တပ်ရင်းမှ နောက်တန်းတွင် ထားခဲ့သည့် တပ်စုခေါင်းဆောင် ဘယ်သူဘယ်ဝါဖြစ်သည် ကို တပ်မမှူး သိမည်မဟုတ်။ အကယ်၍ သိသွားလျှင် စိတ်ဝင်စားလာဖို့ အကြောင်းရှိသည် ဟု မိုင်းယားတွေးမိသည်။ သူသည် တယ်လီဖုန်းကို လျင်မြန်စွာ ကောက်ယူလိုက်သည်။ သူသည် တယ်လီဖုန်းစကားပြောခွက်ကို လက်ဖဝါးနှင့် အုပ်ထားပြီးဂေါ်ဆားကို လှမ်းပြောသည်။

"တကယ်လို့ များ သူ့ကို အသိမပေးဘဲ ကိုင်းဆဲလ်ဆီ ဖုန်းဆက်တာ ထရန်စကီး သိသွားရင် ကျွန်တော့်ကို သေနတ်နဲ့ ပစ်သတ်မှာ ပဲ"

"သူ သိသွားရင် ခင်ဗျား မကြောက်ဘူးလား"

"သူ့ကို ဘယ်သူက သွားပြောမှာ လဲ။ ပြီးတော့လည်း ခင်ဗျားသိတဲ့ အတိုင်း ကျွန်တော်နဲ့ ကိုင်းဆဲလ်က ကြည်ပါတယ်"

ထိုအခိုက်မှာ ပင် ဒုတပ်မမှူး၏ မာဆတ်ဆတ်အသံ လိုင်းထဲဝင်လာ

သည် ။ မိုင်းယားက ဂေါ်ဆားအား မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး ဖုန်းခွက်ကို ပါးစပ်နှင့်အပ်လိုက်သည် ။

"မိုင်းယားပါ။ ဒုတိယဗိုလ်မှူးကြီး စိတ်ဝင်စားမယ့်ကိစ္စ အချက်တစ်ချက် စောစောကပြောဖို့ မေ့သွားတာနဲ့ ထပ်ဆက်တာပါ။ ကျွန်တော်နောက်တန်းမှာ ထားခဲ့ရတဲ့ တပ်စုခေါင်းဆောင်က တပ်ကြပ် စတိုင်းနားပါ ..."

တစ်ဖက်မှ စက္ကန့်အနည်းငယ်ကြာမျှ ငြိမ်ဆိတ်သွားသည် ။ ဂေါ်ဆားက သူ့နားကို တယ်လီဖုန်းခွက်နှင့် လာကပ်ထားသည် ။ အသက်ကို မရှူဘဲ အောင့်ထားသည် ။

"စတိုင်းနား ... ဟုတ်လား"

တစ်ဖက်က မေးသံ။

"ဟုတ်တယ် စတိုင်းနား"

တစ်ဖက်မှ ရပ်သွားပြန်၏။ ထို့နောက် ...

"ဒါ ဆိုရင်တော့ ဒုတိယဗိုလ်မှူးကြီးဘရန့်ကို ပြောမှ ဖြစ်မယ်"

မိုင်းယား တယ်လီဖုန်းခွက်ကို ပုခက်ပေါ် ပြန်တင်နေခိုက်တွင် နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည် ။

"ဘရန့်က စတိုင်းနားအပေါ် တော်တော်အထင်ကြီးပုံပေါ်တယ်နော် ..."

ဂေါ်ဆားက ပြောသည် ။

"ဟုတ်တယ်၊ အထင်ကြီးတယ် ..."

မိုင်းယားသည် စီးကရက်ကို အားရပါးရ ဖွာလိုက်ပြီး မီးခိုးများကို ဘ

န်ကာအမိုးဆီသို့ မှုတ်ထုတ်လိုက်သည် ။

"စတိုင်းနားက ဘယ်လိုလူစားလဲဗျာ"

ဂေါ်ဆားက မေးသည် ။

မိုင်းယားက မျက်မှောင်ကုတ်လိုက်သည် ။

"လူကတော့ မလွယ်တဲ့ လူစားတစ်ယောက်ပဲ။ ဒါပေမဲ့ ပထမတန်းစား စစ်သားကောင်းတစ်ယောက်ဆိုတာတော့ ဝန်ခံရမှာ ပဲ။ လက်အောက်ငယ်သားတစ်ယောက် အဖြစ်နဲ့ တော့ ကိုင်ရတွယ်ရ သိပ်ခက်တယ်။ ဒါပေမဲ့ အခုလို အကျဉ်းအကျပ်ကိစ္စမျိုးကျတော့ တစ်မျိုးပေါ့။ အင်မတန်တော်တယ်"

"အနို့ ... ဘာကြောင့် သူ့ကို ရာထူးတိုးမပေးတာလဲ"

မိုင်းယားသည် သူ့ပါးတစ်ဖက်ကို လက်ဖြင့်ပွတ်နေသည် ။ ဤမေးခွန်းကို ဖြေဖို့ မလွယ်။ စတိုင်းနား ရာထူးမတက်အောင် ဝိုင်း၍ မကောင်းကြံထားသလို ဖြစ်နေ၏။ ဗိုလ်ဂေါ်ဆား မေးလိုက်ခြင်းမှာ သာမန် စိတ်ဝင်စားမှုဖြင့် မေးလိုက်ခြင်းဖြစ်သည် ဟု သူနားလည်သည် ။ သို့သော်လည်း သူကတော့ ခိုင်လုံသော အထောက်အထားများ ဖြင့် ခရေစေ့တွင်းကျ နားလည်သဘောပေါက်သွားအောင် ရှင်းပြလိုက်ချင်သော ဆန္ဒ ပြင်းပြလျက်ရှိလေသည် ။

***

ထရန်စကီးသည် တပ်ရင်းရုံး ကတုတ်ကျင်းသို့ ပြန်ရောက်လာသည်

။ ဘန်ကာများမှာ သစ်ပင်များ ၏ အလယ်တွင် တည်ရှိသဖြင့် လေယာဉ်ပေါ်မှ မြင်ဖို့ မလွယ်။ အလွန်ကောင်းသော သဘာဝအကာအကွယ်တစ်ခု။ ကျင်းဝအရောက်တွင် ထရန်စကီးသည် ပတ်ဝန်းကျင်နေရာ အနေအထားကို တစ်ချက်ပြန်၍ ကြည့်မိပြန်၏။ အနောက်မှ အရှေ့သို့ သွယ်တန်းလျက်ရှိသော တောင်ကုန်းများ သည် ဤနေရာရောက်သော် ခပ်ပြေပြေဖြစ်လာသည် ။ တချို့နေရာတွင် ချို့ဝှမ်းများသဖွယ် ဖြစ်လျက်ရှိ၏။ ပူပြင်းသော နေရောင်ခြည်သည် အကာအကွယ်နည်းလွန်းလှသော မြေပြင်ထက်သို့ မညှာမတာ ကျဆင်းလျှက်ရှိသည် ။ ဤနေရာသည် ကြွက်ထောင်ချောက်တစ်ခုနှင့် တူလှသည် ဟု ထရန်စကီးက တွေးသည် ။ အကယ်၍ ရုရှားတပ်များ ရုတ်တရက်ဝင်ရောက် လာခဲ့သည် ရှိသော် ထွက်ပြေးလွတ်မြောက်နိုင်မည့် ထွက်ပေါက်များကို စဉ်းစားရှာဖွေနေမိသည် ။ တောင်ကြားတစ်လျှောက် ဆုတ်မည်ဆိုလျှင်တော့ လွတ်နိုင်စရာ ရှိ၏။ မြေပုံအရဆိုလျှင် ထိုတောင်ကြားသည် အနောက်သို့ တိုးထွက်လာသည် ။ တောင်ကြားအတိုင်း တစ်မိုင်ခန့်လိုက်သွားပါက တပ်ရင်း၏ ထောက်ပို့တပ်စခန်းချရာ ကန်စကိုးရီးရွာသို့ ရောက်နိုင်သည် ။

သူ့နောက်ဘက်မှ ချောင်းဟန့်သံတစ်ချက်ကြောင့် ထရန်စကီး လန့်သွားသည် ။ လှည့်ကြည့်၏။ ရဲဘော်တစ်ယောက်။ သူနှင့် ခပ်လှမ်းလှမ်းတွင် ရပ်လျက်။ ထရန်စကီးက ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်သည် ။

"ဘာလဲကွ၊ ဒူးဒက်"

ရဲဘော်က သတိအနေအထားနှင့် ပြန်ဖြေသည် ။

"ဗိုလ်ကြီးအတွက် ဘန်ကာ အသင့်ဖြစ်နေပါပြီခင်ဗျာ"

"အေး ... ကောင်းတယ်။ ဒီမှာ လည်း လူတစ်ယောက်မှ မရှိပါလား။

ဘယ်သွားကုန်ကြသလဲ"

ဒူးဒက်သည် သစ်ပင်များ အောက်ရှိ ဘန်ကာများ ဆီသို့ လှမ်းမျှော်ကြည့်သည် ။

"ဆက်သွယ်ရေးတပ်သားတွေက လိုင်းဆွဲနေကြတယ်။ ပြီးတော့ အားလုံးသူတို့ တပ်ခွဲတွေကို လိုက်ရှာနေကြတယ် ခင်ဗျာ"

"ဗိုလ်ထရိုင်းဗစ်တစ်ယောက်ကော"

"ဘန်ကာထဲမှာ ရှိမယ်ထင်ပါတယ်"

"သူ့ကို သွားပြောစမ်း။ ဒီနေရာမှာ အစောင့်တစ်ယောက် အခု ချက်ချင်း ချပေးလို့ "

"ဟုတ်ကဲ့ ခင်ဗျ"

ဒူးဒက်က သတိဆွဲကာ ပြန်ဖြေသည် ။ ထရန်စကီးသည် သူ့ဘန်ကာဘက်သို့ လျှောက်သွားသည် ။ အထဲတွင် အားလုံး ပြောင်လက်သန့်စင်နေသည် ။ ထားပုံသိုပုံ စနစ်ကျသည် ။ လှပခန့်ညားသည် ။ နံရံတစ်ဖက်တွင် စစ်သုံးခေါက်ခုတင်တစ်လုံး ချထား၏။ ခုတင်ပေါ်တွင် အိပ်ရာခင်းပြီး အသင့်။ သေသေသပ်သပ် ခေါက်တင်ထားသော စောင်များ ။

ထရန်စကီးသည် သူ့မျက်နှာကို မှန်ထဲတွင် ကြည့်သည် ။ စင်ပေါ်မှ ရေချိုးခန်းအသုံးအဆောင်ပစ္စည်းများကို နေသားတကျဖြစ်အောင် ပြန်ပြင်ထားသည် ။ ထို့နောက် ခါးပတ်ကိုချွတ်၍ ဦးထုပ်ကို တယ်လီဖုန်းဘေး၌ ချထားလိုက်ကာ ခုတင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ စောစောက တပ်ခွဲမှူးနှစ်ယောက်နှင့် စကားပြောခဲ့သည် ကို ပြန်မတွေးဘဲ မနေနိုင်။ ကြိုးစား၍ ဖျောက်သော်လည်း မရ။ ပြန်တွေးလိုက်တိုင်းလည်း ဒေါသအရှိန်က တက်လာတတ်သည် ။

သူ့မျက်လုံးများကို စုံမှိတ်ထားသည် ။ သူ့အား လိမ္မာပါးနပ်စွာ စော်ကား လွှတ်လိုက်သော ဂေါ်ဆား၏ မျက်နှာသည် အရိပ်သဖွယ် ထင်လာသည် ။ ပြီးတော့ စတိုင်းနား။ သူ့အကြောင်းကို ပို၍ သိဖို့ လိုလိမ့်မည်ထင်၏။ မိုင်းယားပြောသည့်စကားအရဆိုလျှင် ဘရန့်က စတိုင်းနားကို အလွန်အ ထင်ကြီးသည် ဟု ဆိုသည် ။ ဘရန့်၏ မျက်နှာသာပေးမှုကြောင့် တပ်ကြ ပ်စတိုင်းနားသည် သွေးနားထင်ရောက်လေသလော။

စူးရှသော တယ်လီဖုန်းမြည်သံကြောင့် ထရန်စကီးမှ အထိတ်တလ န့် ဖြစ်သွားရသည် ။ သူသည် တယ်လီဖုန်းကို ကောက်ယူလိုက်၏။ ထ က်မြက်ပြတ်သားသော တပ်မမှူး၏ အသံတည်း။

"တပ်စုတစ်စုကို နောက်တန်းမှာ ထားခဲ့တယ်လို့ ငါကြားတယ်။ ဟု တ်သလား"

"ဟုတ်ကဲ့ ထားခဲ့ပါတယ်။ ထားခဲ့ဖို့ အမိန့်ရလို့ ပါ"

"တခြားတပ်ရင်းမှူးတွေလည်း ဒီအမိန့်ကို ရခဲ့တာပဲ။ အဲဒါမင်း သိရဲ့ လား"

"ဗိုလ်ကြီးကိုင်ဆဲလ်က အကြောင်းကြားလို့ ကျွန်တော် သိပါတယ်"

"ဒါပေါ့၊ မင်းသိရမှာ ပေါ့"

တစ်ဖက်က ငြိမ်ဆိတ်နေသည် ။ ထရန်စကီးသည် တယ်လီဖုန်းခွက် ကို သူ့နားနှင့် ဖိကပ်ထားသည် ။ သူ့နှလုံးခုန်သံမှာ မြန်လွန်းလှချေသည် ။ တပ်မှူးအသံ ပြန်ပေါ်လာသည် ။

"အဲဒီအမိန့်ကို တခြားတပ်မှူးတွေက မလိုက်နာဘဲ နေကြတာကော ... မင်းသိရဲ့ လား"

"အဲဒါတော့ ကျွန်တော်မသိဘူးခင်ဗျ။ အခုလို အထက်ကပေးတဲ့ အမိ

န့်ကို မလိုက်နာဘဲ နေကြတာတော့ ကျွန်တော် နားမလည်နိုင်အောင်ဖြစ်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အမိန့်ဆိုရင် တင်းတင်းကျပ်ကျပ် လိုက်နာတာပါပဲ"

"အေးပေါ့ကွာ ... ကောင်းတာပေါ့။ သိပ်ကို ကောင်းတယ် ...။ ဗိုလ်ကြီးထရန်စကီး၊ အထက်ကပေးတဲ့ အမိန့်ဖြစ်ပေမဲ့ မင်းရင်ဆိုင်နေရတဲ့ အခြေအနေက တောင်းဆိုလာရင် မင်းရဲ့ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုပြီး သင့်တော်သလို ပြုပြင်လုပ်ကိုင်သွားရမယ်ဆိုတာ မင်း သဘောမပေါက်ဘူး။ မင်းမှာ ရှေ့တန်းအတွေ့အကြုံ လုံးဝမရှိဘူးဆိုတာ ပြနေတာပဲ။ ဘိုဂဲလ်နဲ့ ကိုးနားတို့ ကတော့ ... သူတို့ ကိုယ်ပိုင်ဉာဏ်ကို သုံးပြီး သူတို့ တပ်စုတွေကို တစ်ပါတည်း ခေါ်လာခဲ့ကြတယ်။ ငါကလည်း ဒီအရာရှိနှစ်ယောက်ရဲ့ လုပ်ရပ်မှန်ကန်ကြောင်း တပ်မဟာဌာနချုပ်ကို အစီရင်ခံထားခဲ့တယ်"

ထရန်စကီးသည် သူ့နှုတ်ခမ်းကို ဖိကိုက်ထားသည် ။ ဤဖြစ်ရပ်အားလုံး၏ တရားခံမှာ စတိုင်းနား။ စတိုင်းနားသည် တစ်ချိန်သောအခါက ဘရန့်၏ အသက်ကို ကယ်ခဲ့ဖူးသူဖြစ်သည် ။ ထရန်စကီးက ဤလမ်းကြောင်းအတိုင်း တွေးသည် ။ တပ်စုခေါင်းဆောင် စတိုင်းနားဖြစ်မှန်း တစ်နည်းနည်းဖြင့် ဘရန့်သိသွားခြင်းဖြစ်မည်။ ဘရန့်သိသွားအောင် မည်သူက သတင်းပေးခဲ့သနည်း။

"မင်း တယ်လီဖုန်းနားမှာ ရှိသေးရဲ့ လား ဗိုလ်ကြီးထရန်စကီး"

"ရှိပါတယ်ခင်ဗျ ...။ ဗိုလ်မှူးကြီး နားလည်စေချင်တာက ကျွန် ... ကျွန်တော် .... ကျွန်တော် ဆိုလိုတာက အခုဖြစ်လာတဲ့ အခြေအနေအတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ တကယ်လို့ ကျွန်တော် တွေးခဲ့မိရင်တော့၊ ဒါပေမဲ့ ကျွန်တော်တို့ တပ်ရင်းဆုတ်တဲ့ နေရာမှာ အခက်အခဲ

နည်းနည်းကလေးမှ မတွေ့ခဲ့ပါဘူး။ ဒါကြောင့်မို့ တပ်စုကို ကျွန်တော်တို့နဲ့ တစ်ပါတည်းခေါ်လာဖို့ အကြောင်းမရှိဘူးလို့ ထင်ပြီး ကျွန်တော် ..."

"သိပ်ကောင်းတာပေ့ါ ဗိုလ်ကြီးထရန်စကီး။ အမိန့်ကို လိုက်နာခြင်းဖြစ်လို့ မင်းကိုတော့ အပြစ်မတင်နိုင်ဘူးပေ့ါ။ ကံမကောင်း အကြောင်းမလှတဲ့ ကိစ္စပဲလို့ ဆိုရတော့မှာ ပေ့ါ။ တပ်စုမှာ လူအင်အား ဘယ်လောက်ရှိသလဲ"

"အခုထိ ကျွန်တော် မေးမကြည့်ရသေးဘူးခင်ဗျ။ ဆယ်ယောက် ... ဆယ့်ငါးယောက်လောက်တော့ ရှိမယ်ထင်ပါတယ်။ ကျွန်တော် အခု ချက်ချင်းပဲ ဗိုလ်မိုင်းယားနဲ့ မေးကြည့်ပါ့မယ်"

"ဒါမျိုးဟာ စောစောစီးစီး မေးထားမယ့်ကိစ္စကွ။ ဒီပြဿနာ ဘယ်လို အခြေအနေ ရှိသလဲဆိုတာ ငါသိချင်တယ်။ ထူးခြားရင် ထူးခြားသလို မကြာမကြာ သတင်းပို့ ..."

တစ်ဖက်မှ အသံပြတ်သွားသည် ။ ထရန်စကီးသည် လက်ထဲမှ တယ်လီဖုန်းကို ပုခက်ပေါ်သို့ ဖြည်းဖြည်းချင်း ပြန်ချထားလိုက်သည် ။ နှုတ်မှ ခပ်တိုးတိုးကျိန်ဆဲလိုက်မိ၏။ ဘန်ကာ အဝင်တံခါး၏ ဘေးရှိ ပြတင်းပေါက်တွင် သွားရပ်ကာ အပြင်ဘက် နေရောင်အောက်ရှိ တောတောင်များကို လှမ်းမျှော်မိသည် ။ ဤပြဿနာနှင့် ဘာကြောင့် ထိပ်တိုက်လာ တွေ့ရပါသနည်း။ ဘာပဲဖြစ်ဖြစ် ပြင်သစ်နိုင်ငံမှ နေ၍ ရှေ့တန်း ဤနေရာသို့ သူ့သဘောနှင့် သူ့ဆန္ဒနှင့် ပြောင်းလာခဲ့ခြင်း ဖြစ်၏။ ယခုလို ပြောင်းလာခြင်းသည် သူရှုံးနေ၍ ဖြစ်မည် ထင်၏။

သူသည် စားပွဲဆီသို့ ပြန်လျှောက်လာကာ ထိုင်ခုံတွင် ချိတ်ထားသည့် လက်ဆွဲအိတ်ထဲမှ မြေပုံကို ထုတ်၍ ဖြန့်လိုက်သည် ။ သူ့မျက်လုံးများသည် ကရင်စကားရားမြို့ အရှေ့ဘက်မှ နေပြီး မနေ့က သူတို့ တပ်ရင်း

ရောက်ရှိတပ်စွဲခဲ့သော နေရာအထိ ကြားနယ်မြေဒေသအပေါ်တွင် ကျက်စားလျက်ရှိသည် ။ နယ်မြေကတော့ ကျယ်ဝန်းလှ၏။ တစ်နယ်မြေလုံးသစ်တောကြီးများ ဖုံးလွှမ်းနေရုံမျှမက ရွှံ့နွံထူထပ်၏။ မြေပုံပေါ်တွင် တွေ့မြင်နေရသည့် အခြေအနေကတော့ သူ့အတွက် အားတတ်စရာပင်။ တပ်မှူးဘရန့်၏ အချစ်တော်သည် ထိုနယ်မြေကို ကျော်ဖြတ်လာဖို့ မလွယ်။ ပထမဆုံး သစ်တောကြီးများကို ဖြတ်ရမည်။ ထို့နောက် မြို့။ ပြီးတော့ ရုရှားရှေ့တန်းတပ်များ ။ သူသည် မြေပုံကို ကုန်း၍ ကြည့်နေရာမှ ခါးကို ပြန်မတ်လိုက်သည် ။ ဒုက္ခပေးမည့်လူများ သည် သူတို့ ဘာသာသူတို့ ဇာတ်သိမ်းသွားမည့် အခြေအနေရှိနေ၏။ သူသည် ကျေနပ်အားရစွာဖြင့် မြေပုံကို ပြန်လိပ်လိုက်သည် ။

သူ ပထမဆုံး လုပ်ရမည့်အလုပ်မှာ သူ့ကိုယ်သူ ခိုင်မာစွာ ရပ်တည်နိုင်အောင် ကြိုးစားဖို့ ဖြစ်သည် ။ ဒုတိယအဆင့်မှာ သူ့လက်အောက် ဝန်ထမ်းများကို သူတို့ နေရာ သူတို့ နေတတ်အောင် ဆုံးမသွန်သင်ပေးဖို့ ဖြစ်သည် ။ တပ်ရင်းတွင် ခိုင်မာစွာရပ်တည်နိုင်သော အခြေအနေသို့ ရောက်ပြီဆိုပါမူ ဘရန့်လိုလူမျိုးက သူ့အား ရန်ရှာနိုင်တော့မည်မဟုတ်။ ပြင်သစ်တွင် တာဝန်ကျခဲ့စဉ်က ဤပုံစံအတိုင်းပင် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ခဲ့ရာ ပထမအပတ်အတွင်းမှာ ပင် အောင်မြင်မှုရခဲ့သည် ။ အခု သူရောက်လာသောနေရာသည် ပြင်သစ်တုန်းက အခြေအနေနှင့်တော့ မတူ။ တပ်ရင်းမှူးတစ်ယောက်၏ လုပ်ပိုင်ခွင့်များ တွင် အကန့်အသတ် အဟာန့်အတား ရှိသင့်သလောက် ရှိနေသည် မှာ မှန်သော်လည်း လက်တွေ့ကျကျ လုပ်ကိုင်ရသည့်အခါ ဗိုလ်ချုပ်တစ်ယောက်ထက်ပို၍ အခွင့်အာဏာပိုများ သည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ ဖိနပ်ထဲဝင်သော ကျောက်စရစ်ခဲသည် သေးလေလေပို၍ နာလေလေ ဖြစ်တတ်သည် ။ ထရန်စကီးသည် သူ့စိတ်ကူးနှင့်သူ ပီတိဖြစ်လျက် ရှိ၏။

တံခါးခေါက်သံ ကြားရသည် ။ ထရန်စကီးက နောက်သို့ လှည့်ကြည့်ပြီး စိတ်မရှည်သံဖြင့် အော်မေးသည် ။

"ဘာလဲ ... ဟေ့"

တံခါးပွင့်သွားသည် ။ ဝင်လာသူမှာ သူ့လက်ထောက် ဒုတပ်ရင်းမှူး။

"ဗိုလ်ကြီး ပြန်ရောက်နေပြီပြောလို့ လာခဲ့တာပါ။ အနှောင့်အယှက်များ ဖြစ်နေမလား"

"မင်းမှာ ဘာကိစ္စ အထူးရှိလို့ လဲကွ"

ထရန်စကီး၏ အသံမှာ ရန်လိုသော အသံ။

ဗိုလ်ထရိုင်းဗစ်က ပြုံးသည် ။

"လွန်ခဲ့တဲ့ မိနစ်နှစ်ဆယ်လောက်က ဗိုလ်မှူးဘိုဂဲလ် ဖုန်းဆက်ပါတယ်။ ညနေပိုင်းလောက်ကျရင် သူ့ဆီလျှောက်ခဲ့ပါဦးလို့ မှာ ပါတယ်"

"ကျေးဇူးတင်ပါတယ်။ တခြား ဘာရှိသေးလဲ"

"မရှိတော့ပါဘူး။ ကျွန်တော့်ကို ဘာခိုင်းစရာရှိပါသေးသလဲ"

ထရန်စကီးသည် မိန်းမနှင့်တူသော ကိုယ်လုံးကိုယ်ထည်ပိုင်ရှင် ဗိုလ်ထရိုင်းဗစ်အား မနှစ်မြို့သော အမူအရာဖြင့် ကြည့်နေသည် ။ ဒီငှက်က ဘာငှက်လဲဟု တွေးသည် ။ အသံက အလွန်ချိုသာပြီး အလွန်နူးညံ့သိမ်မွေ့သည် ။ မျက်လုံးများက နက်မှောင်ပြီး ခပ်စွေစွေ၊ ခပ်စောင်းစောင်း။ ဆံပင်ကို ထရန်စကီးအကြိုက်လိုက်၍ ဖြီးထားသည် ။

"တပ်ခွဲမှူးတွေကို အကြောင်းကြား။ မနက်ဖြန်မနက် အစည်းအဝေး ရှိတယ်လို့ ။ မနက် ကိုးနာရီ၊ ဒီနေရာမှာ "

"ဟုတ်ကဲ့ ခင်ဗျ။ တခြားရှိပါသေးသလား"

"မရှိတော့ဘူး။ မင်းသွားနိုင်ပြီ"

ထရိုင်းဗစ်က အလေးပြုသည် ။ တံခါးပြန်ပိတ်သွားသောအခါ ထရန်စကီးသည် သူ့ခုတင်ပေါ်သို့ ပြန်ထိုင်သည် ။ ဗိုလ်မှူးဘိုဂဲဘ်။ ဘာကြောင့် သူက မိမိနှင့် မိတ်ဆွေဖြစ်ချင်ရသနည်း။ ဘိုဂဲလ်မှာ သူ့ထက် အသက်အများကြီး ကြီးတယ်။ ထိုစဉ်ကတော့ သူ့ကို အပေါ်စီးနှင့် ဆက်ဆံခဲ့၏။ သို့သော်လည်း ဘိုဂဲလ်သည် တပ်ရင်း ၃ ၏ တပ်ရင်းမှူး။ သူ့တပ်နှင့် အတူတူတွဲ၍ အလုပ်လုပ်ရမည့်လူ။ အတူတူလက်တွဲ၍ လုပ်ရမည့်လူချင်း ရင်းနှီးလေ ကောင်းလေ။ သို့ပေမဲ့လည်း ဘိုဂဲလ်၏ ဖိတ်ကြားချက်ကို လက်ခံလိုသော ဆန္ဒ ပြင်းပြခြင်းမရှိ။ ထရန်စကီးအမြင်တွင် ဗိုလ်မှူးဘိုဂဲလ်သည် အလွန်ခေါင်းမာသူ။ ပြောစရာရှိလျှင် ပရိယာယ်မသုံးဘဲ ပြောင်ပြောင်တင်းတင်း ပြောတတ်သူ။

ထရန်စကီးသည် သူ့မျက်ခွံများ အဆမတန် လေးလံလာသည် ကို သတိပြုမိသည် ။ လွန်ခဲ့သောညက ကောင်းကောင်း မအိပ်ခဲ့ရ။ တစ်ညလုံး ကြက်အိပ်ကြက်နိုး ဖြစ်ခဲ့ရသည် ။ သူသည် ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲလိုက်ပြီး ဘေးတစ်ဖက်သို့ စောင်းလိုက်သည် ။ စောစောက ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်များ သည် ရေကြီးခွင်ကျယ်လုပ်စရာ ဖြစ်ရပ်များ မဟုတ်တော့။ သူ့စိတ်ကို အခိုက်အတန့် အနှောင့်အယှက်ပေးရုံမျှသာ ဖြစ်သည် ဟု သူတွေးသည် ။

***

တပ်မရုံးချုပ် ပြုလုပ်ထားသော ဘန်ကာများ သည် အရှေ့တောင်မှ အနောက်မြောက်သို့ သွယ်တန်းဖြာဆင်းလျက် ရှိနေသော တောင်ကုန်း

များ ၏ အနောက်ဘက် ဆင်ခြေလျှောပေါ်တွင် တည်ရှိသည် ။ တောင်ကုန်းများကွယ်ထားသဖြင့် ရန်သူလာလျှင် ရုတ်တရက် မမြင်နိုင်။ တပ်မှူး၏ ဘန်ကာထဲတွင် ဒုဗိုလ်မှူးကြီးဘရန့်နှင့် ဗိုလ်ကြီးကိုင်ဆဲလ်တို့ စားပွဲတစ်လုံးတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည် ။ တပ်မှူးဘရန့်၏ ပိန်ချုံးလျက်ရှိသော မျက်နှာမှာ ဒေါသရောင် လွှမ်းနေသည် ။

"အသေးအဖွဲ့ကအစလိုက်ပြီး တာဝန်ယူနေရရင် ဘယ်လိုလုပ်ကောင်းတော့မှာ လဲ" ဘရန့်က ညည်းသည် ။

"အခုပုံသာ ဆိုရင်တော့ လက်အောက်ခံတပ်တွေက တပ်ကြပ်တိုင်းနေ့စဉ် ငါ့ဆီ တိုက်ရိုက် လာပြီး အစီရင်ခံရမယ်လို့ အမိန့်ထုတ်ရမလို ဖြစ်နေပြီ"

ကိုင်းဆဲလ်က ပခုံးတွန့်လိုက်ပြီး ...

"အဲသလိုဆိုရင် ပိုဒုက္ခကြီးလာတော့မှာ ပေါ့" ဟု ရေရွတ်သည် ။

"ဒီကိစ္စမှာ ထရန်စကီးကို အပြစ်တင်လို့ လည်း မဖြစ်ဘူး။ သူက အထက်ကပေးတဲ့ အမိန့်ကို တိတိကျကျလိုက်နာတဲ့ တာဝန်သိ အရာရှိကောင်းတစ်ယောက် ဖြစ်နေတယ်"

"မင်း ငါ့ကို ဒီစကား ထပ်မပြောနဲ့ "

ဘရန့်က ဒေါသတကြီး ထပ်ပြောသည် ။

"တာဝန်သိတယ်ဆိုတာ ဘာလဲ။ ဒီစကားဟာ ငါ့အဖို့ တော့ တတ်ယောင်ကားလုပ်နေတဲ့ လူစားတွေနဲ့ တော်ကြောင်းတတ်ကြောင်း ပြချင်နေတဲ့ လူညာတွေ အကာအကွယ်ယူတဲ့ စကားပဲ။ ငါလိုချင်တဲ့ အရာရှိမျိုးက သူတို့ လက်တွေ့ရင်ဆိုင်နေရတဲ့ အခြေအနေက တောင်းဆိုတဲ့ အတိုင်း ကိုယ်ပိုင်ဉာဏ်ကို အသုံးချပြီး လိုအပ်သလို လုပ်ကိုင်သွား

တတ်တဲ့ အရာရှိမျိုးပဲ။ ဗိုလ်မှူးဘိုဂဲလ်ကိုကြည့်။ ငါ သူ့ကို သိပ်သဘော ကျတယ်"

ကိုင်းဆဲလ်က ခေါင်းယမ်းသည် ။

"လူတိုင်း လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပြီး တာဝန်ယူ လုပ်ကိုင်သွား လိမ့်မယ်လို့ မျှော်လင့်လို့ တော့ မရနိုင်ဘူးထင်တယ်။ အထူးသဖြင့် တာ ဝန်တစ်ခုကို အထက်အရာရှိတွေအပေါ် ပခုံးပြောင်းပေးဖို့ အခွင့်အရေး ရှိနေရင် ပိုပြီး မျှော်လင့်လို့ မရနိုင်ဘူး။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော် စ တိုင်းနားအကြောင်း သိပါတယ်။ တစ်နည်းနည်းနဲ့ တော့ ကြိုးစားပြီးထွ က်လာမှာ ပါ။ ကနေ့ညတောင် ရောက်လာမယ် ထင်တယ်"

"စတိုင်းနားတစ်ယောက်တည်းကို ငါပြောနေတာ မဟုတ်ဘူး ။ တပ် စုတစ်ခုလုံးကို ငါပြောနေတာ"

"ဟုတ်ပါတယ်။ ကျွန်တော်ကလည်း တပ်စုတစ်ခုလုံးကိုပဲ ဆိုလိုတာ ပါ။ ဒါပေမဲ့ စတိုင်းနားပါမှ သူတို့ အားလုံး ထွက်လာနိုင်မှာ ။ စတိုင်းနား မပါရင် သူတို့ လွတ်ထွက်လာနိုင်ဖို့ ဆိုတာ မဖြစ်နိုင်ပါဘူး"

"မင်းက ဒီလိုပဲ ထင်တယ်ပေါ့ ... ဟုတ်လား ..."

ဘရန့်က ကိုင်းဆဲလ်အား မယုံသင်္ကာဖြစ်ဟန်ဖြင့် ကြည့်နေသည် ။ ဘရန့်သည် အရပ်ရှည်ရှည်၊ ကိုယ်လုံးကိုယ်ထည် ခပ်သွယ်သွယ်။ ဆံပင် ခပ်ပါးပါး၊ ကျယ်ပြန့်သော နဖူးပြင်အောက်ရှိ မျက်လုံးအစုံသည် လော ကကြီးကို အမြဲတစေ စိတ်နာနေသည့် လက္ခဏာကို ဖော်ပြလျက်ရှိသည် ။ သူသည် ခေါင်းကို တစ်ချက်ယမ်းလိုက်သည် ။

"မင်း ဘာတွေးနေတယ်ဆိုတာ ငါသိပါတယ်။ ငါ့အပေါ်မှာ ချည်း တာဝန်ပုံချနေလို့ တော့ မဖြစ်နိုင်ဘူး ကိုင်းဆဲလ်။ ဒါကိုတော့ မင်း သတိ

ထားပါ။ ဒါပေမဲ့ တွေးတာကတော့ မင်းတွေးချင်သလို တွေးပေါ့။ ငါ တားမြစ်လို့ ရနိုင်တာမှ မဟုတ်တာ။ လူတွေအနေနဲ့ ငါ့အပေါ်မှာ ထင်ချင်သလို ထင်နိုင်တယ်။ မြင်ချင်သလို မြင်နိုင်တယ်။ ဒါပေမဲ့ ကျေးဇူးမသိတတ်တဲ့ လူစားပါကွာလို့ တော့ ငါအပြောမခံနိုင်ဘူး"

"ဗိုလ်မှူးပြောတာ မှန်ပါတယ်။ ကျွန်တော် ပြောနေတာက ဗိုလ်မှူးအခု ထင်နေသလို မဟုတ်ပါဘူး"

ကိုင်းဆဲလ်က ပြန်ပြောသည် ။ သူ ဤတပ်တွင် ဒုတပ်ရင်းမှူး လုပ်ခဲ့သည် မှာ ရှစ်လရှိခဲ့ပြီ ဖြစ်သည် ။ ဤရှစ်လအတွင်း တပ်မှူးသုံးယောက်နှင့် တွဲခဲ့ရသည် ။ မည်သူမျှ ဘရန်နံလောက် သဘောထားမကြီး၊ နားလည်မှုမရှိ။ ဘရန်နံနှင့်ကျကာမှ ရင်းနှီးခင်ခင်မှုလည်း ရှိလာခဲ့ရသည် ။ စတိုင်းနားဆိုသည့် စစ်သားကိုတော့ သူတွေ့ဖူးအောင် လုပ်ရဦးမည်။ စတိုင်းနားနှင့် ပတ်သက်၍ အကောင်းအဆိုး အမျိုးမျိုးကို အစီရင်ခံစာများမှ တစ်ဆင့် သူ အများကြီး သိထားရသော်လည်း လူကို တစ်ခါမှ မတွေ့မမြင်ဘူးသေး။

ကိုင်းဆဲလ်က ထိုင်နေရာမှ ထကာ ဘန်ကာထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လာသည် ။ ခဏတော့ဖြင့် ဘရန်နံက လျစ်လျူရှုထားသည် ။ ကြာလာတော့ သည်းခံနိုင်ပုံမရ။ ကိုင်းဆဲလ်ကို လှမ်းကြည့်သည် ။

"မင်း လမ်းလျှောက်တာ ရပ်လိုက်တော့ကွာ။ မင်းလျှောက်နေတဲ့ အသံက ရှုရှားတွေထက် ငါ့စိတ်ကို အနှောင့်အယှက်ဖြစ်နေပြီ။ ကဲ ... လာထိုင်စမ်းပါဦး။ ထရန်စကီးကို မင်း ဘယ်လိုမြင်သလဲ ..."

ကိုင်းဆဲလ်သည် ထိုင်ခုံတစ်လုံးကို ဆွဲယူပြီး ကျောမှီကို ရှေ့ဘက်ထားကာ ပြောင်းပြန်ထိုင်လိုက်သည် ။

"ကျွန်တော့်ရဲ့ ကိုယ်ပိုင်အမြင်ကို ပြောတာလား" ဟု မေးလိုက်ပြီးမှ သူ့ထင်မြင်ချက်ကို ပေးသည် ။

"ဟာထရန်စကီးဟာ သူ့ကိုယ်သူ အတော်အထင်ကြီးနေတဲ့ ပုံ ရှိတယ်။ ဒါပေမဲ့ ဒီစိတ်ဟာ ဆွေကြီးမျိုးကြီးက ဆင်းသက်ပေါက်ဖွားလာလို့လည်း ဖြစ်မယ်။ ဒါမှ မဟုတ် ငွေကြေး ပြည့်စုံတဲ့ လူချမ်းသာတစ်ယောက်မို့ ဖြစ်ချင်လည်း ဖြစ်မယ် ..."

"မင်း အယူအဆ ဘယ်ဆိုးလို့ လဲ။ ဆက်စမ်းပါဦး ..."

"ကျွန်တော် သူနဲ့ တစ်ကြိမ်ပဲ တွေ့ဖူးသေးတယ်။ တစ်ကြိမ်စကားပြောဖူးရုံနဲ့ သူ့အထာကို ကျွန်တော် ခန့်မှန်းလို့ ရတယ်။ ဟာထရန်စကီးဟာ သူ့ကိုယ်သူ အလွန်ထူးခြားတဲ့ ပုဂ္ဂိုလ်လို့ တွက်ထားပုံပေါ်တယ်။ သူ့ကို ဘယ်သူကမှ ဝေဖန်တာ၊ အပြစ်တင်တာကို မခံချင်တဲ့ လူစားတစ်ယောက်ပဲ။ ကျွန်တော် နားလည်ထားသလောက် ပြောရမယ် ဆိုရင်တော့ သူတာဝန်ကျတဲ့ တပ်ရင်းမှာ ဘယ်သူကမှ မော်မကြည့်ဝံ့လောက်အောင် တန်ခိုးအာဏာကြီးမားတဲ့ လူတစ်ယောက်ဖြစ်လာအောင် လုပ်မယ့်လူပဲ"

"ဘယ်လို ..."

ဘရန့်က နားမရှင်းဟန်ဖြင့် ထပ်မေးသည် ။

"ကျွန်တော် ပြောတာ မရှင်းဘူးနဲ့ တူတယ်။ ဟာထရန်စကီးထားမယ့် အယူအဆက သူ့အမိန့်ကို အားလုံးကလိုက်နာရမယ်။ လိုက်နာခြင်းဟာလည်း သူ့ရာထူးကြောင့် မဟုတ်ဘူး ။ သူများ တကာထက် အဘက်ဘက်က သာလွန်မြင့်မားတဲ့ သူ့အရည်အသွေးကြောင့်။ အဲဒီသဘော ဖြစ်လာအောင် ဖန်တီးယူချင်တဲ့ လူစားပဲ"

"မင်းပြောတဲ့ အတိုင်းသာ လုပ်ရင်တော့ မင်းလူ မလွယ်ဘူးထင်တယ်။ ငါကိုယ်တိုင် တပ်ရင်း ၁ မှာ တပ်ရင်းမှူး လုပ်ခဲ့တာပဲ။ အလွန် ကိုင်တွယ်ရ ခက်တဲ့ တပ်ရင်းတစ်ရင်းကွ"

ပြောပြောဆိုဆို ဘရန့်က ရယ်သည် ။

"မင်းဟာက စိတ်ကူးယဉ်အိပ်မက်နဲ့ တူပါတယ်ကွာ။ ငါယူနီဖောင်းဝတ်လာခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။ ဒီလိုလုပ်တဲ့ လူစားမျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ဖူးဘူး"

ကိုင်းဆဲလ်က ခေါင်းညိတ်သည် ။

"ကိုယ့်လက်အောင်က လူတွေရဲ့ စိတ်ပိုင်းကိုရော ရုပ်ပိုင်းကိုပါ ကြီးစိုးအုပ်ချုပ်ချင်တဲ့ တပ်ရင်းမှူးတစ်ယောက် ဆိုတာမျိုးက အလွန်တွေ့ရခဲတဲ့ လူစားပါ။ ရှာမှ ရှား လူစားမျိုးလို့ ဆိုရင် မမှားဘူးပေါ့"

"ဒီလိုဆိုရင် ငါမေးစမ်းပါရစေ။ စိတ်ပိုင်းကိုပါ အုပ်စိုးနိုင်ဖို့ အတွက် ထရန်စကီး ဘယ်လိုလုပ်မယ်ထင်သလဲ ..."

"သူ့လုပ်ငန်းမှာ တပ်ခွဲမှူးတွေကို သူ့ရဲ့ အဓိကလက်နက်အဖြစ် သုံးမှာ ပဲ။ သူ့အဆိုက တပ်ရင်းမှူးတစ်ယောက်ရဲ့ ဩဇာအာဏာဟာ လက်အောက်ဝန်ထမ်းတွေနဲ့ သိပ်ရောလေ ကျလေပဲတဲ့ ။ အထူးသဖြင့် အရာရှိမဟုတ်တဲ့ လူတွေနဲ့ တရင်းတနှီးရောခြင်းဟာ ဘေးအန္တရာယ် အလွန်များ တယ်လို့ သူက တွေးတဲ့ လူ"

"အလွန်ကို လှပတဲ့ စိတ်ကူးလို့ ငါကတော့ ဆိုချင်တယ်"

ဘရန့်က သူ့အတွေးနှင့်သူ သဘောကျလျက်ရှိ၏။

"ထရန်စကီးဆိုတဲ့ ကောင်က စိတ်ကူးတော့ အတော်ယဉ်တာပဲ။ ဘာပဲဖြစ်ဖြစ် သဘောကျစရာတော့ အကောင်းသား"

နှစ်ယောက်စလုံး ငြိမ်ဆိတ်နေကြသည် ။ ကိုင်းဆဲလ်သည် သူ့လက်ထဲမှ စီးကရက်ကို စူးစိုက်ကြည့်နေသည် ။ သူ့အနေဖြင့် အန္တရာယ်များလှသော ဤကိစ္စကို ဆက်၍ ပြောချင်သော ဆန္ဒမရှိ။

ဘရန့်ကတော့ သူ့လက်ချောင်း ထိပ်များ ဖြင့် စားပွဲကို တဒေါက်ဒေါက် ခေါက်နေသည် ။

"အင်းပေါ့လေ ... ဒီပွဲမှာ သူခိုင်းတဲ့ အတိုင်း လုပ်မယ့်အရာရှိတချို့လည်း ရှိချင်ရှိမှာ ပေါ့။ ဒါပေမဲ့ အရေအတွက်တော့ သိပ်များ မယ် မထင်ပါဘူး။ အမှန်အတိုင်း ဖွင့်ပြောရရင် တပ်သားတွေရဲ့ စိတ်ဓာတ်အခြေအနေဟာ ငါ့စိတ်ကို အများကြီး အနှောင့်အယှက်ပေးနေတယ် ကိုင်းဆဲလ်။ ငါတို့ ရဲဘော်တွေဟာ စိတ်ဓာတ်အင်အား မရှိသလောက် ဖြစ်ကုန်ပြီ။ မျှော်လင့်ချက်မရှိတဲ့ သူတွေလို ဖြစ်ကုန်ပြီ။ သူတို့ ကို ကြည့်ရတာ စစ်တုရင်ကစားတဲ့ အရုပ်တွေနဲ့ တစ်နေ့တခြား တူလာနေတယ်။ ရှေ့မှ ပဲ လှုပ်တော့တယ်။ သူတို့ သဘော၊ သူတို့ ဆန္ဒနဲ့ မလှုပ်ရှားတော့ဘူး"

"စစ်တုရင်ရုပ်တွေ ... ဟုတ်လား ..."

ကိုင်းဆဲလ်က မျက်မှောင်ကုတ်သည် ။

"အရင်ကလည်း ဒီပုံစံအတိုင်းပဲ မဟုတ်လား"

" မဟုတ်ဘူး ကွ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်အထိ တပ်ရင်းမှူးတစ်ယောက် လိုချင်တဲ့ အကောင်းဆုံးတပ်တွေကို ရနေသေးတယ်။ လူတွေအားလုံးဟာ သူတို့ ဘာလုပ်နေတယ်၊ ဘာကြောင့် လုပ်နေတယ်ဆိုတာကို သဘောပေါက် နားလည်နေကြသေးတယ်။ ကနေ့တော့ ငါကိုယ်တိုင်တောင်မှ ကတုတ်ထဲထိုင်နေရတာ စိတ်မချမ်းမြေ့တော့ဘူး။ သူတို့ အပေါ်မှာ ယုံကြည်မှုထားဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူး"

"ဒီခံစားမှုကတော့ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဖြစ်နေတဲ့ ခံစားမှုပါ" ဟု ကိုင်းဆဲလ်က ဆိုသည်။

"ဘာကွ ..."

ဘရန်နံ့က ကိုင်းဆဲလ်အား ဖျတ်ခနဲ ကြည့်သည်။

"မင်း ဆိုလိုချင်တဲ့ အဓိပ္ပာယ်က ..."

ကိုင်းဆဲလ်က ခပ်အေးအေးပင် အဖြေပေးသည်။

"ကျွန်တော် ဆိုလိုချင်တာက တပ်သားတွေကလည်း အလျင်ကလို ယုံကြည်မှုမရှိတော့ဘူးလို့ ဆိုချင်တာပါ"

"သူတို့ က ဘယ်သူ့အပေါ်မှာ ယုံကြည်မှု မရှိတာလဲ"

"ကျွန်တော်တို့ အားလုံး အပေါ်မှာ ပေါ့၊ တခြား ဘယ်သူတွေ ရှိသေးလို့ လဲ"

ကိုင်းဆဲလ်သည် ဘန်ကာတံခါး ဘေးပြတင်းပေါက်မှ နေ၍ အပြင်သို့ ငေးနေသည် ။ အလွန်သေးငယ်သော အမှုန်ကလေးများ သည် နေရောင်ခြည်ထဲဝယ် ခုန်ပျံပြေးလွှားနေကြသည်။

"ဒါမျိုးက ရှင်းပြဖို့ မလွယ်ဘူး ဗိုလ်မှူး"

ကိုင်းဆဲလ်က စကားကို ချိန်ဆ၍ ပြောသည်။

"ဗိုလ်မှူးကိုယ်တိုင် ရဲဘော်တွေနေရာက ဝင်ကြည့်မှ သိမှာ။ ဒါပေမဲ့ ဒီကိစ္စကို ဆက်ဆွေးနွေးမယ်ဆိုရင် နိုင်ငံရေးသဘောတရားတွေ ပါလာလိမ့်မယ်။ ကျွန်တော် နိုင်ငံရေးနဲ့ ပတ်သက်လာရင် မပြောချင်ဘူး"

"နိုင်ငံရေးစကား မပြောချင်ရင် ပြောပါလို့ ငါမတိုက်တွန်းပါဘူး။ ဒါပေမဲ့ ဒီပြဿနာမှာ မင်းရဲ့ အမြင်ကိုတော့ ဆက်ပြောစေချင်တယ်"

"ဗိုလ်ကြီးဆန္ဒရှိရင်တော့ ပြောရမှာ ပဲ။ ကျွန်တော် ပြောမယ့်စကား ဟာ ကျွန်တော်တို့ တပ်ထဲမှာ စကတည်းက ကနေ့အချိန်အထိ သံမဏိစိတ်ဓာတ်နဲ့ တိုက်ခိုက်လာခဲ့တဲ့ လူတစ်စုရှိတာနဲ့ ဆက်စပ်နေတယ်။ သူတို့ အပေါ်မှာ ကျွန်တော်တို့ က ..."

ဘရန့်က လက်မြှောက်ပြသည် ။

"လုံလောက်ပြီ ကိုင်းဆဲလ်"

သူသည် အတန်ကြာမျှ ငြိမ်ဆိတ်နေသည် ။

"ဒီအကြောင်းတွေကို မဆွေးနွေးဘဲနေတာ မကောင်းဆုံးဖြစ်မယ်လို့ ငါထင်တယ်။ ဒါတွေကို ဆွေးနွေးလိုက်ရင် ငါတို့ အတွက် လုပ်ရကိုင်ရ ပိုပြီး ခက်လာဖို့ ပဲ ရှိမယ်"

ဘရန့်သည် သက်ပြင်းတစ်ချက်ချကာ ထိုင်ရာမှ ထသည် ။

"နေ့ခင်းကျရင် မင်း ငါနဲ့ လိုက်ခဲ့ဦး။ တပ်တွေရဲ့ အခြေအနေကို ငါ ကိုယ်တိုင် လိုက်ကြည့်ချင်တယ်"

"ကျွန်တော် လာခဲ့ပါ့မယ်"

ကိုင်းဆဲလ်က ဖြေသည် ။ ဘန်ကာထဲမှ အထွက်တွင် နောက်သို့ တစ်ချက်လှည့်ကြည့်သည် ။ ဘရန့်သည် သူ့စားပွဲတွင် ပြန်ထိုင်ကာ မျက်နှာကို သူ့လက်ဖဝါးနှစ်ဖက်တွင် အပ်ပြီး ခေါင်းငိုက်စိုက်ချထားသည် ကို မြင်ရ၏။ သူတို့ ဆင်နွှဲလျက်ရှိသော စစ်ပွဲသည် မဝေးကွာလှသော အချိန်တွင် အဆုံးသတ်ပေတော့မည်။ မည်ကဲ့သို့ အဆုံးသတ်လိမ့်မည်နည်းဟူသော မေးခွန်းအတွက် အဖြေလည်း ထွက်ပြီးပြီ။ အမှန်တော့ ထိုအခြေကို သူတို့ နှစ်ဦးစလုံး သိနေကြပြီး ဖြစ်၏။ ထိုအသိကို ဆက်လက်ဟန်ဆောင်ပြီး ဖုံးကွယ်ထားဖို့ မလိုတော့။

***

ထရန်စကီးက စကားစပြောသည် ။ သူ့အသံမှာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်။ လေယူလေသိမ်းကတော့ ခပ်မြင့်မြင့်။

"ဒီအစည်းအဝေးမှာ စစ်ဆင်ရေးဗျူဟာကို အသေးစိတ်ပြောပြနေဖို့ မလိုဘူးလို့ ထင်တယ်။ တပ်က နေ့စဉ်ထုတ်ဝေနေတဲ့ သတင်းလွှာတွေကို မှန်မှန်ဖတ်သွားရင် တိုးတက်ဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ ရင်ပေါင်တန်းပြီး လိုက်နိုင်နေလိမ့်မယ်ဆိုတာ အထူးပြောပြနေဖို့ မလိုတော့ဘူး"

မိုင်းယားက ချောင်းတစ်ချက်ဆိုးလိုက်မိသဖြင့် ထရန်စကီး၏ တင်းမာသော မျက်နှာထားဖြင့် ကြည့်ခြင်းကို ခံလိုက်ရ၏။ မာကယ်လ်က သူ့လက်နှစ်ဖက်ကို ဒူးခေါင်းတွင် ပိုက်ကာ စိတ်အေးနားအေး ထိုင်လျက်။ ဂေါ်ဆားနှင့် ချာဝါဖီးဂျားတို့ နှစ်ယောက်ကတော့ ပျင်းရိငြီးငွေ့သော မျက်နှာပေးဖြင့် ကြမ်းပြင်ကို ငေးစိုက်နေကြသည် ။

"ကျေးဇူးပြုပြီး မြေပုံယူပေးစမ်း"

ထရန်စကီးက ပြောသည် ။ ထရိုင်းဘစ်က သုတ်သီးသုတ်ပျာ ထသွားပြီး မြေပုံတစ်ချပ်ယူကာ နံရံတွင် ချိတ်ပေးသည် ။ ထရန်စကီးက မြေပုံဆီသွားသည် ။ ထရိုင်းဘစ်က သူ့နေရာသူ ပြန်မထိုင်သေးခင် စကားကို ဆက်မပြောသေးဘဲ ရပ်စောင့်နေသည် ။

"ဒါပေမဲ့လို့ ငါတို့ ရဲ့ လက်ရှိအခြေအနေကိုတော့ နည်းနည်းရှင်းပြဖို့ လိုလိမ့်မယ်။ ရော့စတော့ကို ဖြတ်ပြီး ဆုတ်ခွာလာခဲ့ရတဲ့ တပ်တချို့ဟာ

မြောက်ဘက်ပိုင်းတစ်နေရာမှာ တပ်စွဲပြီး ရန်သူတွေကို ခုခံတိုက်ခိုက်ဖို့ အသင့်ပြင်ထားသည် ။ ဒီနေရာတွေကတော့ ..."

သူ့လက်ညှိုးသည် မြေပုံပေါ်မှ နေရာတစ်နေရာကို ထောက်ပြသည် ။

"တာဂျန်ရော့မြို့ရဲ့ အရှေ့ဘက်မှာ ရှိတယ်။ လက်ရှိအခြေအနေအရ ရှေ့တန်းတပ်တွေရဲ့ အနေအထားဟာ ပြန်ပြီး ခိုင်မာ လာပြီလို့ ပြောနိုင်တဲ့ အခြေအနေရောက်နေပြီ။ တပ်မဟာဌာနချုပ်ကတော့ ကူဘန်းတံတားထပ် ခံတပ် ရန်သူ့လက်ထဲမကျအောင် ထိန်းသိမ်းထားရေးဟာ အလွန်လိုအပ်တဲ့ အချက်တစ်ချက်လို့ ယူဆထားတယ်။ အနာဂတ်ကာလ ထိုးစစ်ဆင်တဲ့ အခါမှာ စစ်ဆင်ရေးနည်းဗျူဟာအရ အလွန်အရေးပါအရာရောက်တဲ့ နေရာတစ်ခုဖြစ်လာလိမ့်မယ်လို့ တွက်ထားတဲ့ အတွက် ဒီခံတပ်ကို အလေးအနက် ပြုထားခြင်းဖြစ်တယ်"

"ပေါက်တတ်ကရစကားတွေ"

မိုင်းယားက ရွံ့ရှာစက်ဆုပ်သော စိတ်ဖြင့် တွေးသည် ။ အနာဂတ်ထိုးစစ်တဲ့ ။ အရူးစကား။ ထိုးစစ်ဆင်နိုင်ဖို့ အတွက် လူနှင့်ပစ္စည်း ဘယ်ကရမှာ လဲဟု ဆက်တွေးသည် ။ အခြားအရာရှိတွေ၏ မျက်နှာကို မိုင်းယားက အကဲခတ်သည် ။ သူတို့ မျက်နှာများ သည် ထရန်စကီး၏ စကားကို မယုံကြည်ကြောင်း ဖော်ပြနေကြလေသည် ။

အရာရှိများ ၏ သံသယစိတ်ကို ရိပ်မဟန်တူ၏။ ထရန်စကီး၏ အသံသည် စောစောကထက် ကျယ်လောင်စူးရှလာသည် ။

"ကူဘန်းတံတားထိပ်ခံတပ်ကနေပြီး ပြန်စမယ့် ငါတို့ ရဲ့ ထိုးစစ်အသစ်ဟာ မြောက်ဘက်တစ်လွှားကို ဖြန့်တက်သွားမယ်။ အဲဒီအခါမှာ ရုရှားတွေရဲ့ တောင်ဘက် ရှေ့တန်းစစ်မျက်နှာတစ်ခုလုံး ဖရိုဖရဲဖြစ်သွား

လိမ့်မယ်။ ဒီထိုးစစ်ဟာ ရုရှားတပ်တွေကို နောက်ကျောက ဓားနဲ့ ထိုးသလို ဖြစ်လိမ့်မယ်။ ဒီထိုးစစ်ကပဲ စစ်ရဲ့ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးလိမ့်မယ်"

"တပည့်တော်တို့ ကို ကယ်တော်မူပါဘုရား"

ဗိုလ်မာကယ်လ်က တီးတိုးရေရွတ်သည် ။ ချာဝါဖီးဂျားက ပြောင်စပ်စပ်မျက်နှာပေးဖြင့် ခေါင်းတစ်ချက် ညိတ်သည် ။ ဂေါဆားက ပြုံးမိမည်စိုးသဖြင့် သူ့မျက်နှာကို လက်ဝါးနှင့် သပ်လိုက်သည် ။

"ငါတို့ ဘက်က တွက်ထားရမှာ က ..."

ထရန်စကီးက သူ့စကားကို ဆက်သည် ။

"ဒီအန္တရာယ်ကို မြင်နေတဲ့ ရန်သူဟာ သူတို့ နောက်က ရောက်လာမယ့်ဘေးကို မကျရောက်အောင် ကာကွယ်ကြလိမ့်မယ်။ ငါတို့ ရဲ့ လက်ရှိဆစ်ဖရိုင်းစစ်မျက်နှာကိုလည်း ရန်သူ့လက်မရောက်သွားအောင် ထိန်းသိမ်းထားဖို့ လိုတယ်"

ထရန်စကီးသည် သူ့မျက်နှာကို မြေပုံပေါ်မှ ခွာလိုက်သည် ။

"လောလောဆယ် ငါတို့ လုပ်ရမှာ က ငါတို့ တပ် အခုတပ်စွဲထားတဲ့ နေရာကို အခိုင်အခန့်ဖြစ်အောင် လုပ်ဖို့ ပဲ။ ဒီမှာ လုပ်ရမယ့်အလုပ်တွေကို မြန်မြန်ဆန်ဆန် ပြီးသွားအောင် ကိုယ့်တပ်သားတွေကို အစွမ်းကုန်ဖိအားပေးရမယ်။ ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့ "

ထရန်စကီးသည် သူ့စကားကို အဆုံးသတ်လိုက်ပြီး တပ်ခွဲမှူး တစ်ဦးစီး၏ မျက်နှာကို စေ့စေ့စပ်စပ် လိုက်ကြည့်သည် ။ အခုတော့လည်း သူ့လူများ သည် သူ့စကားအပေါ် အလေးအနက်ထားလာကြပုံပေါ်၏။

မိုင်းယားက ချောင်းတစ်ချက်ဟန့်လိုက်ပြီး မေးသည် ။

"ရေယာဉ်ဆိပ်က ဘယ်မှာ ရှိမလဲ"

ထရန်စကီးက မြေပုံဘက် ပြန်လှည့်ကြည့်သည် ။

"ငါတို့ မှာ ရေယာဉ်တွေဆိုက်ဖို့ နေရာနှစ်နေရာ ရှိတယ်။ ပထမနေရာတစ်ခုက တာမန်စကားရားနားမှာ ။ ဒုတိယနေရာက ဆားငန်ရေပေါက်နေတဲ့ နုန်းမြေပြင်ရဲ့ အနောက်ဘက်မှာ ။ အခုအချိန်အထိ ရေယာဉ်အစီးပေါင်း ခြောက်စီး တာဝန်ချထားတယ်။ ရေလက်ကြားကို ဖြတ်ရင် အချိန်တစ်နာရီလောက်ကြာတယ်။ နောက်ဆုံးရထားတဲ့ သတင်းအရ မိုင်းထိလို့ တစ်စင်း၊ အနိမ့်ပျံလေယာဉ်တွေရဲ့ လက်ချက်ကြောင့် တစ်စင်း၊ အားလုံး နှစ်စင်းမြုပ်သွားပြီ။ ငါတို့ ရေယာဉ်တွေကို တိုက်ဖို့ ရုရှားတွေက ရေငုပ်သင်္ဘောတွေ လွှတ်လိမ့်မယ်လို့ မျှော်လင့်ရတယ်"

"သိပ်ကောင်းတဲ့ အလားအလာပဲ"

မာကယ်လ်က မလိုတမာအသံဖြင့် ရေရွတ်သည် ။

"သူတို့ ဘက်က ရေငုပ်သင်္ဘောတွေလွှတ်ရင် ကျွန်တော်တို့ ဘက်က ဘယ်လိုလုပ်ဖို့ စိတ်ကူးထားသလဲ"

"အချိန်ကျလာရင် သင့်တော်တဲ့ ကာကွယ်မှုတွေကို လုပ်မယ်"

ထရန်စကီးက ခပ်တင်းတင်း ဖြေသည် ။ သို့သော်လည်း သူ ဖြေပုံက မတင်မကျ။

စိတ်လက်မသက်မသာဖြစ်သော မျက်နှာထားဖြင့် ဘေးမှ နားထောင်နေသော ဂေါ်ဆားက တစ်ခွန်းဝင်မေးသည် ။

"အင်အား ထပ်ဖြည့်ဖို့ အရန်တပ်ကကော ဘယ်လိုလဲ"

ထရန်စကီးက မြေပုံဆီ လျှောက်သွားပြန်သည် ။

"ကန်းစကိုးရီးမြို့ရဲ့ အနောက်ဘက်ဒေသမှာ တပ်စွဲထားတဲ့ တိုက်ခိုက်ရေးတပ်ရှိတယ်။ တပ်မဟာက လိုအပ်တဲ့ အချိန်မှာ အသုံးပြုမယ်။ နောက်တစ်ချက် ခရီးလမ်းပန်း အဆက်အသွယ်ကောင်းဖို့ အတွက် အရေးပေါ် နှစ်လမ်းဖောက်ဖို့ စီစဉ်ထားပြီးပြီ။ အင်ဂျင်နီယာတပ်ခွဲတွေက လုပ်ငန်းကို စလုပ်နေပြီ။ နောက်တစ်ခုက နိုဗိုရှော့စီးမြို့ရဲ့ မြောက်ဘက်မှာ လေယာဉ်ကွင်းတစ်ခု ဆောက်မယ်။ ကဲ ... မေးစရာ ဘာရှိကြသေးလဲ"

တပ်ခွဲမှူးအားလုံး မြေပုံအနီးတွင် စုရပ်လာကြသည် ။ တံတားထပ်ခံတပ်၏ အခြေအနေကို တစ်ယောက်တစ်ပေါက် ဝိုင်း၍ ဆွေးနွေးကြသည် ။ မိုင်းယားက ထရန်စကီးဘက်သို့ လှည့်ကြည့်သည် ။

"တကယ်လို့ ရုရှားတပ်တွေက တာဂျန်ရော့ တစ်ဖက်အထိ တက်လာပြီး ပီးရီးကော့ပ်ကျွန်းဆွယ်ကို သိမ်းမိသွားရင် ..."

မိုင်းယားက စကားကို ဆက်မပြောဘဲ ရပ်ထားသည် ။ မျက်မှောင်ကုတ်ပြီး စဉ်းစားသလို လုပ်နေသော ထရန်စကီးကို အားလုံးက ဝိုင်း၍ အကဲခတ်နေကြသည် ။ တပ်ခွဲမှူးအချင်းချင်း အဓိပ္ပာယ်လေးနက်သော မျက်လုံးများ ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည် ။

ထရန်စကီး၏ လက်ညှိုးသည် မြေပုံပေါ် ပြန်ရောက်သွားသည် ။

"မင်းမြေပုံပေါ်မှာ မြင်ရတဲ့ အတိုင်းပဲ ဟာမိုင်းယား။ တာဂျန်ရော့ဟာ ပီးရီးကော့ပ်ကျွန်းဆွယ်ရဲ့ အရှေ့ဘက် မိုင်နှစ်ရာအကွာလောက်မှာ ရှိတယ်။ မင်းခုနကပြောသလို ဖြစ်ဖို့ ဆိုတာ ရန်သူဘက်မှာ အချိန်အများကြီး ရဖို့ လိုတယ်။ ဒီတော့ကာ တပ်မဟာက လိုအပ်တဲ့ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ဖို့ အချိန်အများကြီး ရှိနေသေးတယ်"

"စတာလင်ဂရက်မှာ လုပ်ခဲ့သလို လုပ်မှာ မျိုးလား"

မာကယ်လ်က ဖြတ်မေးသည် ။

ထရန်စကီးက မာကယ်လ်ဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည် ။

"ဒီမှာ ဗိုလ်မာကယ်လ်၊ မင်းအထက်က တာဝန်ရှိပုဂ္ဂိုလ်တွေဟာ မင်းထက်ပိုပြီး အရည်အချင်းနဲ့ ပြည့်စုံတဲ့ လူတွေပါ။ မင်းပူစရာ မလိုပါဘူး။ တပ်ခွဲမှူးတစ်ယောက် လှုပ်ရှားရတဲ့ နယ်ပယ်ဟာ အင်မတန်ကျဉ်းမြောင်းပါတယ်"

သူသည် တပ်ခွဲမှူးများ နှင့် တစ်လှမ်းမျှခွာ၍ ရပ်လိုက်သည် ။

"နယ်မြေအတွင်း တည်ဆောက်ရေးလုပ်ငန်းတွေရဲ့ တိုးတက်မှုအခြေအနေကို ဒီကနေ့ ၁၇:၀၀ နာရီမှာ တယ်လီဖုန်းနဲ့ အစီရင်ခံကြရမယ်။ ကဲပြီးပြီ ... ဒါပဲ"

သူသည် လက်တစ်ဖက်ကို ငေ့ယမ်း၍ အစည်းအဝေးပြီးပြီဟူသော အရိပ်လက္ခဏာကိုပြသည် ။

တပ်ခွဲမှူးများက အလေးပြုသည် ။ ထရိုင်းဘစ်က သူတို့ အား ဘန်ကာတံခါးဝအထိ လိုက်ပို့သည် ။ အပြင်ရောက်တော့ လူစုခွဲကြသည် ။ မိုင်းယားနှင့် ဂေါ်ဆားတို့ နှစ်ယောက်က တစ်တွဲ။ တပ်ခွဲရုံးသို့ ပြန်ရောက်လာချိန်အထိ နှစ်ဦးသား စကားမပြော။ ကိုယ့်အတွေးနှင့်ကိုယ်။ ဂေါ်ဆားက စမေးသည် ။

"သူပြောသွားတာတွေ ခင်ဗျား ဘယ်လိုသဘောရသလဲ"

"ဝေဖန်ဖို့ မလိုတော့ပါဘူး"

ဂေါ်ဆားက ရယ်သည် ။ သူတို့ သည် ဘန်ကာထဲဆင်းသည့် လှေ

ကားထိပ်တွင် အတန်ကြာမျှ ရပ်နေမိကြသည် ။ နေကတော့ အညာအ တာ ကင်းမဲ့စွာ ပူပြင်းနေဆဲ။

"အခုလိုကြီး ငြိမ်ဆိတ်နေတာကို ကျွန်တော် လုံးဝမကြိုက်ဘူးဗျာ"

ဂေါ်ဆားက တောအုပ်ဘက်သို့ တစ်ချက်သို့ တစ်ချက်မျှော်ကြည့်ကာ ပြောသည် ။

"ကျွန်တော်လည်း မကြိုက်ဘူး"

မိုင်းယားက ထောက်ခံသည် ။

"အမှန်အတိုင်းသာ ပြောရမယ်ဆိုရင် ... ဒီနေရာကို ရှရှားတွေ ရော က်သင့်နေတာကြာပြီ။ သူတို့ အတွက် ဒီတောင်ကုန်းဟာ အင်မတန် သာ ယာလှပတဲ့ ပစ်ကွင်းတစ်ခုပဲ"

"ဒါပေါ့"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည် ။

"ကျွန်တော်တို့ အတွက် အကောင်းဆုံးဖြစ်လာဖို့ ပဲ မျှော်လင့်ကြပါစို့ ရဲ့ ဗျာ"ဟု မိုင်းယားက ပြောသည် ။

ဂေါ်ဆားက ခေါင်းကို ဖြည်းညင်းစွာ ညိတ်သည် ။

"ကျွန်တော်တို့ အဖို့ မျှော်လင့်ချက်ကတော့ နည်းနည်းပဲရှိမယ်"

သူသည် တုံ့ဆိုင်းနေသည် ။ ထို့နောက် မိုင်းယားဘက်သို့ လက်တစ် ဖက် ဆန့်ပေးသည် ။

"ကျွန်တော် ခဏပြန်နားလိုက်ဦးမယ်"

သူသည် သူ့ဘန်ကာဘက်သို့ ခေါင်းငုံ့၍ လေးကန်သော ခြေလှမ်းများ ဖြင့် လျှောက်သွားသည် ။ ခပ်လှမ်းလှမ်းရောက်တော့ နော

က်ပြန်လှည့်ကြည့်သည် ။

"စတိုင်းနား ပြန်ရောက်လာမှာ ပါ။ စိတ်မပူပါနဲ့ "

မိုင်းယားက ပြုံးသည် ။ ဂေါ်ဆားသည် ကတုတ်ကျင်းတစ်ခုအကွယ်တွင် ဝင်ရောက်ပျောက်ကွယ်သွားသည် ။ သူသည် သက်ပြင်းတစ်ချက်လေးလေးတွဲ့တွဲ့ ချလိုက်မိ၏။ အခုအချိန်တွင် စတိုင်းနားနှင့် သူ့တပ်စုသည် မည်သည့်နေရာတွင် ရောက်ရှိနေကြသနည်း။

***